ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အကျိုးလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက်ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၁၀၉)

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် တနင်္လာနေ့ | 16, Monday May 2016 | (၈၅၆၃)

# နိုင်ငံပိုင်မီဒီယာများကို ပြည်သူနှင့် အစိုးရအကြား ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် အသုံးပြုသွားမည်

စာမျက်နှာ - ၂



တရုတ်နိုင်ငံ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အသုံးပြုလျက်ရှိသော ဒရုန်းယာဉ်အား တွေ့ရစဉ်။

# မီးငြိမ်းသတ်ရာတွင် ဒရုန်းများ အသုံးပြုဆောင်ရွက်မည်

## မီးငြိမ်းသတ်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တိုက်ရိုက်ရှာဖွေကြည့်ရှုကွပ်ကဲနိုင်

**သတင်း - ရဲဝင်း**

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၊ မောင်းသူမဲ့လေယာဉ်သုတေသနဌာနနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းကာ မီးငြိမ်းသတ်ရာတွင် ဒရုန်းများအသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်းသူမဲ့လေယာဉ် သုတေသနဌာန ဒုတိယပါမောက္ခ ဒေါက်တာသဲမောင်မောင်က ပြောသည်။

မီးသတ်ခြင်းလုပ်ငန်းများတွင် မောင်းသူမဲ့လေယာဉ် (Drone)အသုံးပြုဆောင်ရွက်ခြင်းဖြင့် မှန်ကန်တိကျသည့် မီးလောင်သည့်နေရာကို အပေါ်စီးမြင်ကွင်းမှ တိုက်ရိုက်သိရှိနိုင်ခြင်း၊ အချိန်တိုအတွင်း မီးသတ်ယာဉ်များနှင့် တပ်ဖွဲ့အင်အားကို အသင့်တော်ဆုံးလမ်းကြောင်းများတွင် နေရာချဆုံးဖြတ်ရွေးချယ်ပေးနိုင်ခြင်း၊ မီးငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တိုက်ရိုက်ရှာဖွေကြည့်ရှုကွပ်ကဲနိုင်ခြင်း၊ မီးကူးစက်နိုင်မှုအခြေအနေအား တိုက်ရိုက်ကြည့်ရှုအကဲဖြတ်ကွပ်ကဲနိုင်ခြင်း၊ မီးငြိမ်းသတ်ရန် အန္တရာယ်များသည့်နေရာများတွင် အသုံးချငြိမ်းသတ်နိုင်ခြင်း၊ မီးငြိမ်းသတ်ပြီးနောက် မီးကြွင်းမီးကျန်များ ရှာဖွေခြင်းနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများသုံးသပ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# မီးနှစ်ကြိမ်သင့်ခဲ့သည့် မင်္ဂလာဈေးကြီးအား အသစ်ပြန်လည်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဈေးသူဈေးသားများ ဆန္ဒမဲပေးဆုံးဖြတ်မည်

**ရန်ကုန် မေ ၁၅**

မီးဘေးအန္တရာယ်နှင့် နှစ်ကြိမ်တိုင် ကြုံတွေ့ခဲ့ရသည့် ရန်ကုန်မြို့ မင်္ဂလာဈေးကြီးအား အသစ်ပြန်လည်တည်ဆောက်ခြင်းပြု၊ မပြုကို မေလ ၁၆ ရက်နေ့တွင် ဈေးသူဈေးသားများက ဆန္ဒမဲပေးကာ ဆုံးဖြတ်မည်ဖြစ်ကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင် မီးလောင်ကျွမ်းမှုအကြီးအကျယ် ဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးမှုကြီးမားသော ဈေးကြီးများ၏မီးလောင်မှုတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည့် မင်္ဂလာဈေးကြီးသည် ယခုနှစ် နှစ်ဆန်းပိုင်းတွင် ဒုတိယအကြိမ်မီးဘေးသင့်ခဲ့ရပြီး ဆိုင်ခန်းပေါင်း ၁၆၀၀ ကျော်နှင့်ကျပ်သိန်းပေါင်း သုံးသောင်းကျော် ဆုံးရှုံးခဲ့ရသည်။ အဆိုပါ မီးဘေးနှစ်ကြိမ်သင့် ဈေးကြီးအား အသစ်ပြန်လည်တည်ဆောက်ရန် ဈေးသူဈေးသားများက ဆန္ဒရှိနေကြသလို လက်ရှိဈေးကြီးအား ပြန်လည်ပြုပြင်မွမ်းမံကာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## လျှပ်စစ်မီးတိုးပေးရန်နှင့် လောင်စာဆီဖြန့်ဖြူးရေးမှာ အစိုးရသစ် ဘာတွေ လုပ်ဆောင်မှာလဲ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရက် ၁၀၀ စီမံကိန်း



စာမျက်နှာ - ၁၆၊ ၁၇



# ကြေးမုံ

## ရန်ကုန်မြို့ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် အထပ်မြင့်အဆောက်အအုံစီမံကိန်းများ

အစိုးရသစ်ဖွဲ့စည်းပြီးသည့်နောက် ပြည်သူလူထုအကျိုးစီးပွားကို ဦးတည်သည့် စီမံဆောင်ရွက်ချက်များဖြင့် ထင်သာမြင်သာလှုပ်ရှားမှုများရှိနေသော အဖွဲ့အစည်းများထဲမှ တစ်ခုသောအဖွဲ့အစည်းမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဖြစ်ပါ၏။ အစိုးရအဖွဲ့ ဖွဲ့စည်းပြီး ရက်ပိုင်းမျှသာရှိသေးသော ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ သင်္ကြန်ကာလ ရေသုံးစွဲမှု အလွန်အကျွံမဖြစ်ရေးနှင့် အရက်သေစာသောက်စားမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုတို့ကို သတိထားထိန်းကွပ်လုပ်ဆောင်နိုင်ခဲ့သည့် အစိုးရအဖွဲ့အဖြစ် (အငြင်းပွားမှုများစွာရှိနေသည့်ကြားက) လူထုမြင်ကွင်းထဲ၌ ပေါ်ပေါ်လွင်လွင်ရှိခဲ့ပါ၏။

ယခုအခါ ၁၄ မေ ၂၀၁၆ ရက်စွဲဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခွင့်နှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်ကို တွေ့ရပါသည်။ ယခင်က ကိုးထပ်မှ တစ်ဆယ့်နှစ်ထပ်ခွဲအထိ အဆောက်အအုံများ ဆောက်လုပ်ခွင့်ကို ရန်ကုန်မြို့တော်စည်ပင်က ခွင့်ပြုပေးခဲ့ပြီး တစ်ဆယ့်သုံးထပ်နှင့်အထက်အဆောက်အအုံများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးများကစိစစ်ပြီး မူအားဖြင့် ခွင့်ပြုပေးခဲ့ကြောင်း၊

- ယင်းသို့ မူအားဖြင့် ခွင့်ပြုခဲ့သော အဆောက်အအုံများကို အထပ်မြင့်အဆောက်အအုံဆောက်လုပ်မှု စံချိန်စံညွှန်းများ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ကလည်းကောင်း၊ အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ကလည်းကောင်း၊ စိစစ်ပြီး ထောက်ခံချက်များရရှိပြီးမှသာ မြို့တော်စည်ပင် အင်ဂျင်နီယာဌာနက ဆောက်လုပ်ခွင့်များကို အတည်ပြုထုတ်ပေးလျက်ရှိပါကြောင်း၊

- ယခုအခါ မြို့ပြအင်္ဂါရပ်ဖွံ့ဖြိုးမှုများနှင့် ကိုက်ညီစေရန် ပိုမိုစနစ်ကျစေရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းပြီး အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့်ကို အသေးစိတ် စိစစ်သွားမည်ဖြစ်ကြောင်း၊

- ရန်ကုန်နယ်နိမိတ်အတွင်းရှိ မူအားဖြင့် ခွင့်ပြုချက်ရရှိထားပြီး မြို့တော်စည်ပင်က အပြီးသတ်အတည်ပြုထုတ်ပေးသော ဆောက်လုပ်ခွင့်ပြုမိန့်မရရှိသေးသည့် အထပ်မြင့်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားကြရန်နှင့် အဆိုပါအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဆောက်လုပ်ခွင့်ပြုသွားမည်ဟူ၍ ဖြစ်ပါသည်။

ပြည်သူလူထုတို့ ကြိုဆိုကြမည့် ကြေညာချက်တစ်ခုဖြစ်ခဲ့ပါသည်။ ယခုကဲ့သို့ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်မှုကို ပြန်လည်စိစစ်ပေးမည်ဆိုသည့် လုပ်ငန်းအစီအစဉ်များတွင် နစ်နာသူများလည်း ရှိနေမည်ဖြစ်သည့်အတွက် အဆိုပါကြေညာချက်ကို ဆန့်ကျင်ငြင်းဆန်သူများလည်းရှိလိမ့်မည်ဟု ယူဆပါသည်။ သို့သော်လည်း အဓိကထားစဉ်းစားရမည်မှာ ယခုစီမံကိန်းများပါ အထပ်မြင့်အဆောက်အအုံများကို ခွင့်ပြုခြင်းအားဖြင့် မည်သူတွေ အကျိုးစီးပွားပိုမိုဖြစ်ထွန်းသလဲဆိုသည်ကို ဘက်စုံထောင့်စုံမှ ဆန်းစစ်ရန် လိုပါမည်။ အထူးသဖြင့် ရေရှည်အကျိုးစီးပွားကို ဦးတည်ရပါမည်။ အများပြည်သူတို့အတွက် မည်မျှလောက် အကျိုးရှိ၍ မည်မျှထိ နစ်နာသွားနိုင်သလဲဆိုသည်ကို အလေးအနက်စိစစ်ရမည် ဖြစ်ပါသည်။ ဤအထပ်မြင့်အဆောက်အအုံစီမံကိန်းများကို ယခင်စိစစ်ခဲ့စဉ်က မည်မျှလောက် ပြည်သူလူထု၏ အကျိုးစီးပွားပေါ် မျှော်မှန်းခဲ့သလဲ၊ မည်မျှလောက် အဂတိကင်းရှင်းခဲ့ကြသလဲ၊ မည်မျှလောက် သဘာဝပတ်ဝန်းကျင်နှင့် မြို့ပြအမွေအနှစ်ဆိုင်ရာထိခိုက်မှုများကို အနည်းဆုံးဖြစ်အောင် ဂရုပြုခဲ့သလဲ၊ မည်မျှလောက် ပြည်သူ့မြေများ အလွဲသုံးဖြစ်ခဲ့သလဲ၊ မည်မျှလောက် ဆောက်လုပ်စဉ်နှင့် ဆောက်လုပ်ပြီးကာလတို့အတွက် အများပြည်သူ အန္တရာယ်မဖြစ်စေရေးကို ဂရုစိုက်ဆောင်ရွက်ရန် အာမခံချက်ပေးနိုင်သလဲ စသည်တို့ကို ပြန်လည်စိစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။

အရေးကြီးဆုံးသည်ကား ပြည်သူလူထုအများစု၏ ရေရှည်အကျိုးစီးပွားကို အထောက်အပံ့ဖြစ်ရေးနှင့် ပြည်သူ့ရပိုင်ခွင့်များအပါအဝင် ပြည်သူတို့၏ဘဝများ လုံခြုံအေးချမ်းသာယာစွာနေနိုင်မှုကို ထိခိုက်မှုမရှိရေးဟူသည့်ရည်မှန်းချက်ကို ပိုင်ပိုင်နိုင်နိုင်ထား၍ စိစစ်ဆုံးဖြတ်ကြရန်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

# နိုင်ငံပိုင်မီဒီယာများကို ပြည်သူနှင့် အစိုးရအကြား ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် အသုံးပြုသွားမည်



**ရန်ကုန် မေ ၁၅**

အစိုးရအနေဖြင့် ပေးလိုသည့်သတင်းအချက်အလက်များကို တစ်ဖက်သတ်ပေးဝေနေသည့် ပုံစံမျိုးမဟုတ်ဘဲ အများပြည်သူ၏ လိုလားချက်များ၊ မလိုလားချက်များ၊ အများပြည်သူအကြားရှိ အစိုးရနှင့် မူဝါဒချင်းမတူညီကြသူများ၏ အမြင်များကို ပြန်ကြားရေးဝန်ကြီးဌာနမှ ရုပ်/သံနှင့် ပုံနှိပ်မီဒီယာများတွင် ထည့်သွင်းဖော်ပြပြီး ပြည်သူနှင့် အစိုးရအကြား ဆက်သွယ်နေသည့် လမ်းကြောင်းအဖြစ် အသုံးပြုသွားမည်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အစိုးရ၏ ပြန်ကြားရေးမူဝါဒကို ပြောကြားသည်။

မေ ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် ပြုလုပ်သည့် မြန်မာ့မီဒီယာမူဝါဒဆိုင်ရာ "Policy Dialogue" ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ်ဆွေးနွေးပွဲတွင် နိုင်ငံပိုင်မီဒီယာများနှင့် ပတ်သက်ပြီး အစိုးရသစ်၏ ရပ်တည်ချက်သဘောထားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက "အစိုးရမီဒီယာလို့ ခေါ်နေတဲ့ မီဒီယာတွေကို ပြည်သူနဲ့ အစိုးရအကြား ဆက်သွယ်နေတဲ့ လမ်းကြောင်းအဖြစ် အသုံးပြုနေတာ ဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ ရပ်တည်ပုံသဘောထားကို ဖော်ပြချင်ပါတယ်။ ပြည်သူကို မျက်နှာမူဖို့ဆိုတဲ့ အချက်ကို ဖြစ်ပါတယ်။ ပြည်သူရဲ့ ပြောဆိုချက်တွေကို နားထောင်မှတ်သားရပါတယ်။ ပြည်သူက မေးမြန်းလာတာတွေနဲ့ ဝေဖန်ထောက်ပြတာတွေကို ရှင်းလင်းဖြေကြားဖို့၊ မေးမြန်းချက်နဲ့ ဝေဖန်ထောက်ပြတာတွေကို နားထောင်ပြီး ပြုပြင်မှုတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ပြည်သူရဲ့ သဘောထားများကို လွှတ်တော်များ၊ အစိုးရများက ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ပေးခြင်းဖြင့် ပိုပြီးဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်လာမယ်။ ပြည်သူကိုမျက်နှာမူတဲ့ မီဒီယာမျိုးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် "Policy Dialogue"တွင် မြန်မာနိုင်ငံ၏မီဒီယာဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံပိုင်မီဒီယာများ၏ အကူးအပြောင်း၊ မြန်မာနိုင်ငံရှိ ရုပ်သံ၊ ရေဒီယို မီဒီယာလုပ်ငန်းဟူသည့် ကဏ္ဍသုံးခုအတွက် အဓိကထားပြီး ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

တိုင်းရင်းသားမီဒီယာများ၏ လက်ရှိအခြေအနေများ၊ တိုင်းရင်းသားမီဒီယာများတွင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ အမျိုးသားရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ဆက်စပ်လိုအပ်သည့် တိုင်းရင်းသားမီဒီယာများ ရှင်သန်ရန် အားပေးကူညီရေး၊ သတင်းစာပညာသင်တန်းများနှင့် သင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် Data Journalism ဖွံ့ဖြိုးလာရေး၊ မီဒီယာနယ်ပယ်ရှိ ခေါင်းဆောင်မှုကဏ္ဍတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု၊ သတင်းမီဒီယာစာကြည့်တိုက်များ ပေါ်ပေါက်လာရေး၊ မီဒီယာဥပဒေဆိုင်ရာ ကျွမ်းကျင်သူများပေါ်ပေါက်လာရေး စသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် ပြုလုပ်သည့် "Policy Dialogue" အပေါ် ActionAid Myanmar မှ Country Director ဖြစ်သူ Mr. Shihab Uddin Ahmad က "ဒီနေ့ ဆွေးနွေးမှုဟာ သတင်းမီဒီယာကောင်စီရဲ့ လုပ်ဆောင်ချက်တွေရဲ့ မူဝါဒတွေကို ပိုပြီးပံ့ပိုးပေးနိုင်မယ်လို့ ထင်ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ မီဒီယာအဖွဲ့အစည်းက ခေါင်းဆောင်တွေ တက်ရောက်ကြတဲ့အတွက် အကျိုးရှိမယ်လို့ ထင်ပါတယ်။ ကွဲပြားတဲ့ ဆွေးနွေးမှုတွေ၊ နောက်ခံအကြောင်းအရာတွေ၊ ကျယ်ပြန့်တဲ့လူတွေရဲ့ အသံတွေကို နားထောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာ အစိုးရဘက်က မူဝါဒတွေကိုလည်း ရှင်းပြပေးနိုင်မယ်ထင်တယ်။ ယေဘုယျအကြောင်းအရာတွေကို ပထမဆွေးနွေးပွဲမှာ ဆွေးနွေးခဲ့ကြတယ်။ ဒီတစ်ကြိမ်မှာ ပိုပြီးအာရုံစိုက်ပြီး မူဝါဒအရ အကြံပြုချက်တွေ ထွက်လာမှာဖြစ်ပါတယ်" ဟု သုံးသပ်သည်။

ပထမအကြိမ် သတင်းမီဒီယာဆိုင်ရာ "Policy Dialogue" ကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ယခုကျင်းပခဲ့သည့် ဒုတိယအကြိမ် "Policy Dialogue" ကို ဆွီဒင်သံရုံး၏ပံ့ပိုးမှုဖြင့် သတင်းမီဒီယာကောင်စီ၊ မဇ္ဈိမမီဒီယာနှင့် ActionAid တို့က ပူးပေါင်းစီစဉ် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ဆွေးနွေးပွဲသို့ ပြည်တွင်းပြည်ပမီဒီယာ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ သံရုံးများ၊ ပြည်တွင်း ပြည်ပ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပြည်ပမှ မီဒီယာရေးရာ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

**သတင်း - မြတ်သန္တာမောင်၊ ဝင်းဝင်းမော်**
**ဓာတ်ပုံ - သတင်းစဉ်**




**စာအုပ်စာပေ လူ့မိတ်ဆွေ**


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်း
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၉ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၅၊ စီပ်/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဝိုင်းဝန်းအားထည့်ဖို့ လိုအပ်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်

**အောင်ကျော်အေးချမ်း**

အစိုးရသစ်တစ်ရပ်အတွက် လုပ်ရိုးလုပ်စဉ် လုပ်ငန်းများဖြစ်တဲ့ အာဏာတည်ဆောက်ခြင်း (သို့) ပြန်တည်ခြင်းကိစ္စရပ်တွေ ပြီးဆုံးသလောက် ဖြစ်ခဲ့ပါပြီ။ ဒီရက်ပိုင်းအတွင်း တွေ့ရမှာက ဝန်ကြီးဌာနအသီးသီးရဲ့ ရက် ၁၀၀ လုပ်ငန်းစဉ်များ လူထုသိမြင်အောင် ချပြမှာဖြစ်ပါတယ်။ ရက် ၁၀၀ ပြီးရင်တော့ ငါးနှစ်တာ လုပ်ငန်းစဉ်တွေလည်း လာရဦးမှာပါ။ ဒါပေမယ့် ဒီရက်ပိုင်းအတွင်း အလှုပ်ခတ်ဆုံးဖြစ်စဉ်ကတော့ ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာကိစ္စတွေပဲ ဖြစ်ပါလိမ့်မယ်။

ပြီးခဲ့တဲ့နှစ်ပတ်လောက်က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တစ်လနှစ်လအတွင်း စနိုင်အောင်ကြိုးစားမယ်လို့ ပြောခဲ့ပါတယ်။ ထုံးစံအတိုင်းပဲ ဝေဖန်မှုအချို့နဲ့ အမြင်အမျိုးမျိုးထွက်ပေါ်ခဲ့ပါတယ်။ တချို့က မမျှော်လင့်ထားတဲ့ကိစ္စကို ကြားလိုက်ရသလို အလန့်တကြား တုံ့ပြန်ကြတယ်။ နောက်ပိုင်းမှာတော့ တိုင်းရင်းသားပါတီတချို့က ၂၁ရာစုပင်လုံညီလာခံကို ကြိုဆိုကြောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ တွေ့ဆုံဆွေးနွေး ဖြေရှင်းမှသာလျှင် ပြေလည်နိုင်မှာဖြစ်ကြောင်း ပြောဆိုမှုတွေလည်း တွေ့ရတာဖြစ်တယ်။ လတ်တလော အားတက်ဖွယ်ရာ သတင်းတစ်ပုဒ်ကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ တပ်မတော်တာဝန်ရှိသူအချို့က သတင်းမီဒီယာများအား တွေ့ဆုံစဉ်မှာ ငါးနှစ်အတွင်း ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်မည်ဟု ဒေါ်အောင်ဆန်းစုကြည်နှင့် ညှိနှိုင်းထားကြောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့ပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် ဒေါ်အောင်ဆန်းစုကြည်ကလည်း တပ်မတော်နှင့်ညှိနှိုင်းပူးပေါင်းဆောင်ရွက်လိုသည့်စိတ် အပြည့်ရှိသည်ကိုတွေ့ရကြောင်း၊ ထိုကဲ့သို့ ဖြစ်သည့်အတွက် တပ်မတော်အနေနဲ့ ဝမ်းသာကြောင်းစသည်ဖြင့် ပြောကြားခဲ့တာ တွေ့ရပါတယ်။

တကယ်တော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာက လွန်ခဲ့သော နှစ်ပေါင်း ၆၀ကျော်လောက်ကစလို့ အစိုးရအဆက်ဆက် ဖော်ဆောင်ဖို့ ကြိုးစားခဲ့ပေမယ့် ပြီးမြောက်အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ကြတဲ့ ဖြစ်စဉ်ကြီးတစ်ခုပါ။ ၁၉၄၉ ခုနှစ် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့မိန့်ခွန်းမှာ တစ်နှစ်အတွင်း ငြိမ်းချမ်းရေးရရမယ်လို့(ဖဆပလ) အဖွဲ့ချုပ်နဲ့ နိုင်ငံတော်ကိုယ်စား ဝန်ကြီးချုပ် ဦးနုက ကြေညာခဲ့ဖူးပါတယ်။ အဲဒီအချိန်က လူအတော်များများက ပျက်လုံးကောင်းတစ်ခုအနေနဲ့ယူဆပြီး သရော်တော်တော်၊ ပြောင်တောင်တောင် လုပ်ခဲ့ကြတယ်။ ဒါပေမယ့် ဒီလူတွေကို စိတ်မဆိုးကြောင်း ဦးနုက ဆိုခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်ရောက်ချိန်မှာ အတော်အတန် တိုးတက်မှုရှိလာခဲ့ပြီး ၁၉၅၂ ခုနှစ်မှာတော့ ပြည်တော်သာစီမံကိန်းတွေ စတင်နိုင်တဲ့အထိ အခြေအနေကောင်းမွန်လာတာဖြစ်ပါတယ်။ ဒါဟာ ပြည်ထောင်စုကြီးအတွက် အသက်ပေးပြီး စွန့်စားခဲ့ကြတဲ့ တပ်ပေါင်းစုံ လက်နက်ကိုင်အဖွဲ့သားတွေ၊ နေ့မအားညမနားကြိုးပမ်းခဲ့ကြတဲ့ တစ်နှစ်အတွင်း ငြိမ်းချမ်းရေးအဖွဲ့ဝင်တွေ၊ သစ္စာရှိအစိုးရ အမှုထမ်းတွေ၊ ကလောင်နဲ့ ကူညီခဲ့ကြတဲ့ သတင်းစာဆရာတွေရဲ့ ကျေးဇူးကြောင့်ဖြစ်တယ်လို့ ဝန်ကြီးချုပ်ဦးနုက ပြောခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ကံမကောင်းစွာဘဲ ပြည်တွင်းစစ်က အပြီးတိုင် ချုပ်ငြိမ်းသွားခဲ့တာတော့ မဟုတ်ပါဘူး။ အဲဒီအချိန်က အဓိကရင်ဆိုင်ခဲ့ရတာက ကရင်လက်နက်ကိုင်၊ ဗကပနဲ့ ရဲဘော်ဖြူစတဲ့ အဖွဲ့ကြီးတွေဖြစ်ပါတယ်။ နောက်နှစ်ပေါင်းများစွာကြာတဲ့အခါမှာတော့ အယူဝါဒရေးရာအရ လက်နက်ကိုင်ကြတဲ့အဖွဲ့တွေ တစ်စ တစ်စချုပ်ငြိမ်းသွားခဲ့ပါတယ်။ ၁၉၉၀ နောက်ပိုင်းမှာတော့ ဗကပနဲ့ အရှေ့မြောက် စစ်ဒေသပြိုကွဲသွားခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်များပဲ ကျန်ရှိတာ ဖြစ်ပါတယ်။ နဂိုက လက်ဝဲအယူရှိသူများရဲ့ အယူအဆမှာ ဗကပချုပ်ငြိမ်းရင် တိုင်းရင်းသားလက်နက်ကိုင်များ အလိုလိုလျော့ပါးသွားမယ်လို့ အယူရှိခဲ့တာပါ။ လက်တွေ့အားဖြင့်တော့ အဲဒီအယူအဆနဲ့ ပြောင်းပြန်၊ တိုင်းရင်းသားလက်နက်ကိုင်တွေ အင်အားကြီးထွား တောင့်တင်းလာတာဖြစ်တယ်။ ဒါက ၂၁ ရာစုပင်လုံမစခင်ရှိနေတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံဟာ အရပ်သားအစိုးရတစ်ရပ်ပေါ်ထွန်းလာပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပီပီပြင်ပြင် အကောင်အထည်ဖော်ကြရတော့မယ့် အခြေအနေပါ။ အခုနောက်ထပ်ကြုံတွေ့နေရတဲ့ အဓိကပြဿနာကြီးတွေကတော့ အရပ်ဘက်၊ စစ်ဘက် ဆက်ဆံရေး၊ တိုင်းရင်းသားအရေးနဲ့၊ ဆင်းရဲမွဲတေမှုပပျောက်ရေးစတာတွေပဲဖြစ်ပါတယ်။ ပြဿနာတွေအားလုံးဟာ အရင်းစစ်လိုက်ရင် တိုင်းရင်းသားအရေးနဲ့ ဆက်စပ်ပတ်သက်နေတာတွေပဲ ဖြစ်တယ်။ ပြည်တွင်းစစ်ကို ရပ်စဲနိုင်မှ တပ်မတော်ရဲ့ အခန်းကဏ္ဍက လျှော့ချလို့ရမှာဖြစ်သလို ဒုတိယနိုင်ငံသားဖြစ်သလို ခံစားနေရတဲ့ တိုင်းရင်းသားများအတွက် ပင်လုံစာချုပ်ပါ ဒီမိုကရေစီအခွင့်အရေးဆိုတာကို တကယ်ရရှိမှာ ဖြစ်ပါတယ်။

တစ်ပြိုင်နက်မှာပဲ ဆင်းရဲမွဲတေမှုနှုန်းမြင့်မားလှတဲ့ တိုင်းရင်းသားဒေသတွေအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာလည်း ပြည်တွင်းစစ် ရပ်စဲမှသာဖြစ်နိုင်မှာ ဖြစ်ပါတယ်။ အခုဒီလုပ်ငန်းစဉ်အတွက် အစိုးရသစ်နဲ့ တပ်မတော်ကြား နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်တဲ့အတွက် ဒါဟာ အားတက်စရာ အခြေအနေတစ်ရပ်လို့ ဆိုရမှာပါ။

ဒါပေမယ့် ပဋိပက္ခများဟာ ကာလအားဖြင့် ရှည်ကြာစွာ တည်ရှိခဲ့တာဖြစ်ပြီး နက်ရှိုင်းလှတဲ့ အခြေအနေဖြစ်ပါတယ်။ ပြဿနာ တစ်ခုလုံးကို အချိန်ကာလတစ်ခုအတွင်း အပြီးတိုင် အပြီးအပြတ်ဖြေရှင်းဖို့တော့ မလွယ်လှပါဘူး။ ကိုင်စွဲထားတဲ့ လက်နက်များ၊ ရယူထားတဲ့ နယ်မြေများထက် အတွေးအခေါ်မှာ စွဲနစ်နေတဲ့ အခုအခံများနဲ့ တစ်ဗိုလ်၊ တစ်မင်းဝါဒများက ပိုလို့တောင်ခက်ခဲနိုင်ပါတယ်။ တူညီတဲ့ဦးတည်ချက်၊ ရည်မှန်းချက်ပန်းတိုင်ရှိဖို့လိုတာအပြင် ဖြစ်စဉ်တစ်လျှောက်လုံးမှာ သိသာမြင်သာတဲ့ အကျိုးရလဒ်တွေကို ဖော်ထုတ်ပြသနိုင်မှာဖြစ်တယ်။ နောက်ဆုံးပန်းတိုင်ဟာ မှုန်ပြပြပဲရှိနေတဲ့ အချိန်မှာ လမ်းပြပေးမယ့် အလင်းရောင်ကလေးတွေ လိုအပ်သလိုပါပဲ။ ဒါကြောင့် အားလုံးပြီးစီးမှဆိုတာမျိုး မဟုတ်ဘဲ တန်းတူညီမျှမှု၊ အာဏာ၊ ဘဏ္ဍာ၊ သယံဇာတခွဲဝေမှုများဆိုတာတွေကို လက်ရှိဖွဲ့စည်းပုံအောက်မှာပါတဲ့ အမြင့်ဆုံးအဆင့်အထိ ဖြစ်မြောက်အောင် ဆောင်ရွက်သင့်တာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရဲ့ နှစ်သစ်ကူးမိန့်ခွန်းမှာ ပြောကြားခဲ့တဲ့ မူဝါဒများကတော့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်မှုကိုရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနဲ့ ပြည်သူအများစုရဲ့ လူမှုဘဝများတိုးတက်မြင့်မားရေးတွေပဲ ဖြစ်ပါတယ်။ ဒီတာဝန်တွေဆောင်ရွက်ရာမှာ အစိုးရသစ်ကိုရွေးချယ်ပြီး တာဝန်ပေးခဲ့တဲ့ မဲဆန္ဒရှင်ပြည်သူများကလည်း မိမိတို့နေရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရရဲ့ ချွတ်ယွင်းချက်များကို ဝေဖန်ထောက်ပြခြင်း၊ လုပ်ဆောင်သင့်တာတွေကို အကြံပြုလမ်းညွှန်ခြင်းဆိုတဲ့ နည်းလမ်းတွေနဲ့ ဆက်လက်တက်ကြွစွာပါဝင်ဖို့ သမ္မတကြီးက ပန်ကြားသွားတာဖြစ်ပါတယ်။


အခု ငါးနှစ်အတွင်း ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ဖို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ညှိနှိုင်းမှုတွေရှိနေတဲ့အောက်မှာ ကျန်တဲ့ တိုင်းရင်းသားပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ ငြိမ်းချမ်းရေးအတွက် သီအိုရီပိုင်းအရ လက်တွေ့ဆောင်ရွက်မှုများ ဝင်ရောက်ကူညီနိုင်ကြမယ့် လူပုဂ္ဂိုလ်များ ဝိုင်းဝန်းအားထည့်ဆောင်ရွက်မယ်ဆိုရင်တော့ သိသာမြင်သာတဲ့ အောင်မြင်မှုအဆင့်တစ်ခုအထိ ရောက်ရှိနိုင်မယ်လို့ ယုံကြည်ကြောင်း တင်ပြရပါတယ်။ ။

> **တစ်ပြိုင်နက်မှာပဲ ဆင်းရဲမွဲတေမှုနှုန်းမြင့်မားလှတဲ့ တိုင်းရင်းသားဒေသတွေအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာလည်း ပြည်တွင်းစစ်ရပ်စဲမှသာဖြစ်နိုင်မှာ ဖြစ်ပါတယ်။ အခုဒီလုပ်ငန်းစဉ်အတွက် အစိုးရသစ်နဲ့ တပ်မတော်ကြား နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် ဒါဟာ အားတက်စရာ အခြေအနေတစ်ရပ်လို့ ဆိုရမှာပါ။**
>
> **ဒါပေမယ့် ပဋိပက္ခများဟာ ကာလအားဖြင့် ရှည်ကြာစွာတည်ရှိခဲ့တာဖြစ်ပြီး နက်ရှိုင်းလှတဲ့ အခြေအနေဖြစ်ပါတယ်။ ပြဿနာတစ်ခုလုံးကို အချိန်ကာလတစ်ခုအတွင်း အပြီးတိုင် အပြီးအပြတ်ဖြေရှင်းဖို့တော့ မလွယ်လှပါဘူး။**
>
> **တူညီတဲ့ ဦးတည်ချက်၊ ရည်မှန်းချက်ပန်းတိုင်ရှိဖို့လိုတာအပြင် ဖြစ်စဉ်တစ်လျှောက်လုံးမှာ သိသာမြင်သာတဲ့ အကျိုးရလဒ်တွေကို ဖော်ထုတ်ပြသနိုင်မှာဖြစ်တယ်။**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်ပြီး ၃၆ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

**နေပြည်တော် မေ ၁၅**

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီးနောက် ၃၆ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**






## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သောက်သုံးရေ လှူဒါန်း

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သောက်ရေ၊ သုံးရေများကို အိမ်တိုင်ရာရောက်သွားရောက်လှူဒါန်းခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက သောက်သုံးရေ ဂါလန် ၁၂၀၀ ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် မြို့မရဲစခန်းမှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များက သောက်သုံးရေ ဂါလန် ၂၈၀၀ ကိုလည်းကောင်း၊ ဖျာပုံမြို့တွင် သတင်းရဲတပ်ဖွဲ့စုမှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက သောက်ရေသန့် ဂါလန် ၃၅၀ ကိုလည်းကောင်း ရေရှားပါးသည့် နေရာဒေသအသီးသီးသို့ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သဖြင့် ဘင်္ဂလားဒေ့ရှ်၌ အထည်ချုပ်စက်ရုံ ၃၁၉ ရုံ ပိတ်သိမ်းမည်

**ဒါကာ မေ ၁၅**
ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အထည်ချုပ်စက်ရုံ ၃၁၉ ရုံကို ပိတ်သိမ်းတော့မည်ဖြစ်ကြောင်း အာဏာပိုင်များက မေ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကမ္ဘာ့ဈေးကွက်၌ ပြင်းထန်သော ယှဉ်ပြိုင်ရမှုနှင့် ရင်ဆိုင်နိုင်စွမ်းမရှိသော အထည်ချုပ်စက်ရုံများကို ပိတ်သိမ်းရန်စီစဉ်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်ရှိ အထည်ချုပ်လုပ်ငန်းရှင်များနှင့် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဆစ်ဒီရာမန်က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်ရမှု ကြီးမားခြင်း၊ ဘဏ်အတိုးနှုန်းများမြင့်မားခြင်း၊ အမေရိကန်ဒေါ်လာတန်ဖိုးကျခြင်းတို့ကဲ့သို့သော စိန်ခေါ်မှုများကို မိမိတို့နိုင်ငံရှိ အထည်ချုပ်စက်ရုံများ ရင်ဆိုင်နေရကြောင်း ရာမန်က ပြောကြားသည်။

လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အထည်ချုပ်စက်ရုံ ၆၁၈ ရုံကို အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းခဲ့ရပြီး နောက်ထပ်အထည်ချုပ်စက်ရုံ ၃၁၉ ရုံကို မကြာမီ ပိတ်သိမ်းရတော့မည်ဖြစ်ကြောင်း ရာမန်က ပြောကြားသည်။

လျှပ်စစ်ဓာတ်အားပြဿနာ၊ ဘဏ်ချေးငွေများ၏ အတိုးနှုန်းမြင့်တက်နေမှုပြဿနာ၊ အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းနေမှုပြဿနာနှင့် ကမ္ဘာ့ဈေးကွက်တွင် အဝတ်အထည်ဈေးနှုန်း ကျဆင်းမှုပြဿနာတို့ကို အထည်ချုပ်စက်ရုံများ ရင်ဆိုင်နေရသည်ဆို၏။



ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အနောက်နိုင်ငံများသို့ အဝတ်အထည်တင်ပို့ရောင်းချသည့် နိုင်ငံများအနက် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ **ပီတီအိုင်။**

# အီရန်မှ အိမ်နီးချင်း အီရတ်သို့ မကြာမီ ဓာတ်ငွေ့တင်ပို့တော့မည်

**တီဟီရန် မေ ၁၅**
အီရန်နိုင်ငံသည် အိမ်နီးချင်း အီရတ်နိုင်ငံသို့ ဓာတ်ငွေ့တင်ပို့ရောင်းချမှုကို မကြာမီပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံက အီရတ်နိုင်ငံသို့ ဓာတ်ငွေ့ရောင်းချနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်း အီရန်အမျိုးသားဓာတ်ငွေ့ကုမ္ပဏီအကြီးအကဲ ဟာမစ်ရီဇာက ပြောကြားသည်။

အီရန်နိုင်ငံက သဘာဝဓာတ်ငွေ့ကို ယခုနှစ် ဇွန်လကုန်ပိုင်းမှစ၍ တင်ပို့ပေးနိုင်တော့မည်ဖြစ်ကြောင်း အီရတ်လျှပ်စစ်ဓာတ်အားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အီရန်နိုင်ငံသည် အီရတ်နိုင်ငံရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဘာဆရာမြို့သို့ တစ်ရက်လျှင် ဓာတ်ငွေ့ ကုဗမီတာ ၂၅ သန်း တင်ပို့ပေးမည်ဖြစ်သည်။ လေးနှစ်တာကာလအတွင်း တစ်ရက်လျှင် ဓာတ်ငွေ့ ကုဗမီတာ ၃၅ သန်းအထိ တိုးမြှင့်တင်ပို့သွားမည်ဖြစ်ကြောင်း ရီဇာက ပြောကြားသည်။

အီရန်နိုင်ငံသည် အီရတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့ပေးမည့် သဘောတူညီချက်တစ်ရပ်ကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့သည်။ **ဆင်ဟွာ။**

# အမေရိကန်ကာကွယ်ရေးဌာန၏ အစီရင်ခံစာဖော်ပြချက်များကို တရုတ်နိုင်ငံပယ်ချ

**ပေကျင်း မေ ၁၅**
တရုတ်နိုင်ငံ၏စစ်ဘက်နှင့်ပတ်သက်၍ အမေရိကန်ကွယ်ရေးဌာန၏ နှစ်ပတ်လည်အစီရင်ခံစာပါ ဖော်ပြထားချက်များကို တရုတ်နိုင်ငံက ပြစ်တင်ရှုတ်ချလိုက်ကြောင်း၊ အဆိုပါအစီရင်ခံစာသည် နှစ်နိုင်ငံအပြန်အလှန်ယုံကြည်မှုပျက်ပြားစေရန် တလွဲတချော်လိမ်လည်ဖော်ပြထားသည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရသူ ယန်ယုဇွန်က မေ ၁၅ ရက်တွင် ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်ကာကွယ်ရေးဌာနသည် တရုတ်စစ်ဘက်၏ လှုပ်ရှားဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နှစ်ပတ်လည်အစီရင်ခံစာတစ်ရပ်ကို မေ ၁၃ ရက်က ကွန်ဂရက်လွှတ်တော်သို့ တင်သွင်းခဲ့သည်။ တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း တောင်တရုတ်ပင်လယ်ရှိ လူလုပ်ကျွန်းများ၌ ဆက်သွယ်ရေးနှင့် ထောက်လှမ်းရေးစနစ်များအပါအဝင် စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံကို တိုးချဲ့သွားမည်ဟု မျှော်လင့်ရကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ပင်တဂွန်၏ အစီရင်ခံစာပါ ဖော်ပြချက်များကို လုံးဝလက်ခံနိုင်မည်မဟုတ်ကြောင်း၊ ယင်းအစီရင်ခံစာပါ အကြောင်းခြင်းရာဖော်ပြချက်များသည် မှန်ကန်ခြင်းမရှိသည့်အပြင် နှစ်နိုင်ငံ အပြန်အလှန်ယုံကြည်မှုကို ပျက်ပြားစေကြောင်း ပြောခွင့်ရပုဂ္ဂိုလ် ယန်ယုဇွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ရိုက်တာ။**





# ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသည့်ကိစ္စရပ်များကို ပညာရေးဖြင့်ဖြေရှင်းနိုင်ရေး ဂျီ-၇ ပညာရေးဝန်ကြီးများ ဆွေးနွေး

**တိုကျို မေ ၁၅**
ဂျီ-၇ ပညာရေးဝန်ကြီးများသည် စစ်ဘေးရှောင်ဒုက္ခသည်များအရေးနှင့် ဆင်းရဲမှုပပျောက်ရေးအပါအဝင် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီမှုများရရှိနိုင်ရေးစသည့် ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် ကိစ္စရပ်များကို အဆင့်မြင့်ပညာရေးဖြင့် ဖြေရှင်းနိုင်ရေးအတွက် စက်မှုထွန်းကားသောနိုင်ငံအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ကြရန် ကတိပြုခဲ့ကြသည်။

ဂျပန်နိုင်ငံအနောက်ပိုင်း အိုအာယာမာခရိုင်တွင် နှစ်ရက်ကြာကျင်းပသည့် ဂျီ-၇ ပညာရေးဝန်ကြီးများ အစည်းအဝေးတွင် ဂျီ-၇ ပညာရေးဝန်ကြီးများက အထက်ပါကိစ္စရပ်များကို ကတိပြုခဲ့ကြသည်။ ထို့ပြင် ၎င်းတို့က ကမ္ဘာ့ငြိမ်းချမ်းရေး ရေရှည်တည်တံ့ရေးအတွက်လည်း အလေးပေးဆွေးနွေးခဲ့ကြသည်။

ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးနှင့် ဘာသာရေးအငြင်းပွားမှုများမရှိစေရန်နှင့် ဆီးရီးယားပြည်တွင်းစစ်ကြောင့် ရှောင်ပြေးကြရသည့် ဒုက္ခသည်များအပါအဝင် ၎င်းတို့ကို လက်ခံထားသော ဥရောပနိုင်ငံများကို ဖေးမကူညီရန် လူငယ်များအတွက် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးများနှင့် ဥပဒေများကို အဆင့်မြင့်ပညာရေးဖြင့် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ပူးတွဲထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဂျီ-၇ ဝန်ကြီးများက ထည့်သွင်းဖော်ပြကြသည်။

ကမ္ဘာတစ်ဝန်းရှိလူငယ်များသည် ပညာသင်ကြားရန် တူညီသော အခွင့်အရေးရှိကြောင်းနှင့် ပညာသင်ကြားခွင့်ကို ယောကျ်ား၊ မိန်းမ လူတန်းစားမခွဲခြားဘဲ ဆက်လက်သင်ကြားခွင့်ပေးသင့်ကြောင်း ပညာရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

အဆိုပါအစည်းအဝေးကို ဂျပန်ပညာရေးဝန်ကြီး ဟီရိုရှိဟေးစ်ကဦးဆောင်ခဲ့သည်။ သင်္ချာနှင့် သိပ္ပံဘာသာရပ်များကဲ့သို့သော ဘာသာရပ်များကို ကမ္ဘာတစ်ဝန်းရှိ လူငယ်များအတွက် သင်ရိုးများအကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပြီး ပိုမိုပြုစုသင်ကြားပေးသင့်ကြောင်း ဂျပန်ပညာရေးဝန်ကြီးက ဆိုသည်။

ပညာရေးဝန်ကြီးများ၏ပူးတွဲထုတ်ပြန်ကြေညာချက်အပြင် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည့် အခြားသော အရေးပါသည့် အချက်အလက်များကို မေ ၂၆-၂၇ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဦးဆောင်ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင် ဆက်လက်အတည်ပြုဆွေးနွေးမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# နီပေါနိုင်ငံ၏ အခြေခံဥပဒေသစ်အား မတ်ဟီးစ်လူမျိုးစုပါတီများ ကန့်ကွက်ဆန္ဒပြ

**ခတ္တမန္ဒူ မေ ၁၅**
နီပေါနိုင်ငံရှိ မတ်ဟီးစ်လူမျိုးစုပါတီများနှင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများက အခြေခံဥပဒေသစ်အား မေ ၁၅ ရက်တွင် ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်ဟု ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အတိုက်အခံပါတီထောက်ခံသူ ထောင်ပေါင်းများစွာက ခတ္တမန္ဒူမြို့တွင် စုဝေးခဲ့ကြပြီး စက်တင်ဘာလက အတည်ပြုခဲ့သော အခြေခံဥပဒေသစ်ကို ပြန်လည်ပြင်ဆင်ရေးဆွဲပေးရန် ဝန်ကြီးချုပ်ရှာမာအိုလီဦးဆောင်သော အစိုးရကို တောင်းဆိုခဲ့ကြသည်။

မတ်ဟီးစ်ပါတီများနှင့် အခြားတိုင်းရင်းသားအဖွဲ့များက အခြေခံဥပဒေသစ်သည် ၎င်းတို့အား ခွဲခြားနှိမ့်ချထားပြီး နိုင်ငံရေးဆိုင်ရာ ပြည့်ဝသောအုပ်ချုပ်ခွင့်ပေးထားခြင်း မရှိဟုဆိုသည်။

"ကျွန်တော်တို့အနေနဲ့ နိုင်ငံသားအဖြစ် သတ်မှတ်ခြင်းဆိုင်ရာ အဓိကပြဋ္ဌာန်းချက်ကို ပြောင်းလဲချင်တာပါ။ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေကို အစိုးရအဖွဲ့ထဲမှာ ရာထူးကြီးကြီး မပေးတာဟာ ကျွန်တော်တို့ကို ခွဲခြားဆက်ဆံတာပါပဲ" ဟု ဆဘာဝါနာပါတီဥက္ကဋ္ဌ ရာဂျင်ဒရာ မဟာတိုက ပြောကြားသည်။

အဆိုပါ ပါတီများအနေဖြင့် တောင်းဆိုချက် (၂၆) ချက်ကို အစိုးရထံတင်ပြတောင်းဆိုထားသည်။

ယခုဆန္ဒထုတ်ဖော်မှုသည် တိုင်းရင်းသားမျိုးနွယ်စုများအား ကာလကြာမြင့်စွာနှိမ့်ချထားမှုကို ဆန့်ကျင်ကြောင်း ပြသရန်ရည်ရွယ်သည့်အပြင် နီပေါနိုင်ငံသားတိုင်း တန်းတူညီမျှသည့် အခွင့်အရေးရရှိနိုင်သည့် အခြေခံဥပဒေသစ်တစ်ရပ်ပေါ်ထွက်စေရန် ရည်ရွယ်ကြောင်း နီပေါဖက်ဒရယ်ဆိုရှယ်လစ်ဖိုရမ်ဥက္ကဋ္ဌက ဆင်ဟွာသတင်းဌာနသို့ ပြောသည်။

နီပေါပါလီမန်က မတ်ဟီးစ်ပါတီများ၏ အဓိကတောင်းဆိုမှုများကို လိုက်လျောပြီး အဆိုပါအခြေခံဥပဒေအသစ်ကို ဇန်နဝါရီလတွင် ပြင်ဆင်ပေးခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် နိုင်ငံတောင်ဘက်ပိုင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ တောင်းဆိုမှုကို အခြေခံဥပဒေအသစ်တွင် ထည့်သွင်းခဲ့ခြင်းမရှိပေ။ **ဆင်ဟွာ။**

# နိုင်ငံတကာမြင်ကွင်း

**ရဲရင့်လင်းလက်**

ညလုံးပေါက်မိုးလင်းခဲ့ရတဲ့ နာရီ ၂၀ ကျော်ကြာ ဘရာဇီး အထက်လွှတ်တော် ဆွေးနွေးပွဲအပြီးမှာ အထက်လွှတ်တော်က (၅၅) မဲ (၂၂) မဲနဲ့ သမ္မတ ဒီလ်မာရူးဆက်ဖ်ကို စွပ်စွဲပြစ်တင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ မေ ၁၂ ရက်က ဆုံးဖြတ်ခဲ့တာပါ။ ဒါကြောင့် သမ္မတ ဒီလ်မာရူးဆက်ဖ်ဟာ တိုင်းပြည်ရဲ့ ဘတ်ဂျက်လိုငွေကို အမှန်တကယ် ရှိတာထက် လျှော့ပြခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ တရားရုံးချုပ် တရားသူကြီးဦးဆောင်တဲ့ ခုံရုံးအဖွဲ့ရဲ့စစ်ဆေးမှုကို အရင်ခံယူရမှာပါ။ ခုံရုံးအဖွဲ့ရဲ့တွေ့ရှိချက်အပေါ်မူတည်ပြီး သမ္မတဒီလ်မာရူးဆက်ဖ် အပြစ်ရှိ၊ မရှိကို အထက်လွှတ်တော်ရဲ့ သုံးပုံနှစ်ပုံ ဆန္ဒမဲ ၅၄ ဦး နဲ့ဆုံးဖြတ်မှာပါ။ သမ္မတဒီလ်မာရူးဆက်ဖ်အပေါ် စစ်ဆေးဆုံးဖြတ်မှုကို ရက်ပေါင်း ၁၈၀ အတွင်း အပြီးဆောင်ရွက်ရမှာဖြစ်ပြီး ဒီရက်ပေါင်း ၁၈၀ အတွင်း သမ္မတ ဒီလ်မာရူးဆက်ဖ်ဟာ သမ္မတတာဝန်ကနေ ယာယီဆင်းပေးရမှာပါ။ အထက်လွှတ်တော်က အပြစ်မရှိဘူးလို့ ဆုံးဖြတ်ခဲ့ရင် သမ္မတ ဒီလ်မာရူးဆက်ဖ်ဟာ သမ္မတတာဝန်ကို ပြန်ထမ်းဆောင်ရမှာဖြစ်ပြီး အပြစ်ရှိတယ်လို့ ဆုံးဖြတ်ခဲ့ရင်တော့ သမ္မတတာဝန် အပြီးစွန့်လွှတ်ရမှာပါ။ သမ္မတ ဒီလ်မာရူးဆက်ဖ်ကို စစ်ဆေးဆုံးဖြတ်ဖို့ ဆောင်ရွက်နေတဲ့ ရက်ပေါင်း ၁၈၀ အတွင်း လက်ရှိ ဒုတိယသမ္မတ မိုင်ကယ်တီးမားက ယာယီသမ္မတအဖြစ် ဆောင်ရွက်ရမှာဖြစ်လို့ ဘရာဇီးနိုင်ငံရဲ့ လက်ရှိ ယာယီသမ္မတဟာ မိုင်ကယ်တီးမား ဖြစ်သွားပါပြီ။ မိုင်ကယ်တီးမားဟာ သမ္မတ ဒီလ်မာရူးဆက်ဖ် ဦးဆောင်တဲ့ အလုပ်သမားပါတီရဲ့ ပြိုင်ဘက်ပါတီဖြစ်တဲ့ ဘရာဇီးဒီမိုကရေစီလှုပ်ရှားမှုပါတီ (PMDB) ရဲ့ခေါင်းဆောင်ပါ။ သမ္မတ ဒီလ်မာရူးဆက်ဖ် သမ္မတရာထူးကနေ ယာယီဆင်းပေးလိုက်ရတဲ့အတွက် ဘရာဇီးနိုင်ငံမှာ လက်ဝဲဝါဒီအလုပ်သမားပါတီ(PT)ရဲ့ ၁၃ နှစ်ကြာအုပ်ချုပ်မှု အဆုံးသတ်မယ့်ကိန်းမျိုးဆိုက်သွားပါတယ်။

အထက်လွှတ်တော်ကဆုံးဖြတ်အပြီးမှာ သမ္မတ ဒီလ်မာရူးဆက်ဖ်က သူ့ကိုစွပ်စွဲပြစ်တင်ဖို့ ဆုံးဖြတ်ချက်ဟာ လှောင်ပြောင်စရာ ဗရွတ်ရွတ်တလုပ်ရပ်၊ အဖျက်အမှောင့်လုပ်ရပ်၊ အာဏာသိမ်းတဲ့လုပ်ရပ်ဆိုပြီး ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့ပါတယ်။ သမ္မတ ဒီလ်မာရူးဆက်ဖ်က ဒီတရားမျှတမှုမရှိတဲ့လုပ်ရပ်ကို ဥပဒေဘောင်အတွင်းက နည်းလမ်းအားလုံးသုံးပြီး ဟန့်တားတိုက်ဖျက်သွားမယ်လို့ အခိုင်အမာပြောကြားသွားပါတယ်။ ရာထူးက ယာယီဆင်းသွားတဲ့ သမ္မတဒီလ်မာရူးဆက်ဖ်က သတင်းစာရှင်းလင်းပွဲမှာ အခုလိုပြောကြားသွားသလို ယာယီသမ္မတတာဝန်ရယူခဲ့တဲ့ မိုင်ကယ်တီးမားကလည်း တိုင်းပြည်ကို မိန့်ခွန်းပြောကြားရာမှာ "ပြည်သူလူထုရဲ့ စွမ်းဆောင်ရည်အပေါ် ယုံကြည်ပါ၊ တိုင်းပြည်ရဲ့ စီးပွားရေးကို ပြန်မြှင့်တင်ပေးမယ့် ကျွန်တော်တို့ရဲ့ အရည်အချင်းအပေါ် ယုံကြည်ပါ"လို့ အလေးပေးပြောဆိုသွားပါတယ်။ နှစ်ခြမ်းခွဲထားသလိုဖြစ်နေတဲ့ ဘရာဇီးလူ့အဖွဲ့အစည်းမှာ ယာယီသမ္မတ မိုင်ကယ်တီးမားရဲ့




ပြောစကားကို ယုံသူတစ်ဝက် မယုံသူတစ်ဝက်ဖြစ်နေမှာကတော့ ရှောင်လွှဲလို့မရပါဘူး။ အသက်(၇၅)နှစ်ရှိပြီဖြစ်တဲ့ ယာယီသမ္မတ မိုင်ကယ်တီးမားဟာ ပြီးခဲ့တဲ့ဆယ်စုနှစ်နှစ်ခုအတွင်း တိုင်းပြည်ရဲ့ သမ္မတရွေးချယ်ရာမှာ အဓိကအခန်းကဏ္ဍကနေပါဝင်ခဲ့ပေမယ့် ကိုယ်တိုင်တော့ သမ္မတမဖြစ်ခဲ့ပါဘူး။ အခုမှ ယာယီသမ္မတတာဝန်ကို ထမ်းဆောင်ခွင့်ရတာပါ။ ယာယီသမ္မတ မိုင်ကယ်တီးမားက အဖွဲ့ဝင် ၂၂ ဦး ပါဝင်တဲ့ အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးသစ် မီရဲ့စ်(Meirelles)ဟာ ဘရာဇီးပြည်သူတွေကြား လေးစားခံရတဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်းပါ။ ယာယီသမ္မတ မိုင်ကယ်တီးမားက "ဘရာဇီးနိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံဖြစ်လို့ လူမှုဖူလုံရေးအစီအစဉ်တွေကို ထိန်းသိမ်းကာကွယ်ပြီး လိုအပ်ရင် တိုးချဲ့ပါ့မယ်"လို့ပြောပြီး "အကျပ်အတည်းကြုံမယ်ဆိုတာမျိုးတွေ ပြောတာရပ်ပါတော့၊ အလုပ်လုပ်ကြဖို့ပဲ ပြောကြရအောင်"ဆိုတဲ့ တိုက်တွန်းစကားကိုပါ အလေးအနက်ထား မိန့်ကြားသွားပါတယ်။ ဒါက အကြောင်းရှိပါတယ်။ ယာယီသမ္မတ မိုင်ကယ်တီးမား ဦးဆောင်တဲ့ ဘရာဇီးဒီမိုကရေစီလှုပ်ရှားမှုပါတီ(PMDB) ဟာ ဘရာဇီးနိုင်ငံရဲ့ လူမှုဖူလုံရေးအစီအစဉ်တွေကို ဖြတ်တောက်ဖို့လိုတယ်ဆိုတဲ့ မူဝါဒမျိုးစွဲကိုင်ထားပါတယ်။ ယာယီသမ္မတ မိုင်ကယ်တီးမားကိုယ်တိုင်လည်း ဒီသဘောမျိုးပြောခဲ့တာရှိပါတယ်။ ဘရာဇီးနိုင်ငံရဲ့ လူမှုဖူလုံရေးအစီအစဉ်တွေကို ဦးဆောင်အကောင်အထည်ဖော်ခဲ့တာက အလုပ်သမားပါတီ(PT)ပါ။ သမ္မတ ဒီလ်မာရူးဆက်ဖ်ကလည်း သတင်းစာရှင်းလင်းပွဲမှာ ယာယီသမ္မတ မိုင်ကယ်တီးမားရဲ့ လူမှုဖူလုံရေးအစီအစဉ်တွေကို ဖြတ်တောက်လိုတဲ့ မူဝါဒတွေကြောင့် သာမန်ဘရာဇီးပြည်သူတွေ ဒုက္ခရောက်မှာကို သတိပေးခဲ့သလို သာမန်ပြည်သူတွေကလည်း ဒီလိုပဲယူဆပြီး စိုးရိမ်နေကြတာပါ။

ဘရာဇီးနိုင်ငံရဲ့ လူမှုဖူလုံရေးအစီအစဉ်မှာ ပင်မနေရာကိုယူထားတာက မိသားစုထောက်ပံ့ရေး(Bolsa Familia) ပါ။ ဒီအစီအစဉ်ကို ဘရာဇီးပြည်သူ ၄၇ သန်း ခံစားနေကြပြီး ဒါဟာ ဘရာဇီးနိုင်ငံလူဦးရေရဲ့ လေးပုံတစ်ပုံနီးပါးပါ။ ပြောရရင် မိသားစုထောက်ပံ့ရေး (Bolsa Familia)ဟာ ကမ္ဘာပေါ်မှာ အကြီးမားဆုံး ငွေကြေးထောက်ပံ့တဲ့အစီအစဉ်ပါ။ ဒီအစီအစဉ်ရဲ့သဘောက သားသမီးတွေရဲ့ ပညာရေး၊ ကျန်းမာရေးကို စနစ်တကျတာဝန်ယူရင် ဒီမိသားစု(မိခင်)ကို ငွေကြေးထောက်ပံ့ပေးတာပါ။ ဘရာဇီးနိုင်ငံရဲ့ ကသောင်းကနင်းနိုင်ငံရေးကြောင့် သာမန်ပြည်သူတွေအပေါ် ဘယ်လိုအကျိုးသက်ရောက်နေတယ်ဆိုတာကိုသိရအောင် ချောင်ကျတဲ့ ကျေးလက်တောရွာ (Itamatatiua) ရဲ့ မြေအိုး၊ မြေခွက် သမဝါယမမှာလုပ်ကိုင်နေတဲ့ အန်နာရီတာ(Ana Rita) ကို ကြည့်ကြရအောင်ပါ။ အန်နာရီတာဟာ သားသမီး ခြောက်ယောက်ရဲ့မိခင်ပါ။ အန်နာရီတာအလုပ်လုပ်နေတဲ့ မြေအိုး၊ မြေခွက် သမဝါယမမှာ အဖွဲ့ဝင် ၁၂ ယောက်ရှိပြီး လစဉ်အမြတ်ဝင်ငွေကို သူတို့ ၁၂ ဦး အချိုးကျခွဲဝေရယူပါတယ်။ အရောင်းအဝယ်ပေါ်မူတည်ပြီး အန်နာရီတာရဲ့ လစဉ်ဝင်ငွေဟာ အတက်အကျရှိပေမယ့် ပျမ်းမျှ ဒေါ်လာနဲ့တွက်ရင် ၁၈ ဒေါ်လာလောက်ရှိပါတယ်။ ဒီဝင်ငွေသက်သက်ဆိုရင်တော့ အန်နာရီတာတို့ မိသားစု အခြေအနေကို ဆင်းရဲမွဲတေတဲ့အဆင့်လို့ပဲ ပြောရမှာပါ။ ဒါပေမယ့် အန်နာရီတာတို့မိသားစုဟာ မိသားစုထောက်ပံ့ရေး(Bolsa Familia)ကနေ တစ်လကို ၆၅ ဒေါ်လာလောက်ရပါတယ်။ အန်နာရီတာက "အရင်ကဆိုရင် ကျွန်မတို့ရွာက လူတွေရဲ့ဘဝဟာ မသေရုံစားရတဲ့ ဘဝမျိုးပါ။ အလုပ်သမားပါတီ(PT)အာဏာရပြီး မိသားစုထောက်ပံ့ရေး(Bolsa Familia)အစီအစဉ်တွေ အကောင်အထည်ဖော်မှုပဲ ကျွန်မတို့ရွာကလူတွေရဲ့ ဘဝဟာ သိသိသာသာပြောင်းလဲသွားတာပါ။ အခုဆိုရင် ကျွန်မတို့ရွာမှာ မိသားစုတိုင်း ရေခဲသေတ္တာရှိတယ်။ ရုပ်မြင်သံကြားရှိတယ်။ လျှပ်စစ်မီးဖိုရှိတယ်။ သားသမီးတွေကို ပညာသင်ပေးနိုင်တယ်။ နေသာထိုင်သာရှိတဲ့ အိမ်တွေရှိလာတယ်။ အခုသမ္မတ ဒီလ်မာရူးဆက်ဖ်ရာထူးကနေ ဆင်းရပြီဆိုတော့ ကျွန်မတို့ရွာကလူတွေ မြို့တက်ပြီး အလုပ်ရှာရမလိုဖြစ်နေပြီ။ ဒီမှာက လုပ်စရာကိုင်စရာ သိပ်ရှိတာမဟုတ်ဘူးလေ"ဆိုပြီး သူတို့ရင်ဆိုင်နေရတဲ့ အခြေအနေကို ရှင်းပြခဲ့ပါတယ်။ ဘရာဇီးနိုင်ငံမှာ တစ်လဝင်ငွေ ၄၅ ဒေါ်လာနဲ့အောက်ရောက်သွားရင် ဆင်းရဲမွဲတေတယ်လို့သတ်မှတ်ပြီး မိသားစုထောက်ပံ့ရေးအစီအစဉ်(Bolsa Familia)ကနေ ပျမ်းမျှ တစ်လ ၄၈ ဒေါ်လာလောက် ပံ့ပိုးပါတယ်။

ဘရာဇီးနိုင်ငံရင်ဆိုင်နေရတဲ့ ပြဿနာရဲ့အခြေခံဟာ ဆုတ်ယုတ်ကျဆင်းလာတဲ့ တိုင်းပြည်ရဲ့စီးပွားရေးပါ။ သမ္မတ ဒီလ်မာရူးဆက်ဖ်ဟာ ဘတ်ဂျက်လိုငွေလျှော့ချနိုင်ဖို့ အစိုးရအသုံးစရိတ်တွေကို တင်းတင်းကျပ်ကျပ် ဖြတ်တောက်ခဲ့ပေမယ့် မိသားစုထောက်ပံ့ရေး(Bolsa Familia)လို လူမှုဖူလုံရေးအစီအစဉ်တွေကိုတော့ မထိမတို့ မဖြတ်တောက်ခဲ့ပါဘူး။ သမ္မတဒီလ်မာရူးဆက်ဖ်က "လူမှုဖူလုံရေးအစီအစဉ်(Bolsa Familia)တွေ သိသိသာသာဖြတ်တောက်ရမှာကို ရှောင်ရှားနိုင်ဖို့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေအပေါ်မူတည်ပြီး ဘတ်ဂျက်လိုငွေကို အမှန်တကယ်ရှိတာထက် လျှော့ပြခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်သူ့အပေါ်လုပ်ခဲ့တာပါ"လို့ ရှင်းပြခဲ့ပါတယ်။ မေလဆန်းပိုင်းလောက်မှာ သမ္မတ ဒီလ်မာရူးဆက်ဖ်က ဒုတိယသမ္မတ မိုင်ကယ်တီးမားသာ ယာယီသမ္မတဖြစ်လာခဲ့ရင် ဘတ်ဂျက်ဖြတ်တောက်ရေးခေါင်းစဉ်အောက်မှာ ပြည်သူ ၃၆ သန်းလောက်ကို မိသားစုထောက်ပံ့ရေး (Bolsa Familia) ကနေ မောင်းထုတ်ဖယ်ရှားလိမ့်မယ်လို့ သတိပေးပြီး "ဒါဟာဆင်းရဲသားပြည်သူတွေကို လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ဆိုတာထဲကို ဖြစ်ချင်ရာဖြစ်တော့ဆိုတဲ့ သဘောလက်လွှတ်စပယ်လုပ်တာပဲ" လို့ ပြင်းပြင်းထန်ထန်ဝေဖန်တိုက်ခိုက်ခဲ့ပါတယ်။ မိသားစုထောက်ပံ့ရေး(Bolsa Familia)ကို ဝေဖန်သူတွေကတော့ ဒီလူမှုဖူလုံရေးအစီအစဉ်ဟာ ဘရာဇီးပြည်သူတွေကို ထောက်ပံ့ငွေအပေါ်မှီခိုနေအောင် ဆောင်ရွက်ထားတာပဲလို့ ရှုတ်ချကြပါတယ်။ ဒါပေမယ့် သေချာတာကတော့ ယာယီသမ္မတ မိုင်ကယ်တီးမားအနေနဲ့ မိသားစုထောက်ပံ့ရေး(Bolsa Familia)ကို သိသိသာသာ ဖြတ်တောက်တာမျိုးလုပ်ဖို့ မလွယ်ပါဘူး။ ဒါဟာ နိုင်ငံရေးအရ ပေါက်ကွဲသွားနိုင်တဲ့ ကိစ္စမျိုးပါ။ ယာယီသမ္မတ မိုင်ကယ်တီးမားက သူတို့အစိုးရအနေနဲ့ မိသားစုထောက်ပံ့ရေး (Bolsa Familia)ကို တိုင်းပြည်ရဲ့ ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ဆောင်ရွက်မှာဖြစ်ပေမယ့် တိုင်းပြည်ရဲ့ စီးပွားရေးဆုတ်ယုတ်ကျဆင်းနေတဲ့အချိန်မှာ လူမှုဖူလုံရေးအစီအစဉ်တွေကို မတို့မထိမဖြတ်တောက်ရဘူးဆိုတာကတော့ မဖြစ်နိုင်ဘူးလို့ ရှင်းလင်းထားပါတယ်။ ယာယီသမ္မတမိုင်ကယ်တီးမားရဲ့ မူဝါဒကြောင့် အန်နာရီတာတို့လို မိသားစုတွေ ထိခိုက်နစ်နာတော့မယ်ဆိုတာကတော့ သေချာနေပါပြီ။ ဘရာဇီးနိုင်ငံရဲ့ နိုင်ငံရေးအကျပ်အတည်းကနေ ထွက်ပေါ်လာတဲ့ ဒီမူဝါဒဟာ ဘရာဇီးနိုင်ငံကို စီးပွားရေးဆုတ်ယုတ်ကျဆင်းတာကနေ ဆွဲတင်ကယ်ထုတ်နိုင်မှာလား(ဒါမှမဟုတ်) ပိုပြင်းထန်တဲ့ နိုင်ငံရေးအကျပ်အတည်းထဲ တွန်းပို့မလားဆိုတာကတော့ စောင့်ကြည့်ကြရမှာပါ။

## သဘာဝအရသာ အေး၍ရေငတ်ပြေစေသော ဖရဲသီးများကို ဝယ်ယူစားသုံးမှုများပြားနေ

**မန္တလေး မေ ၁၅**

အပူချိန်မြင့်မားလျက်ရှိသော နေရောင်ခြည်အောက် မဖြစ်မနေသွားလာလှုပ်ရှားနေကြသော မန္တလေးပြည်သူများအနေဖြင့် အပူဒဏ်ကိုကာကွယ်ရန် သဘာဝအရသာ အေး၍ရေငတ်ပြေစေသော ဖရဲသီးများကိုဝယ်ယူစားသုံးမှုများပြားလာလျက်ရှိကြောင်း သိရသည်။

"ဒီလအတွင်းမှာ ဖရဲသီးတွေ လက်လီလက်ကားရောင်းကောင်းပါတယ်။ ဒီနားဖြတ်သန်းသွားသူအတော်များများ ရေငတ်ပြေအောင်၊ အသည်းအေးအောင်ဆိုပြီး ချက်ချင်းဝယ်ယူခွဲစားသွားကြတာများတယ်။ ဖရဲသီးက အကြီးအသေးပေါ်မူတည်ပြီး ငွေကျပ် ၅၀၀ ကနေ ကျပ် ၁၅၀၀ အထိ ရောင်းရပါတယ်"ဟု ရှမ်းကလေးကျွန်းရွာအနီး ကမ်းနားလမ်းဘေးတွင် ရောင်းချနေသည့် မစန်းရင်က ပြောသည်။ ယခုအချိန်ရောင်းချသော ဖရဲသီးများမှာ ဒေသတွင်းထွက်ရှိမှုနည်းပါးသွားသည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှထွက်ရှိသည့် သီပေါသီးများဖြစ်ပြီး အများအားဖြင့် တရုတ်နိုင်ငံသို့တင်ပို့ရန် စံချိန်မမီသည့် ပယ်သီးများဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မိသားစု စစ်ကိုင်းကိုအသွားမှာ ပူပြင်းတဲ့အချိန် ရေဆာလို့ ဖရဲသီးဝင်ဝယ်ဖြစ်တယ်။ ဖရဲသီးမြင်တော့ မနေနိုင်ဘူး ချက်ချင်းခွဲခိုင်းပြီး မိသားစုလိုက် ထိုင်စားလိုက်တာ နှစ်လုံးလောက်ကုန်သွားတယ်။ အခုလိုရာသီမျိုးမှာ ဖရဲသီးစားသုံးတာက အကောင်းဆုံးပဲလေ။ သူက အသည်းအေးပြီး ရေငတ်ပြေတယ်။ ဗိုက်လည်းဝတယ်လေ။ ကျန်းမာရေးတွက်လည်း ကောင်းတာပေါ့ဗျာ"ဟု ဖရဲသီးစားသုံးသူ ကိုကျော်မျိုးထက်က ပြောသည်။ တရုတ်နိုင်ငံသို့ ဖရဲများတင်ပို့နေသည့် ကိုဇော်နိုင်ကလည်း "တရုတ်ကို ပို့ဖို့ဆိုရင် ကားတစ်စီးကို အနည်းဆုံး တစ်လုံးကို ၇ ပိဿာ၊ ၈ ပိဿာရှိတဲ့ အလုံးရေ ၁၅၀၀ လောက် ဆံ့ပါတယ်။ ပို့ခအနေနဲ့က တစ်ခေါက်ကို ကျပ် ၁၀ သိန်းပေးရတယ်။ အရင်တုန်းကဆို အမြင့်ဆုံးဈေးအနေနဲ့ ဖရဲတစ်ကီလိုကို လေးယွမ်ကျော်အထိ ရခဲ့တဲ့အတွက် ပို့ရတာအဆင်ပြေတယ်။ အခုနောက်ပိုင်းမှာ ဈေးက တစ်ကီလိုကို တစ်ယွမ်ကျော်လောက်ပဲရတော့ တွက်ခြေမကိုက်တဲ့အတွက် သိပ်မပို့ကြတော့ဘူး"ဟု ပြောသည်။ ဖရဲသီးအမျိုးအစားများအနေဖြင့် အစိမ်းပုတ်နှင့် အဖြူဟူ၍ အရောင်နှစ်မျိုးထွက်ရှိပြီး အစိမ်းပုတ်မှာ နူးညံ့ပြီး အရည်ပို၍ချိုသဖြင့် ပိုမိုလူကြိုက်များကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရသစာပေကျက်သရေ

**ယောနကဘိုးထောင်**

ရသစာပေဆိုတာ အရသာကိုးမျိုးနဲ့ ဖွဲ့စည်းထားတာပါ။ ရသစာပေဟာ ကောင်းကင်ကြီးလို မြင့်မားကျယ်ပြန့်ပါတယ်။ ယနေ့ လူငယ်တွေ နူးညံ့သိမ်မွေ့ ယဉ်ကျေးလိမ္မာဖို့ ရသစာပေဖတ်ကြဖို့ အထူးလိုအပ်ပါတယ်။ ရသစာပေဖတ်မှတ်လေ့လာသူဟာ အဖိုးတန်ရတနာကို စုဆောင်းထားတာနဲ့ တူပါတယ်။ ယနေ့ လူငယ်တွေရသစာပေ မဖတ်ကြတော့ဘူးလား။ ရသစာပေကို နည်းပညာတွေက ဝါးမျိုဖျက်ဆီးလိုက်ပြီလား။ စဉ်းစားကြည့်မိပါတယ်။ လေ့လာသုတေသနပြုမိပါတယ်။ ဒီနေ့ဒီအချိန်အခါမှာ စာဖတ်လူသားတွေမပျက်စီးသေးပါဘူး။ သက်သေအဖြစ်နဲ့ စာအုပ်ဆိုင်ကြီးတွေက ဆိုင်ခွဲတွေဖွင့်လှစ်တိုးပွားလာပါတယ်။ စူပါမားကတ်စာအုပ်ကောင်တာတွေမှာ စာအုပ်စာပေတွေများစွာ ရောင်းနေရပါတယ်။ စာအုပ်အငှားဆိုင်ပျောက်သွားလို့ စာဖတ်နှုန်းကျသွားပြီ မထင်လိုက်ပါနဲ့။ စာအုပ်အရောင်းဆိုင်တွေမှာ ဝယ်ဖတ်သူတွေများပြားလာပါတယ်။ ရသစာပေတွေမရပ်တည်နိုင်ကြတော့ဘူးလား အမေးကို ပြန်ဖြေရရင်တော့ ရသစာရေးဆရာများရဲ့ စာအုပ်တွေများစွာရိုက်နှိပ်ရောင်းချနေရဆဲဖြစ်ပါတယ်။

ရသစာပေသမိုင်းသြဇာဟာ ဖွံ့ဖြိုးတိုးတက်ပန်းပန်လျက်နေဦးမှာပါ။ ကမ္ဘာ့လူသား၊ မြန်မာ့လူသားတွေ ရှိနေသရွေ့ မြန်မာစာပေမပျောက်သရွေ့ ရသစာပေလည်း မပျောက်နိုင်ပါဘူး။ လူငယ်တွေဟာ ကမ္ဘာကြီးကို ကျယ်ပြန့်စွာ မြင်ကွင်းစုံနဲ့ မြင်နိုင်ပါပြီ။ မြန်မာ့မြေနဲ့ ကမ္ဘာပေါ်က အဖြစ်အပျက်တွေကို မိနစ်ပိုင်းအတွင်း သိခွင့်ရနေပါတယ်။ သိချင်တာ၊ ကြည့်ချင်တာကို အင်တာနက်ကွန်ရက်ကို အသုံးပြုမွှေနှောက်ကြည့်နိုင်ပါပြီ။

အသွားအလာ အသိအမြင်ကျယ်ပြန့်လာပြီဖြစ်ပါတယ်။ ဖတ်နိုင်ပါပြီ။ မြန်မာနဲ့ ကမ္ဘာပေါ်က အနုပညာဖန်တီးမှုများနဲ့ အတတ်ပညာတွေကို ထိုင်ရာမထမြင်တွေ့လေ့လာခံစားလို့ရနေပါတယ်။ ကမ္ဘာကြီးဟာရွာကြီးတစ်ရွာအသွင်ကို ပြောင်းလဲသွားပြီဖြစ်ပါတယ်။ ဒီနေ့ လူငယ်တွေဟာ ခေါင်းငြိမ့်လက်ညှိုးထောင်မယ့် လူငယ်တွေမဟုတ်တော့ပါဘူး။ လူငယ်စာဖတ်ပရိသတ်တွေဟာ ပြောတိုင်းယုံတဲ့ ပုတ်သင်ညိုတွေမဟုတ်တော့ပါဘူး။ အသိအလိမ္မာရသများစွာကို ရင်ဝယ်ပိုက်ထားနိုင်ကြပါတယ်။ စဉ်းစားတွေးခေါ်မြော်မြင်ပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ လုပ်ဆောင်နိုင်လာပါပြီ။

ဒါကြောင့် ခေတ်မီမီ ကမ္ဘာကြီးကို ကြည့်မြင်နိုင်လို့ စာဖတ်သူလူငယ်များဟာ အသိအမြင်ကျယ်ပြန့်တိုးတက်နေပါတယ်။ ခေတ်လူငယ်တွေကို လွှမ်းမိုးဖမ်းစားနိုင်မယ့် ရသစာပေမျိုးတွေ ဖန်တီးဖို့ခက်ခဲနက်နဲလေ ဖြစ်လာပါတယ်။ ပြောင်းလဲလာသော ခေတ်အခြေအနေနဲ့ အဖြစ်အပျက်များအပေါ် စိတ်ခံစားမှုစီးမျောပျော်ဝင်နိုင်ဖို့ လိုအပ်ပါတယ်။ လူငယ်တွေရဲ့ စိတ်အာရုံကို လွှမ်းမိုးဖမ်းစားနိုင်မယ့်ရသစာပေမျိုးဆက်သစ် “ရွှေရေးထင်ထင်” ထွက်ပေါ်လာခဲ့ပါတယ်။

လိုင်းစာအုပ်နဲ့ အမည်ခံစာရေးဆရာတွေ စားကွက်ပျောက်သွားပါတယ်။ ရသစာပေစစ်စစ်တွေ တစ်ခေတ်ဆန်းပြန်လည်ခေါင်းထောင်လာပါတယ်။ မြသန်းတင့်ဘာသာပြန်ရသ၊ မောင်ထွန်းသူ ဘာသာပြန်ရသ၊ မောင်ပေါ်ထွန်း ဘာသာပြန်ရသစတဲ့ စာအုပ်လက်ရာတွေ ထွန်းပြောင်ဝင်းလက်ဆဲရှိနေပါတယ်။ ကြည်အေး၊ ဂျာနယ်ကျော်မမလေး၊ ဒဂုန်ခင်ခင်လေး၊ ခင်နှင်းယု၊ တက္ကသိုလ်ဘုန်းနိုင်စတဲ့ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ရသစာပေတွေဟာ နှစ်ရှည်လများ အကြိမ်ကြိမ်ရိုက်နှိပ်ရောင်းချနေရဆဲဖြစ်ပါတယ်။

တိုင်းပြည်နိုင်ငံတစ်ခုမှာ စာပေအမျိုးအစား၊ ပုံသဏ္ဌာန်ကွဲပြားခြားနားလေ့ရှိပါတယ်။ တချို့အချစ်ရသဝတ္ထုထဲကလည်း လူငယ်တွေကို ကောင်းမွန်ရာလမ်းညွှန်ပေးနိုင်ပါတယ်။ ပုညခင်ရဲ့ ကျွန်မကနှင်းဆီပါမောင် အချစ်ရသဝတ္ထုဟာ ဒါရိုက်တာဝိုင်းရဲ့လက်ရာ ရုပ်ရှင်ဘက်မှာ အတော်ပေါက်မြောက်အောင်မြင်သွားခဲ့ပါတယ်။ ရသစာပေသြဇာအပေါ်မှာ ထပ်ဆင့်ပံ့ဖော်သူဝိုင်းနဲ့ ဖွေးဖွေးတို့အကယ်ဒမီရရှိသည်အထိ အရှိန်အဝါကြီးမားခဲ့ပါတယ်။ ရသစာပေရဲ့အတိတ်ကာလ စာပေသြဇာ၊ ရုပ်ရှင်နှင့် ထပ်ဆင့်အောင်မြင်မှုတွေများစွာရှိခဲ့ပါတယ်။

ရသဝတ္ထုကနေ ရုပ်ရှင်ကိုပြောင်းလဲရိုက်ကူးရာမှာ မြသန္တာရဲ့ နော်ရင်မွှေး ဇာတ်ကားထဲက စိုးမြတ်သူဇာ အကယ်ဒမီရခဲ့ပါတယ်။ ခင်စန်းမွန်ရဲ့ ရသဝတ္ထုငါ သူတပါး ယောကျ်ား မိန်းမ ဇာတ်ကားမှာလည်းခင်ဇာခြည်ကျော်အကယ်ဒမီရရှိခဲ့ပါတယ်။ လက်ာရည်ကျော်ရဲ့ ရသဝတ္ထုမှာလည်း တန်းဝင်အကယ်ဒမီရခဲ့ပါတယ်။ ဂျူးရဲ့ ရသဝတ္ထုတွေဆိုရင်လည်း ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်အောင်မြင်ခဲ့ပါတယ်။ မစန္ဒာရဲ့ ရသဝတ္ထုတွေဟာ ရုပ်ရှင်ဇာတ်ကားကြီးတွေမှာ လူငယ်ပရိသတ်အကြားထင်ရှားပေါ်လွင်ခဲ့ပါတယ်။ သဘင်၊ ဂီတ၊ ရုပ်ရှင်တွေနဲ့ ပတ်သက်ဆက်နွှယ်ပြီးတော့ ရသစာပေတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဒါတွေဟာ ရသစာပေကျက်သရေဆောင် အလှတရားတွေပါ။

နှစ်ရှည်လများ အားကောင်းမောင်းသန်ခဲ့သော လုံးချင်းဝတ္ထုလိုင်းဟာ ၂၀၁၃ ခုနှစ်မှာ တဖြည်းဖြည်းကျဆင်းခဲ့ပါတယ်။ လူတွေဆင်းရဲလွန်းမှုကြောင့် ရသစာပေကို မခံစားနိုင်တာလည်း ပါဝင်ပါတယ်။ ခေတ်ကာလ ပွင့်လင်းလာမှု၊ နည်းပညာတိုးတက်လာမှုကြောင့် အငှားဆိုင်ဖတ်လုံးချင်း ဝတ္ထုအခြေအနေ ယိုင်လဲသွားခဲ့ပါတယ်။ စာအုပ်အမျိုးအစားထဲမှာ စေတနာမှန်နဲ့ ရိုးရိုးသားသား ကြိုးကြိုးစားစား ရေးသူများပါဝင်နေပါတယ်။

ငွေကြေးအတွက် လုပ်စားအမည်ခံစာရေးဆရာအချို့လည်း ရှိနေပါတယ်။ ဒါပေမမယ့် စေတနာမှာ အသွားအပြန်ရှိပါတယ်။ ရိုးသားမှုတန်ခိုးကြီးပါတယ်။ လုံးချင်းဝတ္ထုလောကဟာ စေတနာမှန်ကန်သူများသာ ကျန်ရစ်ခဲ့ပါတော့တယ်။ ဥပမာ ပြောရရင်စပါးကို ဖျက်တာစပါးထဲက ပိုးပါပဲ။ ဝါကိုဖျက်တာ ဝါထဲက ပိုးဆိုသလို စာပေကိုဖျက်တာ စာပေထဲက ပိုးအဖျက်အဆီးတွေကြောင့်ပါ။

ရသစာပေဝတ္ထုလိုင်းမှ ရသစာပေဟာရွှေထီးဆောင်းနေဆဲပါ။ ရှေးယခင်က စာရေးဆရာကြီးများရဲ့ စာအုပ်စာပေတွေ အကြိမ်ကြိမ်ရိုက်ထုတ်ရောင်းဝယ်နေရပါတယ်။ စမ်းစမ်းနွဲ့ (သာယာဝတီ)ရဲ့ စာအုပ်တွေဟာလည်း ဈေးကွက်ဝင်နေဆဲပါ။ မစန္ဒာဝတ္ထု၊ မိုးမိုး(အင်းလျား)ဝတ္ထုတွေ ရောင်းအားကောင်းနေဆဲပါ။ ခင်ခင်ထူးရဲ့ တောခလေ့ သဘာဝစာအုပ်တွေကို လူငယ်တွေနှစ်သက်စွဲလန်းနေတုန်းပါပဲ။ ဂျူး၊ လက်ာရည်ကျော် လုံးချင်းရသစာပေ ရောင်းအားကောင်းဆဲပါ။ မင်းလူရဲ့ ရသစာအုပ်အဝယ်လိုက်ဆဲပါ။ အခြားသော သုတ၊ရသ၊အတ္ထုပ္ပတ္တိ စာအုပ်တွေကလည်း ရောင်းအားကောင်းနေပါတယ်။ ဒီနေ့ စာဖတ်သူတွေဟာ စာကို ရွေးချယ်ဖတ်တက်လာခြင်းပညာ ရရှိသွားပါတယ်။ အချိန်ရှားပါးပြီး စားဝတ်နေရေးရုန်းကန်မှုများအကြားက မိမိကို ပြန်လည်အကျိုးကျေးဇူးပြုနိုင်သော စာပေများကို ဖတ်နေကြပါတယ်။ အကာကိုပစ် အနှစ်ကိုယူသော စာဖတ်ကျင့်တွေရရှိသွားကြပါပြီ။ စာကောင်းပေမွန်များကိုသာ ရွေးချယ်ဖတ်ရှုလာကြပါတယ်။

ရသစာပေဖန်တီးရှင်စာရေးဆရာများဟာ စာပေနဲ့ အမြဲတစေ ပျော်ဝင်စီးမျောနေဖို့ အထူးလိုအပ်ပါတယ်။ စုတုပြုလုပ်ငန်းတွေမှာ လှံ့လဖွဲ့သတ္တိတွေလိုပါတယ်။ ဆရာကြီးမင်းသုဝဏ်ရဲ့ စကားကိုတင်ပြလိုပါတယ်။ “စာရေးဆရာဟာ အစား၊အနေ၊အဝတ်ဆင်းရဲနေရင် စာကောင်းပေမွန်တွေမရေးနိုင်တော့ဘူး။ ဘဝဝမ်းရေးအတွက် လုံးပမ်းလုပ်ကိုင်နေရတော့ စာပေစွမ်းအင်ရေးသားမှုတွေမှာ အားနည်းလာပါတယ်။ စာရေးဆရာဟာ ချမ်းသာကြွယ်ဝသွားပြန်ရင်လည်း စာပေလုပ်ငန်းကိုလှည့်မကြည့်တော့ဘူး။ ထင်ပေါ်ကျော်ကြားစာရေးဆရာဖြစ်ဖို့ရာမှာ မရှိမရှား ပူပင်ကြောင့်ကျမှုကင်းရင်ဖြစ်တယ်”လို့ ဆိုပါတယ်။

ရသစာပေဖန်တီးရှင်ဟာ စာတွေ့လက်တွေ့များကို ဝမ်းစာဖြည့်နိုင်ဖို့ အထူးလိုအပ်ပါတယ်။ စာပေသြဇာစိုးမိုးနိုင်အောင် နေ့မနားညမနားကြိုးစားအားထုတ်ဖို့လိုပါတယ်။ ရသစာအုပ်စာပေရှားပါးချိန်မှာ အချို့ရသစာပေရေးဆရာတွေဟာ နိုင်ငံရေးစာပေ၊သတင်းစာပေထဲကိုဝင်ရောက်သွားကြပါတယ်။ ရသစာပေနယ်မှာ “ရှင်နည်းရာ အဂ္ဂလူထွက်”ဆိုသလို ရသစာပေပညာရှင်တွေရှားလာပါတယ်။ ရသစာရေးဆရာတွေ မည်သည့်ဘက်မှာ ချိန်ခွင်အလေးသာမလဲဆိုတာ အဖြေရှာဖို့လိုအပ်ပါတယ်။ နိုင်ငံရေးအပြောင်းအလဲ တိုင်းပြည်အခြေအနေတွေကြောင့် ရပ်တည်မှုရွေးချယ်စရာဖြစ်ပေါ်လာပါတယ်။ ရသစာပေစာရေးဆရာတချို့ဟာ အတိုက်အခံပါတီဘက်က ပြတ်ပြတ်သားသားရပ်တည်လာကြပါတယ်။ တချို့ရသစာပေသမားတွေက လက်ရှိအစိုးရအပေါ်ယုံကြည်သက်ဝင်နေကြပါတယ်။

အမှန်မှာတော့ ပြည်သူလူထုချစ်သော ရသစာရေးဆရာတွေဟာ အာဏာမရှိသော်လည်း စာပေသြဇာမှာတော့ ထိရောက်လှပါတယ်။ အစိုးရဆိုတာ အမြဲမရှိနိုင်ပါ။ နှစ်ကာလအပိုင်းအခြားတစ်ခုပြီးဆုံးလျှင် အစိုးရသက်တမ်းပြောင်းလဲသွားစမြဲပါ။ အမြဲအစဉ်ထုထည်ကြီးမားခိုင်မြဲနေတာကတော့ ပြည်သူလူထုတွေပဲဖြစ်ပါတယ်။ ရသစာပေရေးဆရာဟာ မည်သည့်အစိုးရဘက်ကမှ ရပ်တည်စရာမလိုပါဘူး။ ပြည်သူလူထုဘက်တော်သားအဖြစ် ထာဝရအမြဲအစဉ်ရှိနေဖို့ လိုပါတယ်။

ပြည်သူလူထုအကျိုးစီးပွားကို ထိခိုက်လာလျှင် ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိပါတယ်။ တရားဥပဒေအမှန်တရားယိမ်းယိုင်နေလျှင် မည်သည့်အဖွဲ့အစည်းကိုမဆို ရဲရဲပြတ်သားစွာ ထောက်ပြနိုင်ရပါမယ်။ ဘယ်ပါတီပဲဖြစ်စေ၊ ဘယ်အစိုးရပဲဖြစ်စေ ပြည်သူလူထုအပေါ်မမှန်မကန်လုပ်လာလျှင် စောင့်ကြည့်ကာ တာဝန်အရရေးသားရမှာ ဖြစ်ပါတယ်။ အမှန်တရား လက်ကိုင်ထားလာနိုင်အောင် ပြည်သူလူထုဘက်မှ ပါဝင်လိုက်ပါလုပ်ဆောင်ရပါမယ်။ ရသစာရေးဆရာရဲ့ ရပ်တည်မှုမှာ ဗိုင်းရပ်စ်ကင်းစင်နေဖို့ အထူးလိုအပ်ပါတယ်။

စာပေဖွံ့ဖြိုးတိုးတက်ထွန်းကားရေးမှာလည်း စာကြည့်တိုက်များရဲ့ အကူအညီလိုအပ်ပါတယ်။ စာကြည့်တိုက်လုပ်ငန်းတာဝန်ကို သစ္စာရှိရှိ တာဝန်သိသိလုပ်ဆောင်နိုင်ရပါမယ်။ ရသစာပေမြင့်မားလာရေးမှာ တော်ဝင်စံတင်နိုင်မှာ ဖြစ်ပါတယ်။ စာကြည့်တိုက်တွေဟာ ရှေ့ဆောင်လမ်းပြစေတနာ၊ မေတ္တာ၊သစ္စာထားကြရင် အောင်ပွဲခံအောင်လံလွှင့်နိုင်မှာပါ။

ရသစာပေအားကောင်းမောင်းသန်ဖြစ်ဖို့ရာ စာပေဆုရဲ့ တန်ဖိုးကလည်း များစွာ အထောက်အကူပြုပါတယ်။ မြန်မာနိုင်ငံမှာ စာပေဆုအမျိုးအစားအများကြီးရှိနေပါပြီ။ နိုင်ငံတော်အဆင့် စာပေဆုသာမက အဖွဲ့အစည်းစာပေဆု၊ လူပုဂ္ဂိုလ်များကပေးသော စာပေဆုများစွာထွက်ပေါ်လျက်ရှိပါတယ်။ ရသစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အားဖြစ်ပါတယ်။ စာပေဆုချီးမြှင့်မြောက်စားဂုဏ်ပြုခြင်းဟာ စာပေနယ်အတွက် ကောင်းသောအလုပ်ဖြစ်ပါတယ်။ စာပေဆုများရဲ့တန်ဖိုးဟာ အကဲဖြတ်အဖွဲ့ဝင်တွေရဲ့ အကြိုက်ထက်ပိုမိုနက်ရှိုင်းကျယ်ပြန့်သင့်ပါတယ်။ အကဲဖြတ်အဖွဲ့ဝင်တွေရဲ့ စာပေအမြင်ကျယ်ခြင်း၊ စာပေဆိုင်ရာအသိမြင့်မြတ်ခြင်း၊ အတွေ့အကြုံရင့်ကျက်ခြင်း၊ သမိုင်းကောင်းအမွေထွန်းပြောင်ခြင်း၊ ခေတ်နှင့်အညီ တွေးခေါ်ဆုံးဖြတ်တတ်ခြင်း စတဲ့ရသစာပေဆုရွေးချယ်မှုအပေါ် အထူးအကျိုးသက်ရောက်ပါတယ်။ ဒါကြောင့်စာပေဆုအကဲဖြတ်အဖွဲ့ဝင်များရဲ့ ဂုဏ်သိက္ခာနဲ့ ဉာဏ်သမာဓိပညာကြီးမားလေ စာပေဆုတန်ဖိုးမြင့်မားလာလေဖြစ်ပါတယ်။

နိုင်ငံတော်အမြင့်ဆုံးစာပေဆုချီးမြှင့်မှုငွေဟာ နည်းလွန်းလှပါတယ်။ ဆုချီးမြှင့်ငွေတိုး၍ ချီးမြှင့်နိုင်ပါက ရသစာပေဖွံ့ဖြိုးတိုးတက်ရေးမှာ အားအင်တစ်ရပ်ဖြစ်စေပါတယ်။ ၁၉၉၁ ခုနှစ် အမျိုးသားစာပေရသဝတ္ထုရှည် နော်ရင်မွှေးရေးသူ မြသန္တာနှင့် ရသဝတ္ထုတို လယ်တောမှအပြန်နှင့် လက်ရွေးစင်ဝတ္ထုတိုများ ရေးသူတင်လင်းတို့က ရရှိခဲ့ပါတယ်။ ၁၉၉၂ ရသဝတ္ထုတို ဆယ့်နှစ်ကြိုးဝတ္ထုတိုများ ရေးသူနေဝင်းမြင့်ရရှိခဲ့ပါတယ်။ ၁၉၉၃ ရသဝတ္ထုရှည် မြစိမ်းပြာကမာရွတ်ရေးသူ နုနုရည်(အင်းဝ)နှင့် ရသဝတ္ထုတို အီကွေတာပိတောက်နှင့် အခြားဝတ္ထုတိုများ ရေးသူဒေါက်တာ ရဲနိုင်တို့ ရရှိခဲ့ပါတယ်။ ၁၉၉၄ ရသဝတ္ထုရှည် ဘဝအိပ်မက်ပန်းအိပ်မက်ရေးသူ မစန္ဒာနှင့် ရသဝတ္ထုတို ပေါင်းချုပ် ဘာကိုရွေးမလဲရွာလေးရယ်နှင့် အခြားဝတ္ထုတိုများ ရေးသူဆောင်းဝင်းလတ်တို့ကရရှိခဲ့ပါတယ်။ ၁၉၉၅ ရသဝတ္ထုရှည် မြကြာဖြူရေးသူ ခင်နှင်းယုနှင့် ရသဝတ္ထုတို လူသုံးကုန်ပစ္စည်းရောင်းသူများနှင့် အခြားဝတ္ထုတိုများ ရေးသူဖေမြင့်တို့က ရရှိခဲ့ပါတယ်။ ၁၉၉၆ ရသဝတ္ထုရှည် တံလျှပ်၏ တစ်ဖက်ကမ်းမှာ ရေးသူခင်စန်းမွန်နှင့် ရသဝတ္ထုတိုရေးသူကိုဆေးရိုး (၆) ရေးသူ ဆင်ဖြူကျွန်းအောင်သိန်းတို့ရရှိခဲ့ပါတယ်။

၁၉၉၇ ရသဝတ္ထုရှည်အချစ်၏ နောက်ဆက်တွဲစာမျက်နှာ ရေးသူ ဝင်းဝင်းလတ်နှင့်ရသဝတ္ထုတို မွှေးမွှေးချိုချို ဝတ္ထုတိုများ ရေးသူကိုနေ(ကောလင်း)တို့ရရှိခဲ့ပါတယ်။ ၁၉၉၈ ရသဝတ္ထုရှည်ချောင်းရေယဉ်လျှမ်းပါလို့ လမ်းမသိပါပြီ ရေးသူနန္ဒာစိုး (ဆင်ဖြူကျွန်း)နှင့် ရသဝတ္ထုတို ခယောင်းမြေမှာပန်းတွေကမွှေး ရေးသူနေမျိုးသန့်တို့က ရရှိခဲ့ပါတယ်။ ၁၉၉၉ ရသဝတ္ထုရှည် အိပ်မက်အလွမ်း ရေးသူ ကောင်းသန့်နှင့် ရသဝတ္ထုတို -ဝတ္ထုတို(၃)ရေးသူ မစန္ဒာတို့ ရရှိခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်ရသဝတ္ထုတို ကမာရင်ကွဲနဲ့ အခြားဝတ္ထုတိုများ ရေးသူမိချမ်းဝေရရှိခဲ့ပါတယ်။

၂၀၀၁ ရသဝတ္ထုရှည် လွမ်းလောက်ပေသည် ရေးသူ ဆောင်းဝင်းလတ်နှင့် ရသဝတ္ထုတို တောရထားနှင့် အခြားဝတ္ထုတိုများ ရေးသူမြို့သာမရာထိုက ရရှိခဲ့ပါတယ်။ ၂၀၀၂ ရသဝတ္ထုရှည် ဆဋ္ဌဂံရေးသူ မစန္ဒာနှင့် ရသဝတ္ထုတို သဏ္ဌာန်မဲ့ ထုထည်ဝတ္ထုတိုစု ရေးသူ သန်းမြင့်အောင်တို့က ရရှိခဲ့ပါတယ်။ ၂၀၀၃ ရသဝတ္ထုရှည် နံနက် ၃ နာရီ ရေးသူဆောင်းဝင်းလတ်နှင့် ရသဝတ္ထုတို ဖက်စိမ်းကွမ်းတောင်ရေးသူ ခင်ခင်ထူးတို့ ရရှိခဲ့ပါတယ်။ ၂၀၀၄ ရသဝတ္ထုတို ခံစားမှုသိပ်သည်းဆအမှတ်တရဝတ္ထုတိုများ ရေးသူဒေါင်းနေမင်းက ရရှိခဲ့ပါတယ်။ ၂၀၀၅ ရသဝတ္ထုရှည် နေမင်းတထောင် (ရှစ်အုပ်တွဲ) ဆင်ဖြူကျွန်းအောင်သိန်းနှင့် ရသဝတ္ထုတို အိပ်တန်းပြန် မုဒိတာငှက်များ ဝတ္ထုတိုစုစည်းမှု ရေးသူ ယဉ်ယဉ်နု(မန္တလေး) တို့က ရရှိခဲ့ပါတယ်။ ၂၀၀၆ ရသဝတ္ထုတို ဗေထိသံ ဝတ္ထုတိုများ ရေးသူကြည်နိုင်က ရရှိခဲ့ပါတယ်။ ၂၀၀၇ ရသဝတ္ထုရှည် တိမ်ယံအိပ်မက်မိုးထက်နရီ ရေးသူဆူးငှက်နှင့် ရသဝတ္ထုတို အိမ်ကလေး ၁၆လုံး ရေးသူနေဝင်းမြင့်တို့က ရရှိခဲ့ပါတယ်။

၂၀၀၈ ရသဝတ္ထု သင်္ဂါရ -ရသဝတ္ထုတိုများ ရေးသူကြူကြူသင်းက ရရှိခဲ့ပါတယ်။ ၂၀၀၉ ရသဝတ္ထုရှည် ဒေါက်တာ ရွှေသွေးနှင့် မပန်းမှုံရေးသူ လက်ာရည်ကျော်နှင့် ရသဝတ္ထုတို တံငါအသည်းမာရဲသလားဟေ့နှင့် အခြားဝတ္ထုတိုများ ရေးသူမောင်ခြိမ့်တို့က ရရှိခဲ့ပါတယ်။ ၂၀၁၀ ရသဝတ္ထုတို ဘူတာရုံကလေး ဝတ္ထုတိုစုစည်းမှု ရေးသူ ရဲသျှမ်းကရရှိခဲ့ပါတယ်။ ၂၀၁၁ ရသဝတ္ထုတို ဆီမုဆိုးနှင့် အခြားဝတ္ထုတိုများရဲမြတ်တင်က ရရှိခဲ့ပါတယ်။ ၂၀၁၂ ရသဝတ္ထုရှည် မပြောဖြစ်ခဲ့တဲ့စကား ရေးသူထက်နိုင်(တလုပ်မြို့)နှင့်ရသဝတ္ထုတို ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ ရေးသူခင်မြဇင်တို့ကရရှိခဲ့ပါတယ်။ ၂၀၁၃ ရသဝတ္ထုရှည်သီလဝံခား ရေးသူ နိုင်ဇော်နှင့် ရသဝတ္ထုတိုနှလုံးသားပေါ် သွေးတဲ့ခားနှင့် မဂ္ဂဇင်းဝတ္ထုတိုများ ရေးသူဝေ(စီးပွားရေးတက္ကသိုလ်) တို့ကရရှိခဲ့ပါတယ်။ ၂၀၁၄ ရသဝတ္ထုရှည် မြောက်ဖျားဆီကအလွမ်းရာသီ ရေးသူ စံပယ်ဖြူနုက ရရှိခဲ့ပါတယ်။ စာပေဆုတန်ဖိုးဟာ ရသစာပေကျက်သရေကို တိုးတက်မြင့်မားစေခဲ့ပါတယ်။

ရသစာပေကို နှစ်ပေါင်းများစွာ ချုပ်ချယ်ကန့်သတ်မှုကြားက ထိုးဖောက်ဖွံ့ဖြိုးရှင်သန်လျက်ရှိခဲ့ပါတယ်။ ခေတ်စနစ်ကိုချည်း အပြစ်တင်လို့မရပါ။ ရသစာပေကို မင်းတို့ ခေတ်ကြမှ ညံ့တော့မှာလား လို့မေးခွန်းထုတ်ရတော့မလိုဖြစ်နေပါပြီ။ နှစ်ပေါင်းအတော်ကြာမှ ကင်းလွတ်လာချိန်တွင် ရသစာပေရေးသူ၊ဖန်တီးသူတို့ တာဝန်ကျေဖို့လိုအပ်ပါတယ်။ ဒီနေ့ ရသစာပေတိုးတက်မြင့်မားစေဖို့ရာမှာ ခေတ်အဖြစ်အပျက်၊ ခေတ်ဝေဒနာ၊ ခေတ်ကြေးမုံအဆိုးအကောင်း အကျိုးအကြောင်းတွေကို မှန်ကန်သော ရှုထောင့်ကတင်ပြရေးဖွဲ့နိုင်ပါပြီ။ ခေတ်မီဆန်းသစ်သော ရသစာပေများ ဆက်လက်ပေါ်ထွန်းလာရန် မျိုးဆက်သစ်များကို ပျိုးထောင်မွေးထုတ်နိုင်ဖို့ အရေးကြီးပါတယ်။ ရသစာပေကျက်သရေတင့်တယ်စေဖို့မှာ စာရေးသူ ကြိုးစားအားထုတ်မှု၊ ထုတ်ဝေဖြန့်ချိသူနှင့် စာအုပ်အရောင်းဆိုင်များ တူတူညီညီ ရယ်ရယ်ပြုံးပြုံးလုပ်ကိုင်ဖို့လိုအပ်ပါတယ်။ ရသစာပေ ကလောင်ကြီး၊ ကလောင်သေး၊ ကလောင်ဟောင်း၊ ကလောင်သစ်တို့ ဒီမိုကရေစီအားမာန်နှင့်အတူ ထုဆစ်ပုံဖော်ကြိုးစားအားထုတ်ကြရန် အထူးလိုအပ်လှပါတယ်။ ။

**ပြည်သူလူထုအကျိုးစီးပွားကို ထိခိုက်လာလျှင် ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိပါတယ်။ တရားဥပဒေအမှန်တရားယိမ်းယိုင်နေလျှင် မည်သည့်အဖွဲ့အစည်းကိုမဆို ရဲရဲပြတ်သားစွာ ထောက်ပြနိုင်ရပါမယ်။ ဘယ်ပါတီပဲဖြစ်စေ၊ ဘယ်အစိုးရပဲဖြစ်စေ ပြည်သူလူထုအပေါ် မမှန်မကန်လုပ်လာလျှင် စောင့်ကြည့်ကာ တာဝန်အရရေးသားရမှာ ဖြစ်ပါတယ်။ အမှန်တရား လက်ကိုင်ထားလာနိုင်အောင် ပြည်သူလူထုဘက်မှ ပါဝင်လိုက်ပါလုပ်ဆောင်ရပါမယ်။ ရသစာရေးဆရာရဲ့ ရပ်တည်မှုမှာ ဗိုင်းရပ်စ်ကင်းစင်နေဖို့ အထူးလိုအပ်ပါတယ်။**

# မြန်မာနိုင်ငံ မီဒီယာလောကအခြေအနေနှင့် နိုင်ငံပိုင်သတင်းမီဒီယာများအပေါ် အမြင်များ

**အစိုးရသစ်ဖွဲ့စည်းပြီး တစ်လကျော် ကြာမြင့်ပြီးသည့်နောက် သတင်းမီဒီယာဆိုင်ရာ "Policy Dialogue" ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပခဲ့သည်။ မီဒီယာဖွံ့ဖြိုးရေး၊ ရုပ်သံဥပဒေနှင့် နိုင်ငံပိုင်မီဒီယာများ၏ အသွင်ကူးပြောင်းရေး ခေါင်းစဉ်များအပေါ် အကြံပြုချက်နှင့် ဆွေးနွေးချက်များသည် အစိုးရသစ်နှင့် ပြန်ကြားရေးဝန်ကြီးဌာနအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ကျင်းပကြောင်း သိရသည်။**


ဦးဇင်လင်း


Kavi Chongkittavorn


ဦးမြင့်ကျော်


ဦးသီဟစော


ဦးအောင်ရှင်


ဦးဖေမြင့်

အဆိုပါ ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည့် တိုင်းရင်းသား မီဒီယာများ၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ နိုင်ငံပိုင် သတင်းမီဒီယာများ ရှိသင့်/မရှိသင့်၊ အစိုးရသစ်နှင့် သတင်းမီဒီယာများ အကြားဆက်ဆံရေး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ရှေ့ဆက်ဆောင်ရွက်မည့် မူဝါဒသဘောထားများကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးဇင်လင်း (အတိုင်ပင်ခံ အယ်ဒီတာ၊ BNI သတင်းဌာန)**

လက်ရှိ တိုင်းရင်းသားမီဒီယာအများစုဟာ အမျိုးသားရေး စိတ်ဓာတ်ဆိုတာနဲ့ ရပ်တည်နေကြတာ များတယ်။ ရုန်းကန်ကြိုးစားပြီး ရပ်တည်နေရတယ်။ သတင်းဌာန တစ်ခုချင်းမှာ သတင်းထောက်၊ အယ်ဒီတာ စသည်ဖြင့် လူသား အရင်းအမြစ်ဟာ သတင်းဌာနတစ်ခုရဲ့ ဖွဲ့စည်းပုံအတိုင်း မလုံလောက်ဘူး။ တိုင်းရင်းသား ဒေသဖြစ်တာကြောင့် ဝေးလံခေါင်သီတယ်။ သတင်းသွားယူရတဲ့နေရာတွေက ခရီးသွားရတာ၊ တည်းခိုရတာကအစ အခက်အခဲတွေရှိတယ်။ ကျွန်တော်တို့ BNI က ဝက်ဘ်ဆိုက်ရော FM ပါ၊ တိုင်းရင်းသားဘာသာနဲ့ ထုတ်လုပ်တဲ့ရုပ်သံသတင်းကို DVBချန်နယ်ကနေ လွှင့်တာရှိတယ်။ ရေဒီယိုပိုင်းမှာ VOA ကတစ်ဆင့် တိုင်းရင်းသား ဘာသာစကားနဲ့ လွှင့်တာရှိတယ်။

ဌာနဆိုင်ရာမှာ သတင်းရယူတာနဲ့ တိုင်းရင်းသားဒေသတွေမှာ သွားလာရတာဟာ တိုင်းရင်းသား မီဒီယာတွေအတွက်အခက်ခဲဆုံး ကိစ္စလို့ ပြောလို့ရတယ်။ လက်နက်ကိုင်အဖွဲ့တွေက သတင်းမီဒီယာတွေကို သတင်းပေးရမယ်။ မီဒီယာဟာ သူတို့ရဲ့ မိတ်ဆွေ ဖြစ်တယ်လို့ ယူဆထားတယ်။ အစိုးရဌာနဆိုင်ရာတွေနဲ့ တပ်မတော်ဘက်ကို သတင်းရယူရင် အခက်အခဲအများကြီးရှိတယ်။ နည်းနည်းပါးပါးပဲ မေးလို့ရတယ်။ များသောအားဖြင့် လုံခြုံရေးအကြောင်းပြချက်ကြောင့် သတင်းရယူဖို့ ခက်ခဲတယ်။ ကရင်ပြည်နယ် တစ်ခုမှာပဲ ရုံဖန်ရံခါတပ်မတော်ဘက်ဆိုင်ရာ အကြီးအကဲ တချို့ရဲ့ အတည်ပြုချက် ရဖူးတာရှိတယ်။ မွန်ပြည်နယ်မှာ အနည်းအကျဉ်းရှိတယ်။ ကျန်တဲ့ ပြည်နယ်တွေမှာ မရဘူး။ ပြောင်းလဲနေတဲ့ အချိန်ကာလမှာ တပ်မတော်ဘက်ကလည်း ဖြစ်ပေါ်နေတဲ့ သတင်းတွေအပေါ်မှာ အနည်းဆုံး ဟုတ်တယ်၊ မဟုတ်ဘူး အတည်ပြုပေးနိုင်ရင် ကောင်းပါတယ်။

တိုင်းရင်းသား ဘာသာစကားနဲ့ လွှင့်နိုင်ဖို့ သတင်းမီဒီယာ ပညာရပ်တွေကို အစိုးရက တာဝန်ယူ ဖြန့်ဖြူးပေးဖို့လိုသလို တိုင်းရင်းသားဒေသတွေမှာ သူတို့အတွက် မီဒီယာတွေ ပေါ်ပေါက်လာဖို့ အစိုးရက စီစဉ်ပေးဖို့ လိုတယ်။ ငွေကြေးအပါအဝင် ရုံးပိုင်းဆိုင်ရာ အစစအရာရာ အားနည်းတာကြောင့် တိုင်းရင်းသားတွေမှာ အခွင့်အရေး တအားနည်းနေတယ်။ ဒီအပိုင်းတွေမှာ အစိုးရက ပံ့ပိုးပေးဖို့ လိုတယ်။ တိုင်းရင်းသားဒေသက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဘာတွေဖြစ်နေတယ်ဆိုတဲ့ သတင်းအမှန်တွေကို ဒါမှသာရနိုင်မယ်။ တိုင်းရင်းသား သတင်းတွေဟာ ဒီကနေ့မှာ အစိုးရရဲ့ မူဝါဒက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဦးတည်ထားတယ်။ အမျိုးသားပြန်လည်သင့်မြတ်ဖို့အစိုးရက တိုင်းရင်းသားတွေအတွက် ဘာတွေလုပ်ပေးနေတယ်ဆိုတာကိုလည်း တိုင်းရင်းသားတွေ သိဖို့လိုတယ်။ တိုင်းရင်းသားချန်နယ်တွေ ရှိမှသာလျှင် အပြန်အလှန်သတင်းဖလှယ်နိုင်ကြပြီး နားလည်မှုရနိုင်မယ်။

**Kavi Chongkittavorn (Media Expert, Thiland)**

အလျင်မလိုပါနဲ့။ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ အလွန်ကို လျင်မြန်လွန်းပါတယ်။ အားလုံးက တန်းတူညီမျှတဲ့ မီဒီယာကဏ္ဍဖြစ်ဖို့ဆိုတာ လိုအပ်ပါတယ်။ အားလုံးသော သက်ဆိုင်သူများကလည်း ဒီအပြောင်းအလဲအတွက် ပါဝင်ဖို့လိုပါတယ်။ ထိုင်းနိုင်ငံကို ဥပမာ ပေးပါမယ်။ ထိုင်းက ကောင်းတဲ့ ဥပမာ မဟုတ်ဘူး။ ထိုင်းမှာ လုပ်ခဲ့တဲ့ ရုပ်သံကို ဒစ်ဂျစ်တယ် အဖြစ်ပြောင်းခဲ့တာဟာ အစိုးရက မဖြစ်မနေ ပြောင်းခဲ့ခိုင်းတာပါ။ ဖြစ်ပေါ်တိုးတက်မှုက အလွန်ကို မြန်ခဲ့ပါတယ်။နှစ်နှစ်အတွင်းမှာ အားလုံးက ဒစ်ဂျစ်တယ် ဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာ လူ့ဘောင်အဖွဲ့အစည်းအားလုံးက အဆင်သင့် မဖြစ်သေးပါဘူး။ ဒါဟာသာဓကကောင်း မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ မီဒီယာ ပြုပြင်ပြောင်းလဲရေး လုပ်မယ်ဆိုရင် သက်ဆိုင်သူတွေ အားလုံး၊ ပါဝင်သူတွေ အားလုံး အဆင်သင့်ဖြစ်ဖို့ လိုပါတယ်။

တချို့ကဏ္ဍတွေမှာ ပုဂ္ဂလိကကဏ္ဍတွေက သိပ်မပါလာပါဘူး။ တချို့နေရာမှာတော့ အစိုးရက အလွန်တက်ကြွနေပေမယ့် ပုဂ္ဂလိကနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက မပါဝင်တာ၊ သဘောမကျတာတွေ ရှိပါတယ်။ အားလုံး သက်ဆိုင်ပါဝင်သူဆိုတာဟာ အစိုးရရော၊ အစိုးရမဟုတ်သော၊ ပုဂ္ဂိလကဏ္ဍ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ ပြည်သူတွေအားလုံးက လိုလားတာမျိုးပဲ ဖြစ်ဖို့ လိုပါတယ်။ အလျင်မလိုပါနဲ့။ အဆောတလျင်မလုပ်ပါနဲ့။ မြန်မာနိုင်ငံရဲ့ မီဒီယာ ပြုပြင်ပြောင်းလဲမှုဟာဆိုရင် အရှေ့တောင်အာရှမှာ ၂၀၁၁ ခုနှစ် ဩဂုတ်လကနေ ခုထိ အလွန်မြန်နေတယ်။ လုပ်ခဲ့ပြီးတဲ့ အပိုင်းတွေကို ကြည့်ပါ။ မီဒီယာ ပြောင်းလဲမှုဟာ ရေရှည်အတွက် ဖြစ်ဖို့လိုပါတယ်။ ရေတိုမဖြစ်ရအောင် ခိုင်မာမှုရှိဖို့ လိုတယ်လို့ ထင်ပါတယ်။ အားလုံးသော ရှုထောင့်တွေကိုလည်း ထည့်သွင်းစဉ်းစားပေးဖို့ လိုပါတယ်။

**ဦးမြင့်ကျော် (အဖွဲ့ဝင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

နိုင်ငံပိုင်မီဒီယာတွေရဲ့ အသွင်ကူးပြောင်းရေးနဲ့ ပတ်သက်တဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးကြမယ့်ကဏ္ဍမှာ ကျွန်တော်က Moderator အဖြစ်နဲ့ တာဝန်ယူထားပါတယ်။ နိုင်ငံပိုင်မီဒီယာတွေဖြစ်တဲ့ သတင်းစာ၊ ရုပ်သံရော မီဒီယာတွေကိုပါ ဘယ်လို အသွင်အပြင် အနှစ်သာရနဲ့ အသွင်ကူးပြောင်းသွားမလဲ။ ဆက်လုပ်စေချင်သလား။ ဒါမှမဟုတ် တချို့ကတော့ နိုင်ငံပိုင်သတင်းစာ မရှိသင့်ဘူးဆိုတဲ့ အမြင်မျိုးတွေရှိမယ် ဆိုတာမျိုးကို ဆွေးနွေးကြမယ်။ ဒီကနေ အကြံပြုချက်တွေ ထွက်လာမှာ ဖြစ်ပါတယ်။ နိုင်ငံပိုင်ရုပ်သံနဲ့ သတင်းစာတွေမှာ လူပြောများတာကတော့ နိုင်ငံပိုင်သတင်းစာက အဓိကပါ။ သတင်းစာကို ပုဂ္ဂလိက သတင်းစာတွေက မယှဉ်ပြိုင်နိုင်ဘူး ဖြစ်နေတယ်။ ပြီးရင် နိုင်ငံပိုင် သတင်းစာအနေနဲ့လည်း အထူးအခွင့်အရေး ရနေတာမျိုးတွေရှိတော့ ဒါတွေကို ဆွေးနွေးကြမယ်လို့ခန့်မှန်းကြတယ်။ ဒီနေ့မှာ ဆွေးနွေးကြတဲ့ အချက်အလက်နဲ့ အကြံပြုချက်တွေကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အသုံးပြုလိမ့်မယ်လို့ ထင်ပါတယ်။

**ဦးသီဟစော (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ)**

လက်ရှိမှာတော့ အစိုးရသစ် ပြောင်းပြီ။ ဝန်ကြီးသစ်ပြောင်းပြီ။ လောလောဆယ်တော့ သိပ်ကြီးကြီးကျယ်ကျယ် မတွေ့ရသေးဘူး။ အစိုးရသစ်ရဲ့ တာဝန်က ခိုင်မာအားကောင်းတဲ့ လွတ်လပ်တဲ့မီဒီယာတွေ ပေါ်လာဖို့ အားပေးရမယ်။ အစိုးရပိုင် မီဒီယာကဏ္ဍတွေ လျှော့ချဖို့လိုတယ်။ အစိုးရအနေနဲ့ Media Development Fun လိုမျိုးထူထောင်ဖို့ လိုတယ်။ အစိုးရဘက်မှာ အခုချိန်မှာ မူဝါဒတွေ ရှိကောင်းရှိမယ်။ ပထမ ရက် ၁၀၀ မှာရော သူတို့ ဘာတွေလုပ်မလဲ။ မူဝါဒဆိုတာ ချက်ချင်းမဖြစ်မှန်းတော့ သိပါတယ်။ ဒါပေမယ့် ဘယ်လားရာကို သွားမလဲဆိုတာကို ပေါ်လွင်အောင် မေးကြည့်ရမှာပါ။ အခု အစိုးရအဖွဲ့ရဲ့ မီဒီယာနဲ့ ပတ်သက်တဲ့ ဆက်ဆံမှုမှာ အစိုးရက အသစ်ဆိုတော့ သူတို့မှာ ပြင်ဆင်စရာတွေ ရှိတယ်။ မီဒီယာနဲ့ ဆက်ဆံရေးမှာ သိပ်ပြီး မချောမွေ့သေးဘူးလို့ပြောလိုတယ်။ သတင်းစာရှင်းလင်းပွဲတွေကိုင်တွယ်ပုံ၊ မီဒီယာနဲ့ ဆက်ဆံပုံတို့ဟာ သိပ်ပြီးတော့ အဆင်မပြေသေးဘူး။ တပ်မတော်က အဲဒီဘက်မှာ ကြိုးစားတယ်။ တပ်မတော်က သတင်းစာရှင်းလင်းပွဲလုပ်ပြီး မီဒီယာနဲ့ ဆက်ဆံရေးကောင်းဖို့ ကြိုးစားတာ အတော်မြင်သာတယ်။ အစိုးရဘက်က ထင်သာမြင်သာမရှိသေးဘူး။ အစိုးရသစ် မဖွဲ့ရသေးတဲ့ကာလမှာ သတင်းမီဒီယာသမား လေးငါးရာက သတင်းယူတော့ စည်းတားပြီး ကန့်သတ်တာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သတင်းစာရှင်းလင်းပွဲလုပ်ခဲ့တုန်းကရောပါ။ အခု ဆက်ဆံရေးမှာ ကိုင်တွယ်ပုံက ရှိပြီးသား ဝန်ထမ်းတွေကို အဆင်ပြေအောင်ကိုင်တွယ်၊ အပြင်လောကကို အဆင်ပြေအောင် ဆက်ဆံ အဲဒီလိုတွေ ဖြစ်စေချင်တယ်။

**ဦးအောင်ရှင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

မီဒီယာဖွံ့ဖြိုးမှ ဒီမိုကရေစီဖွံ့ဖြိုးမယ်။သတင်းမီဒီယာဟာ လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ ပြည်သူနဲ့ငြိမ်းချမ်းရေးကိစ္စတွေကို ထောက်ပြစောင့်ကြည့်တယ်။ ပြည်သူလူထုရဲ့ right to know နဲ့ right to information က အရေးကြီးတယ်။လူ့အခွင့်အရေးနဲ့ ဆိုင်တယ်။လူ့အခွင့်အရေးပြဿနာ။ အစိုးရမီဒီယာနဲ့ ပုဂ္ဂလိက မီဒီယာကိစ္စတွေကို ဆွေးနွေးသွားကြတယ်။ ရွေးကောက်ပွဲ ကြေညာစာတမ်းမှာ အဓိကပါတယ်။ ပုဂ္ဂလိက မီဒီယာကို အားပေးရမယ်။ အစိုးရ မီဒီယာက မရှိသင့်ဘူး ပြောခဲ့တယ်။ ဒါပေမယ့် ချက်ချင်းတော့ လုပ်လို့မရဘူးပြောခဲ့တယ်။ Rush လုပ်လို့ မဖြစ်ဘူး။ နှိုင်းနှိုင်းယှဉ်ယှဉ်နဲ့ လုပ်မှရမယ်။ ချက်ချင်းလုပ်လို့မရဘူး။ ဖြည်းဖြည်းမှန်မှန်လုပ်မှ ဖြစ်နိုင်တဲ့ အနေအထား။ ပြန်ကြားရေးဝန်ကြီးဌာန ကိစ္စကလည်း နှစ်ငါးဆယ်လောက် လွဲမှားစွာ နေခဲ့ရတော့ တော်တော်များများက အတိုက်အခံလုပ်ချင်တဲ့ ဉပါဒါန် ရှိချင်နေကြတယ်။ ဉပါဒါန်ကြောင့်ပဲ ပြောဆိုနေကြတယ်ထင်တယ်။

နိုင်ငံပိုင်သတင်းစာနဲ့ ပြန်ကြားရေးဝန်ကြီးဌာနဟာ ဝါဒဖြန့်ဖို့ မဟုတ်ဘူး။ ပြည်သူတွေကို အသိပညာပေးဖို့နဲ့ relax ဖြစ်ဖို့ပါ။ လောလောဆယ်မှာ လိုအပ်နေသေးလို့ လုပ်တာပါ။ အရိုးစွဲနေတဲ့ Institution တစ်ခုကို ချက်ချင်း ပြောင်းလဲလို့မရပါဘူး။ ပြည်သူလူထုရဲ့ သဘောဆန္ဒက အရေးကြီးပါတယ်။ ဒီမိုကရေစီဆိုတာ ပြည်သူလူထုရဲ့ တောင်းဆိုမှု၊ အကြံဉာဏ်တွေကို ယူပြီးမှသာ လုပ်ငန်းတွေကို လွှတ်တော် အတည်ပြုချက်နဲ့ လုပ်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမီဒီယာနဲ့ ပတ်သက်ပြီး စိတ်ရှည်စွာစောင့်ကြည့်ဖို့ လိုပါတယ်။ မူဝါဒနဲ့လက်တွေ့ အကောင်အထည်ဖော်မှုကြားမှာ ကွာဟချက်တွေရှိတယ်။ မီဒီယာလောက မြင့်တင်ရေး လုပ်ရမယ်။ ဒါပြီးတော့မှ Community ကိစ္စတွေ၊ Local Broadcasting ကိစ္စတွေ၊ မှားနေတဲ့ မီဒီယာဥပဒေတွေကို ပြုပြင်ဖို့ လိုတယ်။ ရေရှည်စီမံကိန်းလိုသလို ရေတိုမှာ ဘာအရေးကြီးဆုံးလဲ ဆိုတာ ရွေးချယ်နိုင်ဖို့လိုတယ်။

**ဦးဖေမြင့် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**

မီဒီယာ ဖွံ့ဖြိုးမှုအကြောင်းထက် ပြန်ကြားရေးအကြောင်း ပြောသွားတာပဲ များပါတယ်။ မီဒီယာဖွံ့ဖြိုးရေးသည် အစပျိုးအဆင့်မှာပဲ ရှိပါသေးတယ်။ အစိုးရတစ်ရပ်မှာ ပြန်ကြားရေးဆိုတဲ့ လုပ်ငန်းကို ဆောင်ရွက်မယ့် ဘယ်လိုနာမည်နဲ့ဖြစ်စေ၊ ပုံစံနဲ့ဖြစ်စေ အများပြည်သူနဲ့ ပြန်ကြားဆက်သွယ်မယ့် ဌာန တစ်ခုရှိဖို့ လိုတယ်ဆိုတာကို သတိပြုစေချင်ပါတယ်။ အစိုးရလောက်ကြီးမားတဲ့ အဖွဲ့အစည်းမဟုတ်ဘဲ အသင်းအဖွဲ့တွေ၊ ကုမ္ပဏီတွေ၊ လုပ်ငန်းငယ်တွေမှာ ပြန်ကြားရေးလုပ်ငန်း လုပ်မယ့်အစိတ်အပိုင်း ပါရပါတယ်။ ဝါဒဖြန့်ချိရေးဆိုတဲ့ အသုံးနှုန်းသုံးခဲ့ပါတယ်။ သမိုင်းမှာ ဝါဒဖြန့်ချိတဲ့သူတွေဟာ သူ့ဟာသူ နာမည်ပျက်သွားပါတယ်။ ဗြိတိန်လို နိုင်ငံမှာတောင်ရှိပါတယ်။ အမေရိကန်မှာ ဝန်ကြီးဌာန မရှိပေမယ့် ကမ္ဘာတစ်လွှားဖြန့်ကြက်ထားတဲ့ အေဂျင်စီတွေ ရှိပါတယ်။ အဖွဲ့အစည်းတစ်ရပ်သည် မိမိအလုပ်ကို အများနားလည်အောင် ပြန်လည်ဖြေကြားမယ့် အဖွဲ့အစည်းရှိဖို့ လိုတယ်ဆိုတာကို နားလည်စေချင်ပါတယ်။ ပြည်သူက ရွေးချယ်ထားတဲ့ အစိုးရတစ်ရပ်သည် ပြည်သူနဲ့ စကားပြောဖို့ လိုပါတယ်။ အစိုးရဖြစ်သွားတာနဲ့ ပြည်သူကို မဆက်သွယ်ရင် ပြည်သူက ရှုတ်ချပါမယ်။ ဒါကြောင့် ပြည်သူကို မျက်နှာမူ ဆက်သွယ်တဲ့ ယန္တရားတစ်ရပ်သည် ချောမွေ့ဖို့ လိုပါတယ်။ အဲဒီ ယန္တရားသည် ပြည်သူ့အတွက်သာ ဖြစ်ဖို့ လိုပါတယ်။ ပြည်သူနဲ့ အပြန်အလှန် ဆက်သွယ်ရာမှာ ချောမွေ့ဖို့ လိုပါတယ်။

ဒီမိုကရေစီနိုင်ငံဆိုတာနဲ့ ဈေးကွက်စီးပွားရေးနဲ့ ယှဉ်ပြိုင်တဲ့ စနစ်ဟာ ကျွဲကူးရေပါ ပါလာပါတယ်။ ကျွန်တော်တို့ဟာ ဈေးကွက်ထဲမှာ ဝင်ပြိုင်တာ မဟုတ်ဘူး။ ကြော်ငြာလျှော့ပေါ့ဖို့ စဉ်းစားနေတယ်။ ကြော်ငြာအချပ်ပို လျှော့ဖို့ စဉ်းစားတဲ့ အခါမှာ ပုဂ္ဂလိက သတင်းစာတွေ ယှဉ်ပြိုင်ဖို့ အချပ်ပို သမားတွေက ထိခိုက်ခံရမလားဆိုပြီး စောဒကတက်ကြပါတယ်။ ခပ်စောစောခေတ်က ပုဂ္ဂလိက မီဒီယာတွေ အလုပ်လုပ်လို့ မရဘူး။ ပုဂ္ဂလိက မဂ္ဂဇင်းတွေ ပေါ်လာတဲ့အခါမှာ အစိုးရ မဂ္ဂဇင်းတွေ မဖတ်ကြတော့ဘူး။ ရွှေသွေး၊ သုတပဒေသာ စာစောင်တို့ကို နမူနာကြည့်နိုင်ပါတယ်။ အခု တော်တော်ကို ရုန်းကန်နေရတယ်။ ဂျာနယ်တွေ အများကြီး ပေါ်လာတယ်။ မိမိလုပ်ငန်းတစ်ခုတည်းကိုပဲ စဉ်းစားနေရင် ရှေ့တက်လှမ်းဖို့ ခက်ခဲမယ်။ အစိုးရသတင်းစာမရှိရင် ပုဂ္ဂလိက သတင်းစာ ၁၀ စောင်လောက် ထင်ရှားအောင်မြင်မယ်လို့ ယူဆသလား။ ဥပမာ ထိုင်းက အောင်မြင်နေတဲ့ နှစ်စောင်ရဲ့ လွှမ်းမိုးမှုကို ကြည့်ပါ။ နှစ်စောင်လောက် ချွန်ထွက်လာရင် အခြားသတင်းစာတွေ မအောင်မြင်နိုင်ပါဘူး။ အဲဒီအခါမှာ အခု အစိုးရသတင်းစာကို ပြောသလို မပြောနိုင်တော့ပါဘူး။ ဒီမိုကရေစီနိုင်ငံမှာ ပုဂ္ဂလိက သတင်းစာတွေ ရှိရခြင်းဟာ မတူညီတဲ့အမြင်တွေကို ဖော်ပြဖို့ပဲ ဖြစ်ပါတယ်။ ပြည်သူကပဲ ရွေးချယ်လိမ့်မယ်လို့ ထင်ပါတယ်။ ၂၀၁၃-၂၀၁၄ မှာ အစိုးရမီဒီယာ ဒီအတိုင်း ရှင်သန်နေတယ်။ ဘက်လိုက်ပြောတာ မဟုတ်ပါဘူး။ စဉ်းစားဖို့ ပြောတာပါ။ ဒီနေ့ ဆွေးနွေးချက်တွေကို ပြန်ကြည့်ရင် ပြန်ကြားရေး မရှိသင့်ဘူးလို့ ပြောကြတယ်။ တစ်ဖက်မှာ ပြန်ကြားရေးဝန်ကြီးဌာနက မီဒီယာဖွံ့ဖြိုးဖို့လည်း ဆောင်ရွက်သင့်တယ် ပြောတယ်။ ဒါဟာ ပြန်ကြားရေးဝန်ကြီးဌာနဆိုတဲ့ သစ်ကိုင်းကို တက်လည်း ထိုင်ချင်တယ်၊ ခုတ်လည်း ပစ်ချင်တာမျိုးတွေ့ရတယ်။ ဒီသစ်ကိုင်းကို ပိုမို ဝေစည်အောင် လုပ်သင့်တယ်လို့ပဲ ထင်ပါတယ်။

**ဒေါက်တာ တင်ထွန်း (အယ်ဒီတာချုပ်၊ ခေတ်သစ်သတင်းစာ)**

ကိုယ်ယုံကြည်ရာကို လွတ်လွတ်လပ်လပ်ပြောရလို့ ကျေနပ်တယ်။ ဒီလိုပွဲမျိုးတွေဟာ တိုင်းပြည်အတွက် အင်မတန်မှ လိုအပ်တယ်။ ပြန်ကြားရေးဝန်ကြီးဌာနက တိုင်းပြည်နဲ့ ပြည်သူလူထုကို ဆက်သွယ်ရမယ့် တာဝန်ရှိရှိနဲ့ နိုင်ငံတော်ရဲ့ လုပ်ဆောင်ချက်တွေကို ပြည်သူတွေသိအောင်၊ ပြည်သူက သိချင်တာကို မှန်မှန်ကန်ကန်ပေးနိုင်ဖို့ နိုင်ငံပိုင်မီဒီယာရှိဖို့လိုတယ်။

**(သတင်း-မြတ်သန္တာမောင်၊ ဝင်းဝင်းမော်၊ဓာတ်ပုံ-ဝင်းမောင်)**

■ **မီးငြိမ်းသတ်ရာမှ**

"နောက်ပိုင်း အရေးပေါ်ကိစ္စတွေမှာ ဒရုန်းတွေနဲ့ အသုံးပြုနိုင်ဖို့ဆောင်ရွက်မှာပါ။ လောလောဆယ် မီးလောင်တဲ့နေရာတွေမှာ ဒရုန်းတွေနဲ့ ဘယ်နေရာတွေကို မီးကူးစက်နိုင်တယ်။ အထဲမှာ လူတွေ ပိတ်မိနေတာတွေရှိ/မရှိကြည့်ပြီး ရှာဖွေကယ်ဆယ်နိုင်အောင်ရယ်၊ မီးငြိမ်းသတ်ပြီးရင် ဆုံးရှုံးမှုဘယ်လောက်ရှိတယ်ဆိုတာကိုတိုင်းတာပြီးအကြမ်းဖျင်းသိနိုင်အောင်ဆောင်ရွက်မယ်။မောင်းသူမဲ့ လေယာဉ်သုတေသနဌာနအနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် မည်သည့် အဖွဲ့အစည်းဌာနကမဆို လိုအပ်တဲ့ အကူအညီများတောင်းခံလာရင် သက်ဆိုင်ရာခွင့်ပြုချက်နဲ့ကူညီပေးဖို့အသင့်ရှိပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် ယင်းသို့လုပ်ဆောင်နိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လေ့ကျင့်မှုများ ပြုလုပ်ထားကာ နောက်ပိုင်းကာလများတွင် ဒရုန်းများမှတစ်ဆင့် မီးသတ်ဆေးဘူးများဖြင့်မီးငြိမ်းနိုင်ရန်နှင့် ရေအိတ်လွှတ်ချနိုင်ရန်အတွက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်သုတေသနဌာနမှ မောင်းသူမဲ့လေယာဉ် (Drone) များဖြင့် ကလေးမြို့ ရေဘေးသင့်ဒေသသို့ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကာ သယံဇာတဆန်းစစ်ခြင်း ၊သစ်တောတိုင်းတာခြင်းနှင့်ဗီဒီယိုရိုက်ကူးခြင်းများပါအသုံးပြုလျက်ရှိကြောင်း သိရသည်။

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၅**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ (ရန်ကုန်ရုံးခွဲ)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





# မသန်စွမ်းသူများစောင့်ရှောက်ရေး ပိုမိုထိရောက်စွာဆောင်ရွက်

**ရန်ကုန် မေ ၁၅**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မေ ၁၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုရာ သင်တန်းကျောင်းမှ တာဝန်ရှိသူများက ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များအား(၁၉၉၃)ခုနှစ်၊ ကလေးသူငယ်ဥပဒေအရ ကာကွယ်ပေးလျက်ရှိရာ မိဘမဲ့ကလေးသူငယ်များ၊ လေလွင့်ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များကို လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်လျက် အသက်(၆)နှစ်မှ (၁၆)နှစ်အထိ ကလေးငယ်များအား အခြေခံပညာ၊ ကျောင်းပြင်ပပညာရေးနှင့် ဘဝတစ်သက်တာ ကျွမ်းကျင်သိမှတ်စရာ ပညာရပ်များ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီး လူမှုအသိုင်းအဝိုင်းအတွင်း ဝင်ဆန့်နေထိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် နည်းလမ်းများကို ဆွေးနွေးသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ပြီး သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ သင်တန်းသားများအား စောင့်ရှောက်မှုပေးနေသည်များကို ကြည့်ရှုသည်။ အဆိုပါ မသန်စွမ်းသင်တန်းကျောင်းတွင် စောင့်ရှောက်ရန်လိုအပ်သော အဖွဲ့များအား ပိုမိုဖြည့်ဆည်းဆောင်ရွက်နိုင်ရန်နှင့် မသန်စွမ်းသူများစောင့်ရှောက်ရေး ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် သင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူးရုံးသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး သိုလှောင်ရုံတွင် ပစ္စည်းများသိုလှောင်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများအား ယခုနှစ်ဖြစ်ပေါ်နေသော အယ်နီညိုဖြစ်စဉ်ကြောင့် ဘေးဒုက္ခရောက်သူများအား ထောက်ပံ့ပစ္စည်းများကို ထိထိရောက်ရောက် လျင်လျင်မြန်မြန်ထောက်ပံ့နိုင်ရေး၊ မုတ်သုံကာလတွင် ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးသို့ ကြိုတင်စုဆောင်းရောက်ရှိရေး၊ ဖြည့်တင်းမှုများကိုလည်း စဉ်ဆက်မပြတ်ဖြည့်တင်းရေး၊ လျှပ်စစ်မီးပေါ့ဆမှုကြောင့် မီးလောင်မှုအန္တရာယ်မဖြစ်စေရေးနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

* **ရွှေဖုံးမှ**

လက်ရှိဈေးနေရာတွင်ပင် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်လိုသည့် ဈေးဆိုင်ပိုင်ရှင်များလည်းရှိကြောင်း သိရသည်။

"တနင်္လာနေ့မှာ မင်္ဂလာဈေးကြီး အသစ်ပြန်ဆောက်ကြမလား၊ အဟောင်းကို ပြန်ပြင်ဆင်ဆောက်မလားဆိုတာမဲခွဲဆုံးဖြတ်ပါမယ်။ ဒီဈေးကြီးကို ပြန်လည်ဆောင်ရွက်ဖို့အတွက် ဈေးသူဈေးသားတွေရယ်၊ စည်ပင်သာယာတာဝန်ရှိသူတွေရယ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက တာဝန်ရှိသူတွေရယ်၊ ဆောက်လုပ်ရေးအသင်းရယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေရယ် ဆွေးနွေးကြပါတယ်။ ဈေးသူဈေးသားတွေရဲ့ဆန္ဒကို ကောက်ယူပြီး ဆုံးဖြတ်မှာ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

အဆိုပါ မင်္ဂလာဈေးကြီးကို ယခင်အစိုးရလက်ထက် သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် လာရောက်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ကာ ဈေးသူဈေးသားများနှင့် တွေ့ဆုံ၍ ဈေးသစ်ပြန်လည်တည်ဆောက်ပေးမည်ဟု ပြောကြားမှုများရှိခဲ့သည်ဟု ဈေးသူဈေးသားများကဆိုသည်။ မင်္ဂလာဈေးကြီးအား အသစ်ပြန်လည်တည်ဆောက်ပါက ဈေးအင်္ဂါရပ်နှင့်ညီညွတ်၍ အဆင့်မြင့် မီးငြိမ်းသတ်စနစ်၊ ကားပါကင်စနစ်၊ အမှိုက်စွန့်ပစ်စနစ်၊ စနစ်တကျ နေရာချထားရောင်းချစေသည့်စနစ်များကို ပါဝင်အောင်ဆောင်ရွက်စေလိုသည်ဟု ဈေးသူဈေးသားအများစုက ဆန္ဒရှိကြသည်။

"နှစ်ကြိမ်တိတိ မီးလောင်ထားတဲ့ဈေးဆိုတော့လည်း အသစ်ပြန်ဆောက်စေချင်တယ်။ ယာယီရောင်းချနေရတော့ ဖောက်သည် ပျက်တာပေါ့။ ဒါပေမယ့် ဒီဈေးကြီးက မီးနှစ်ကြိမ်တောင် လောင်ထားတော့လည်း စနစ်တကျလေး ပြန်ဖြစ်စေချင်တယ်။ ဆောက်နေတဲ့ ကာလအတွင်းမှာလည်း ဈေးဟောင်းက ဈေးသူဈေးသားတွေကို ဆိုင်ခန်းခ သက်သက်သာသာနဲ့ ရောင်းချပေးနိုင်အောင် စီစဉ်ပေးစေချင်ပါတယ်"ဟု မင်္ဂလာဈေးကြီးရှိ ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယင်းသို့ မင်္ဂလာဈေး အသစ်ပြန်လည် တည်ဆောက်ခြင်း ပြုမပြုနှင့် ပတ်သက်၍ ဆန္ဒမဲပေးဆုံးဖြတ်မှုကို မေ ၁၆ ရက်တွင် မင်္ဂလာဈေးရှိ ဈေးဆိုင်ခန်းပေါင်း ၄၄၆၇ ခန်းမှ ဆိုင်ခန်းပိုင်ရှင်များက ရွှေမင်္ဂလာဈေး ၅ လွှာတွင် ဆန္ဒပြု မဲပေးဆုံးဖြတ်သွားမည်ဟု သိရသည်။

❖ **ကျောဖုံးမှ**

ထိုမှတစ်ဆင့် ပဲခူးမြို့သစ်အထိစီး၍ ယင်းမှပြန်လည်ကာ ထောက်ကြန့်သို့ ပန်းဝင်သည်။၎င်းပြိုင်ပွဲတွင် အလွတ်တန်း စက်ဘီးပြိုင်ပွဲ၌ ပထမ ကျော်ထွန်းဦး၊ ဒုတိယ Mr. Ban နှင့် တတိယ မင်းမင်းဟန် တို့ကလည်းကောင်း၊ အပျော်တမ်းစက်ဘီးပြိုင်ပွဲ၌ ပထမ ကောင်းထက်သာ၊ ဒုတိယ အောင်ဖြိုးပိုင်နှင့် တတိယ မြင့်မော်ဟန်တို့ကလည်းကောင်း၊ အသက် (၅၀)နှစ် အထက် စက်ဘီးပြိုင်ပွဲ၌ ပထမ ဦးသောင်းစိန်၊ ဒုတိယ ဦးလွင်သိန်းနှင့် တတိယ ဦးမောင်မောင်သာတို့က လည်းကောင်း ဆုများရရှိကြပြီး အဆိုပါဆုရရှိသူများအား မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများ၊ GTM မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။

ဖိတ်ခေါ်တာဝေး စက်ဘီးပြိုင်ပွဲကို အတန်း(၃)တန်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမား ၁၅၇ ဦး ပါဝင်ယှဉ်ပြိုင်ကြကာ ဆုကြေးများအဖြစ် ပထမဆု ငွေကျပ်(၅)သိန်း၊ ဒုတိယဆု ငွေကျပ်(၃)သိန်းနှင့် တတိယဆု ငွေကျပ်(၂)သိန်း ချီးမြှင့်ပေးခဲ့ပြီး အတန်း(၃)တန်းတွင် စတုတ္ထမှ ဒသမအထိကိုလည်း ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



# မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၅**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များ**မှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ မုံရွာမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ တိုင်းထွာရရှိသည့် **ခရမ်းလွန်ရောင်ခြည်ကျရောက်မှုအမြင့်ဆုံးအညွှန်းကိန်းများ**မှာ နေပြည်တော်တွင် ၇ ဒသမ ၁၊ ရန်ကုန်မြို့တွင် ၉ ဒသမ ၉ နှင့် မန္တလေးမြို့တွင် ၈ ဒသမ ၇ တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ မိုးညှင်းမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ဗန်းမော်မြို့တွင် သုည ဒသမ ၂၆ လက်မ၊ တံတားဦးမြို့နှင့် ပင်လည်ဘူးမြို့တို့တွင် သုည ဒသမ ၂၂ လက်မစီ၊ သီပေါမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မြစ်ကြီးနားမြို့တွင် သုည ဒသမ ၇၁ လက်မ၊ မချမ်းဘောမြို့နှင့် တမူးမြို့တို့တွင် သုည ဒသမ ၃၅ လက်မစီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လည်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီးနောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ။ ။** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။





# ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် ၇၅ တန်ခံနိုင်သည့် ချင်းတွင်းတံတား(ကလေးဝ)တည်ဆောက်

**နေပြည်တော် မေ ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် ရွှေတောင်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော မန္တလေး-စစ်ကိုင်း-မုံရွာလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့အတွက် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးကိစ္စများ၊ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ပေးရေး၊ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ မြို့ပြဖွံ့ဖြိုးရေးအတွက် Town Plan များ ရေးဆွဲထားရှိမှုနှင့် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ မုံရွာမြို့ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော နန္ဒဝန်ဝန်ထမ်းအိမ်ရာစီမံကိန်း ဆောင်ရွက်ထားရှိမှုနှင့် ဝန်ထမ်းများနေထိုင်မှုအခြေအနေများကိုလည်းကောင်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ မိုင်တိုင်အမှတ်(၁၇/၃)တွင် မုံရွာဆောက်လုပ်ရေးကုမ္ပဏီက ဆောင်ရွက်နေသော တံတားတည်ဆောက်ရေးများကို ကြည့်ရှုစစ်ဆေးပြီး တံတားအတက်၊ အဆင်းပြေပြစ်ချောမွေ့စေရေး၊ စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ်(၆၁/၀)နှင့် (၆၁/၁) ကြားတွင် ပြတ်ရွေ့ကြောဖြစ်နေသည့် မြေအနေအထားကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၆၄/၄)နှင့် (၆၄/၅) ကြားတွင် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်ယန္တရားမောင်းလုပ်သားများကို အားပေးစကားပြောကြားသည်။

ယင်းနောက် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၂)မှ တည်ဆောက်နေသော ချင်းတွင်းတံတား(ကလေးဝ)တည်ဆောက်ရေးလုပ်ငန်းခွင် ကလေးဝဘက်ကမ်းသို့ ရောက်ရှိပြီး ရေလယ်တိုင် P4 နှင့် P5 ကြား၊ P5 နှင့် P6 ကြား သံပေါင်နှစ်ခန်းတပ်ဆင်ပြီးစီးမှု၊ သံပေါင်တပ်ဆင်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သံပေါင်တပ်ဆင်ရာတွင် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ချင်းတွင်းတံတား(ကလေးဝ)သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ရေဦး-ကလေးဝလမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်နှင့် သံပေါင်အမျိုးအစားဖြစ်ကာ စုစုပေါင်းတံတားအရှည် ၈၅၄ ဒသမ ၈၈၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၁၀၅ မီတာ၊ အမြင့် ၁၂ မီတာရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ထို့နောက် ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ်(၁/၆)နှင့် (၁/၇)ကြားတွင် ရေတိုက်စားပြီး မြေပြိုသည့်နေရာကို Gabion Wall တည်ဆောက်မည့် နေရာအခြေအနေကို ကြည့်ရှုပြီး သဘာဝဘေးဒဏ်ကြောင့် ရေကြီးနစ်မြုပ်၍ ပြောင်းရွှေ့ပေးထားသည့် ကျောက္ကာကျေးရွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ နေအိမ်သစ်များတွင် နေထိုင်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များ မေ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်



ပထမအဆင့်၌ ယှဉ်ပြိုင်မည့် MNL ကလပ် ရခိုင်အသင်း။

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်များကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်တွင် MNL အသင်းလေးသင်း၊ ပထမတန်းကလပ်အသင်း ၁၂ သင်းယှဉ်ပြိုင်မည်ဖြစ်သည်။

ပထမအဆင့်ပွဲစဉ်များအဖြစ် မေ ၁၈ ရက်တွင် ပဒုမ္မာကွင်း၌ မောရဝတီအသင်းနှင့် Southern အသင်း၊ အောင်ဆန်းကွင်း၌ ရခိုင်အသင်းနှင့် စီးတီးစတားအသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် မြဝတီအသင်း၊ မေ ၁၉ ရက်တွင် ပဒုမ္မာကွင်း၌ ဖုန်ဂန်အသင်းနှင့် Horizon အသင်း၊ အောင်ဆန်းကွင်း၌ ငွေကြယ်ပွင့်လေးများအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ တက္ကသိုလ်လက်ရွေးစင်အသင်းနှင့် နေပြည်တော်အသင်း၊ မေ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် သန်လျင်ယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ မနောမြေအသင်းနှင့် ဒဂုံအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပထမအဆင့်တွင် အနိုင်ရရှိသည့်ရှစ်သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး MNL ကလပ်အသင်းများဖြစ်သည့် လက်ရှိချန်ပီယံ ရောဝတီ၊ ရန်ကုန်၊ ရတနာပုံ၊ မကွေး၊ ဇေယျာရွှေမြေ၊ ဟံသာဝတီ၊ ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်းတို့မှာ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ဒုတိယအဆင့်ပွဲစဉ်များကို ဇွန် ၁၅ ရက်၊ ၂၂ ရက်၊ ၂၉ ရက်နှင့် ဇူလိုင် ၆ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို မေ ၁၈ ရက်မှ ဩဂုတ် ၁၇ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းမှာ AFC Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။



# အင်းစိန်မြို့နယ်၌ *OKi* ဆပ်ပြာစက်ရုံ မီးလောင်

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် တည်းကုန်း စက်မှုဇုန်(၃) မင်းကြီးမဟာမင်းခေါင်လမ်းတွင် ဖွင့်လှစ်ထားသည့် ဦးလှမြင့်ရွှေပိုင် OKi ဆပ်ပြာစက်ရုံ၌ မေ ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်အက်ဆစ်ပုံးများ အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် မီးသတ်ဦးစီးဌာနက Level 2 အဆင့်သတ်မှတ်ပြီး မီးသတ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ ကွပ်ကဲမှုယာဉ်နှစ်စီး၊ သန္ဓေမီးသတ်၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ နှင့် ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ခန့် ပူးပေါင်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် မီးထိန်းနိုင်ပြီး ၁၂ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်အက်ဆစ် ငါးဂါလန်ပုံးများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်ကျွမ်းခဲ့သည့် OKi ဆပ်ပြာစက်ရုံပိုင်ရှင်အား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၆၈၄)**

# ရန်ကင်းမြို့မဈေး သန့်ရှင်းသာယာရေး ဆောင်ရွက်

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၅) ရပ်ကွက် ရန်ကင်းမြို့မဈေးအတွင်း သန့်ရှင်းရေးနှင့် ရေစီးဆင်းမှုကောင်းမွန်စေရေး တောင်ပိုင်းခရိုင်ဈေးများဌာန ခရိုင်မှူး ဦးကျော်မြင့်နှင့် ဌာနခွဲမှူး ဦးစိန်ထွန်းနိုင်တို့၏ကြီးကြပ်မှုဖြင့် မေ ၁၄ ရက် နံနက်တွင် ဆောင်ရွက်ကြသည်။

“ဈေးဆိုင်တွေက အမှိုက်ပုံးတွေ စနစ်တကျထားမယ်။ သန့်ရှင်းရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ဈေးက သန့်ရှင်းသာယာလာမှာပါ။ ဒီလိုမဟုတ်ဘဲ ငါနဲ့မဆိုင်ဘူးဆိုတဲ့စိတ်ဓာတ်တွေ ရှိနေဦးမယ်ဆိုရင် ကျန်းမာရေးနဲ့မညီညွတ်တော့ဘဲ ရောင်းသူရော ဝယ်သူပါ အဆင်မပြေမှုတွေဖြစ်လာနိုင်ပါတယ်”ဟု ဈေးတာဝန်ခံက ပြောသည်။

**(၁၉၇)**

# သထုံတွင် တိုင်းရင်းဆေးဖြင့် နယ်လှည့်အခမဲ့ဆေးကုသမှုများ ဆောင်ရွက်

**သထုံ မေ ၁၅**
မွန်ပြည်နယ် သထုံမြို့နယ် တောင်စွန်းကျေးရွာနှင့် သရက်တောကျေးရွာတို့တွင် မေ ၁၅ ရက်က သထုံတိုင်းရင်းဆေးရုံနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့မှ တိုင်းရင်းဆေးသမားတော်များနှင့် အဖွဲ့တို့က ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေး စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

တိုင်းရင်းဆေးဦးစီးဌာန၏ လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သည့်အနေဖြင့် ကျေးလက်ဒေသများအရောက် အခမဲ့ ကွင်းဆင်းကုသပေးရခြင်း ဖြစ်ကြောင်း သထုံမြို့နယ် တိုင်းရင်းဆေးမှူး ဦးဇော်မိုးထွေးက ပြောသည်။

"အရင်ကလည်း လက်လှမ်းမီသလောက် ကျေးရွာတွေဆင်းပြီး ကျန်းမာရေး စောင့်ရှောက်မှုတွေ ပေးခဲ့ပါတယ်။ အခုကတော့ ရက် ၁၀၀ စီမံချက်အနေနဲ့ တစ်လကို တစ်ရွာ အနည်းဆုံးကွင်းဆင်းပြီး အခမဲ့ကုသပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ကွင်းဆင်းကုသရာတွင် တောင်စွန်းကျေးရွာ၊ သရက်တောကျေးရွာတို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံများအား တစ်ဦးချင်းစီ၏ ဝေဒနာများကို တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစစ်ဆေးကုသပေးပြီး ရောဂါအခြေအနေအရ လိုအပ်သည့် လူနာများကို သထုံတိုင်းရင်းဆေးရုံတွင် လွှယ်ကူစွာဖြင့် အခမဲ့ဆက်လက်ကုသနိုင်အောင် စီစဉ်ထားကြောင်း မြို့နယ်တိုင်းရင်းဆေးမှူးက ဆက်လက်ပြောကြားသည်။

"တိုင်းရင်းဆေးကိုတော့ စွဲစွဲမြဲမြဲ သုံးပါတယ်။ အနောက်တိုင်း ဆေးဝါးတွေထက် တိုင်းရင်းဆေးက ဘေးထွက်ဆိုးကျိုးနည်းတယ်လေ။ ဒီမှာအရောက်လာကုပေးတာကို ကျေးဇူးတင်ပါတယ်။ သထုံမှာ တိုင်းရင်းဆေးရုံရှိတာကိုတော့ အခုမှသိရတယ်။ နောက်ဆိုရင် မကြာမကြာ သွားပြဖြစ်မှာပါ" ဟု တောင်စွန်းကျေးရွာမှ လာရောက်ဆေးကုသည့် ဒေါ်မာချိုက ပြောသည်။



အဆိုပါနေ့တွင် သထုံတိုင်းရင်းဆေးရုံနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့မှ အထွေထွေရောဂါ၊ အရိုးအကြော၊ နှလုံး၊ လေငန်း၊ သွေးတိုးစသည့် ရောဂါမျိုးစုံကို အခမဲ့စစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး သထုံမြို့နယ်၌ ရက်ပေါင်း ၁၀၀ အတွင်း နေရာ သုံးခုတွင် ယခုကဲ့သို့ အခမဲ့စစ်ဆေးကုသခြင်းများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သထုံမြို့နယ် တိုင်းရင်းဆေးဦးစီးဌာနမှ သိရသည်။ **သက်ဦး(သထုံ)**

# ငရုတ်ကောင်းမြို့တွင် စုပေါင်းအမှိုက်ကောက်ခြင်းပြုလုပ်

**ငရုတ်ကောင်း မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့တွင်းလမ်းများ သာယာလှပရေး၊ အြမို့တွင်းရေမြောင်းများ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် မေ ၁၄ ရက်က စုပေါင်း၍အမှိုက်ကောက်ခဲ့ကြသည်။

စုပေါင်းအမှိုက်ကောက်ခြင်းကို ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ မြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းညွန့်နှင့်အဖွဲ့ဝင်များ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ရဲတပ်ဖွဲ့ဝင်များ၊ မြို့စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသက်မင်းဦးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့မှ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ငရုတ်ကောင်းမြို့ရှိ လမ်းမတော်လမ်းတစ်လျှောက်နှင့် ကမ်းနားလမ်း၊ ရုံးလမ်းတစ်လျှောက်၊ စိန်ပန်းလမ်းတစ်လျှောက်၊ ဓမ္မိကာရုံလမ်းတစ်လျှောက်၊ နေရာများတွင် အမှိုက်များကောက်ခြင်း၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များဖယ်ရှားခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ၊ ဇီကာပိုင်းရပ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်



**ရန်ကုန် မေ ၁၅**
လမ်းမတော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်(ကျန်းမာ)၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မေ ၁၄ ရက် နံနက်ပိုင်းတွင် ၄၊ ၅၊ ၆၊ ၇ ရပ်ကွက်ကြီးလေးရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ၊ ဇီကာရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးနေသည်ကို မြင်တွေ့ရသည်။

အဆိုပါ ရပ်ကွက်များအတွင်း ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများလုပ်ကိုင်ခြင်း၊ နေအိမ်အချို့တွင် Abate ဆေးခပ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်းများ ပြုလုပ်ပေးခဲ့သည်ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ရေထည့်ထားသော ပီပါများတွင် အဖုံးများလုံခြုံစွာ ဖုံးအုပ်ရန်၊ မလုံမခြုံဖုံးထားခြင်းများ မပြုလုပ်ရန် မြို့တော်စည်ပင်(ကျန်းမာရေးဌာန)မှ တာဝန်ရှိသူတစ်ဦးက ၅ ရပ်ကွက် ၁၁ လမ်းအတွင်းမှ နေအိမ်အား Abate ဆေးခတ်လုပ်ဆောင်စဉ် အသိပညာပေး ပြောကြားခဲ့သည်ဟု သိရသည်။ ရပ်ကွက်များအတွင်း ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်ချက်များကိုလည်း မြင်တွေ့ရမှုများအပေါ် အကြံပေးပြောကြားမှုများလည်းရှိခဲ့ကြောင်း သိရသည်။

**(မောင်စေအောင်)**

# ကျောက်မဲမြို့နယ်စာရေးဆရာအသင်းအမှုဆောင် ရွေးချယ်

**ကျောက်မဲ မေ ၁၅**
ကျောက်မဲမြို့နယ် စာရေးဆရာအသင်း၏ မြို့နယ်မျက်နှာစုံညီအစည်းအဝေးနှင့်အမှုဆောင်သစ်ပြန်လည်ရွေးချယ်ပွဲကို ကျောက်မဲမြို့ ဗဟိုဈေးကြီးအပေါ်ထပ်ခန်းမ၌ မေ ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ထို့နောက် အမှုဆောင်အဖွဲ့ကို အသင်းဝင်များ၏ သဘောတူညီချက်နှင့်အညီ ပြန်လည်ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌ ဦးစံရ (ပုရစ်ဖူးမောင်စေတနာ)၊ အတွင်းရေးမှူး ဦးကျော်ဝင်းမောင်(ကျော်ဝင်းမောင်-ကျောက်မဲ)၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်လတ်(မလတ်-ကျောက်မဲ)နှင့် အမှုဆောင်နှစ်ဦးတို့ကို ရွေးချယ်အတည်ပြုကြပြီး ဒုတိယအကြိမ်စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် မလတ်-ကျောက်မဲအား ရွေးချယ်ခဲ့ကြသည်။

မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေး၊ ကျောက်မဲနှင့်သီပေါမြို့နယ် စာရေးဆရာအသင်းတို့ စာပေလုပ်ငန်းများ၊ စာပေဟောပြောပွဲများ၊ သာရေးနာရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်သွားရေး၊ အသင်းစာပေလုပ်ငန်းများဖြင့် ဒေသအထောက်အကူပြုရေးနှင့်သက်ဆိုင်ရာအသင်းအဖွဲ့၊ ဌာနဆိုင်ရာများဖြင့် ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ချမှတ်အတည်ပြုခဲ့ကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# ပြင်စဘုကျွန်းအနီးတွင် မုတ်ကောင်သားပေါက်မွေးမြူခြင်း၊ ပုလဲမွေးမြူဖော်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**မြိတ် မေ ၁၅**
မုတ်ကောင်မွေးမြူရေးဆိုင်ရာနှင့် ပုလဲလုပ်ငန်းဆိုင်ရာများအား သိပ္ပံနည်းကျ သုတေသနပြုလုပ်နိုင်ရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းအနီးတစ်ဝိုက်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်းစီမံကိန်းကို ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းကို ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းနှင့်အနီးတစ်ဝိုက် ဆက်စပ်ဧရိယာ စုစုပေါင်း ၃၅ စတုရန်းကီလိုမီတာ (၈၆၄၆ ဒသမ ၄ ဧက)ပေါ်တွင် တိုးတက်ဖွံ့ဖြိုးမှုအဆင့်အနေဖြင့် နှစ်နှစ်တာကာလသတ်မှတ်ထားပြီး ပုလဲထုတ်လုပ်မှုအဆင့်အား ၁၅ နှစ်တာကာလ သတ်မှတ်ထားကာ ရင်းနှီးမည့်ငွေကျပ်ပမာဏမှာ ၄၇၀၃ သန်း၊ စက်ပစ္စည်းကိရိယာအတွက် ၁၇၆ ဒသမ ၄ သန်း၊ အဆောက်အအုံအတွက် ၁၀၇ ဒသမ ၅ သန်းနှင့် အခြားပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများအတွက် ၁၃ ဒသမ ၁ သန်း စုစုပေါင်းငွေကျပ် သန်း ၅၀၀၀ ခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

ယင်းစီမံကိန်းတွင် ဆောက်လုပ်မည့် အဆောက်အအုံများမှာ မုတ်ကောင်သားဖောက်ကန်၊ မုတ်ကောင်ပြုစုကန်၊ ဝတ်ဆံသွင်းခြင်း၊ ပုလဲဖော်ယူခြင်း၊ ပုလဲထုတ်လုပ်ခြင်းနှင့် ဆက်စပ်သော အဆောက်အအုံများ၊ ဝန်ထမ်းဆောင်၊ ဧည့်ရိပ်သာ၊ မီးဖိုဆောင်တို့ အသီးသီးပါဝင်ပြီး မုတ်ကောင်သားပေါက်ငယ်များ (Collector ချောင်းများ)ကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲကျွန်းရှိ သားပေါက်ဌာနမှ အချိုးကျဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းနှင့် အနီးတစ်ဝိုက်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မုတ်ကောင်သားဖောက် မွေးမြူခြင်း၊ မုတ်ကောင် ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) နှင့်ပတ်သက်၍ သက်ဆိုင်သူများနှင့် တွေ့ဆုံပွဲကို မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ မေ ၁၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ကျင်းပရာ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဥပဒေအကြံပေး ဦးငွေဝင်းက စီမံကိန်းနှင့် ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ထို့နောက် E Guard Enviromental Services Co., Ltd ဒါရိုက်တာ ဦးတင်အောင်မိုးက စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသည့် စီမံကိန်းနှင့် သက်ဆိုင်သူများမှ ဆောင်ရွက်မည့် ဆန်းစစ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ သိရှိလိုသည်များအား ဆွေးနွေးမေးမြန်းရာတွင် ကျွန်းစုမြို့နယ် ပထက်ကျေးရွာမှ ဦးအောင်သူစိုးက အဆိုပါ စီမံကိန်းတွင် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု ဦးစားပေးဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ဌာနမှူးတွဲဖက်ပါမောက္ခ ဒေါက်တာညိုညိုထွန်းက သားဖောက်လုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း အသီးသီးအကြံပြုဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# အမျိုးသမီးအပ်ချုပ်စက် နှစ်လသင်တန်း ထားဝယ်မြို့ ကူးတို့ကျေးရွာ၌ဖွင့်

**ထားဝယ် မေ ၁၅**
၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသမီးအပ်ချုပ်စက် နှစ်လသင်တန်းကို မေ ၁၄ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကူးတို့ကျေးရွာ မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးဦးတင်ထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

သင်တန်းကို မေ ၁၄ ရက်မှ ဇူလိုင် ၁၄ ရက်အထိ အမျိုးသမီး၁၅ ဦးအား အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နေအမျိုးသမီးများအသက်မွေးဝမ်းကျောင်း အထောက်အကူပြု အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **(ခရိုင်ပြန်/ဆက်)**



# လင်္ကာရည်ကျော်စာအုပ်များ လက်မှတ်ရေးထိုးပွဲ၌ ရေးသူဖတ်သူဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် မေ ၁၅**
နန်းဒေဝီစာအုပ်တိုက်မှ ထုတ်ဝေသည့် စာအုပ်များမှ စာရေးဆရာ လင်္ကာရည်ကျော်စာအုပ်များအား လက်မှတ်ရေးထိုး ရောင်းချပွဲနှင့် ရေးသူဖတ်သူဆွေးနွေးပွဲကို မေ ၁၄ ရက် က ရန်ကုန်မြို့ရှိ မြေနီကုန်း (City Mart) တွင် ကျင်းပခဲ့သည်။

"သမိုင်းအရ အင်မတန်အဖိုးတန်လှတဲ့ ပြည်သူတွေရဲ့ အရေးတော်ပုံကို တစ်နည်းအားဖြင့် ဆေးရောင်တစ်ချက်စုတ်တစ်ချက် ဝင်ပြီးတော့ ဆွဲတဲ့အတွက် ကျွန်တော်ပြည်သူလူထုကိုယ်စား သမိုင်းရေးတဲ့သူများက ဆရာ့ကိုကျေးဇူးတင်ပါတယ်"ဟု ကိုမင်းကိုနိုင်(၈၈မျိုးဆက်) က ပြောကြားခဲ့သည့်အပြင် ၈၈မျိုးဆက်မှ ဦးကိုကိုကြီးကလည်း ဝတ္ထုတိုတွေရသတွေ မှေးမှိန်တာ တော်တော်ကြာပါပြီ။ တစ်ဖက်ကလည်း ပြန်ပြီးအားကောင်းလာအောင် ဝတ္ထုတိုဆုတွေနဲ့ ဆွဲငင်မယ်လို့စာဖတ်သူတွေကြားထဲမှာ စောင်ရေကိုကြည့်လိုက်ရင် ခန့်မှန်းလို့ရပါတယ်။ စာအုပ်ထုတ်ရတာအင်မတန်စွန့်စားရပါတယ်"ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အင်မတန်စာရေးကောင်းသည့် လက်ရာကောင်းသည့် စာပေအသည်းနှလုံးရင်ဝယ်ပိုက်ထားသည့် စာရေးဆရာများက ခေတ်၏ ကမောက်ကမဆန်မှုကြောင့်နှင့် အုပ်ချုပ်သူလူတန်းစား၏ စာပေဒီမိုကရေစီကို ဖျက်ဆီးခဲ့သည့်ဒဏ်ကြောင့် ဆရာဝန်စာရေးဆရာတစ်ချို့သည် ကမောက်ကမရေစုန်ထဲတွင် နစ်မြုပ်သွားရကြောင်း၊ ထိုသို့နစ်မြုပ်မှုမရှိဘဲ ကမောက်ကမရေစုန်ကိုဆန်ပြီး အောင်မြင်မှုရရှိနေသူသည် စာရေးဆရာ လင်္ကာရည်ကျော်ဖြစ်ကြောင်း ဆရာမောင်သွေးသစ်က သုံးသပ်ပြောကြားသည်။

ဇင်းပွဲကို တက်ရောက်လာသည့် စာရေးဆရာ ဒေါက်တာစိုးလွင်က အခုဆိုရင် စာရေးဆရာလင်္ကာရည်ကျော်ရေးတဲ့ "သမီးသို့" ဆိုတဲ့ စာအုပ်လေးအရမ်းကို ပေါက်နေပြီ။ အဲဒီအတွက်လည်း ကျွန်တော်တော်တော်ကို ယုံကြည်မိတယ်။ဘာဖြစ်လို့လဲဆိုတော့ "သမီးသို့" ဆိုတဲ့ စာအုပ်လေးက လင်္ကာရည်ကျော်(သို့) ဒေါက်တာရဲ ရေးထားတဲ့ စာသားလေးတွေ တွေ့ရတယ်။ ကိုရဲက ဆောင်းပါးတွေဆိုရင် ခပ်ပြတ်ပြတ်လေး ရေးလေ့ရှိတယ်။ ဒါပေမယ့် "သမီးသို့"ဆိုတဲ့ စာမူလေးကို ဖတ်ရတော့ တကယ့်အပြင်က ကိုရဲရေးနေတာမှ ဟုတ်ရဲ့လားလို့တောင် ဖြစ်မိတယ်။ ဘာဖြစ်လို့ဆို သိပ်ကို နူးညံ့သိပ်မွေ့လွန်းနေလို့"ဟု ပြောသည်။

ဆက်လက်ပြီး "ဆရာလင်္ကာရည်ကျော်ရဲ့ စာတွေကိုဖတ်ပါ။ "ကျောက်စရစ်ခဲလေးများကတစ်ဆင့်" "ပန်းဒေါင်း"နဲ့ "သမီးသို့" အဲဒါကို မဖတ်မဖြစ်အလွတ်ကျက်ပါလို့ ပြောချင်ပါတယ်"ဟု စာရေးဆရာကြည်မင်းက တိုက်တွန်းစကားဆိုသည်။



ဇင်းရေးသူဖတ်သူဆွေးနွေးပွဲကို စာအုပ်ရေးသားသူနှင့် စာဖတ်သူများအား တွေ့ဆုံနိုင်ရန်အတွက် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ နန်းဒေဝီစာအုပ်တိုက်ကို ၂၀၀၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သရဖူမဂ္ဂဇင်း (WELLENESS) မဂ္ဂဇင်းကို စတင်ထုတ်လုပ်ခဲ့ကြောင်း ယင်းနန်းဒေဝီစာအုပ်တိုက်မှ ထုတ်ဝေသည့် ဆရာလင်္ကာရည်ကျော်၏ "ကြိုးကြာတောင်ပံခတ်သံ" စာအုပ်သည် အမျိုးသားစာပေဆုရရှိခဲ့သကဲ့သို့ ရုပ်ရှင်အဖြစ် ရိုက်ကူးသည့်အခါ ဇာတ်ကားဆုနှင့် ဇာတ်ညွှန်းဆုကို ရခဲ့ပြီး ဇင်းဝတ္ထုကို တက္ကသိုလ်တတိယနှစ် ဝိဇ္ဇာတွဲ(မြန်မာစာ) တွင် ပြဋ္ဌာန်းစာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့ကြောင်း သရဖူမဂ္ဂဇင်းအယ်ဒီတာမနန်းခင်ချိုချိုဦးက အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# အနော်ရထာလမ်းမဘက်အနီး ဈေးရောင်းချမှုနှင့် ညအိပ်ညနေ နေထိုင်သူများအား ဖယ်ရှားရှင်းလင်း

**ရန်ကုန် မေ ၁၅**
လမ်းမတော်မြို့နယ် (၃၇) ရပ်ကွက် (၈) လမ်းအတွင်း အနော်ရထာလမ်းမဘက်အနီး လမ်းတစ်ဖက်တစ်ချက်တွင် ဈေးရောင်းချမှုနှင့်အတူ ညအိပ်ညနေ နေထိုင်သူများအား မေ ၁၃ ရက်က ညနေ ၆ နာရီမှ ၈ နာရီအတွင်း ဖယ်ရှားရှင်းလင်းမှုရှိခဲ့သည်။

ယင်း ညအိပ်၊ ညနေ နေထိုင်သူများကြောင့် လမ်းအတွင်း နေထိုင်သူများအတွက် မတင့်တယ်သော မြင်ကွင်းများ နေ့စဉ်မြင်တွေ့နေရရာ လမ်းအတွင်း နေထိုင်သူများက အရေးယူဖယ်ရှားပေးရန် သက်ဆိုင်ရာသို့ တိုင်ကြားစာပေးပို့ခဲ့သည်။ သို့ဖြစ်၍ မြို့တော်စည်ပင် ခရိုင်နှင့် မြို့နယ်စည်ပင်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြို့နယ်နှင့် ရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများ၊ နယ်မြေနှင့် စည်ပင်ရဲများ အဖွဲ့စုံ မော်တော်ယာဉ်များဖြင့် လာရောက်ရှင်းလင်းခြင်းဖြစ်သည်ဟု ပါဝင်ကူညီဆောင်ရွက်ခဲ့သူတစ်ဦးနှင့် မြင်တွေ့ခဲ့သူ (၄)ရပ်ကွက်နေ ကိုဘသာထူးတို့က ပြောသည်။

ညအိပ်ညနေ နေထိုင်သူများ ဖယ်ရှားပေးပြီး ယင်းနေရာတွင် ထပ်မံနေထိုင်ခြင်း မပြုနိုင်ရန် အရံအတားများ ချထားသည်ကို မြင်တွေ့ရသည်။ မေ ၁၄ ရက် နံနက်ပိုင်းတွင် ယင်းနေရာသို့ လာရောက်ဈေးရောင်းချမည့်သူများဈေးရောင်းချနိုင်ခြင်း မရှိသည်ကို မြင်တွေ့ရသည်။ (၈)လမ်းနှင့် အနော်ရထာလမ်းထိပ်တွင် သက်ဆိုင်ရာမှ ယာဉ်တစ်စီးချထား စောင့်ကြည့်သည်ကို မြင်တွေ့ရသည်။

အချိန်သတ်မှတ်၍ ကားလမ်းမဘေး လူသွားလမ်းတွင် ဈေးရောင်းချခွင့်ပြုထားသည့် ညနေ ၃ နာရီမှ ည ၈ နာရီထိ ဈေးရောင်းချနိုင်သည့် လမ်းသွယ်များအတွင်းတွင်မူ လမ်းအတွင်း နေထိုင်သူများနှင့် ညှိနှိုင်း၍ အချိန်ကန့်သတ်မှုမရှိဘဲ ရောင်းချနိုင်သည်။ သို့သော် ဈေးရောင်းချခြင်းသာမက နေအိမ်သဖွယ် ညအိပ်ညနေ နေထိုင်မှုများရှိနေသဖြင့် လမ်းမတော် (၃)ရပ်ကွက် (၈)လမ်းအတွင်း နေထိုင်သူများအနေဖြင့် မြင်ကွင်းဆိုးသော မတင့်တယ်သည့် နေထိုင်ပြောဆိုမှုများကို မြင်တွေ့ကြုံတွေ့နေရသည်။ သို့ဖြစ်၍လမ်းအတွင်း နေထိုင်သူများ လက်မှတ်ထိုး၍ သက်ဆိုင်ရာသို့အရေးယူဆောင်ရွက်ရန် တိုင်ကြားမှုများရှိသဖြင့် သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းဖြစ်သည်ဟု အရေးယူဆောင်ရွက်ရာသို့ လိုက်ပါကူညီဆောင်ရွက်ရသည့် အခြားရပ်ကွက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်း လမ်းဘေးဈေးသည်များစာရင်းကောက်ယူရာတွင် လမ်းမတော်၊လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတားမြို့နယ်များအတွင်း ၅၅၀၀ ဝန်းကျင်ရှိပြီး စည်းကမ်းတကျ လမ်းဘေးဈေးရောင်းမှုဖြစ်လာရေး ယင်းမြို့နယ်များတွင် ဝန်ထမ်း ၂၀၀ ဝန်းကျင်ဖြင့်ဆောင်ရွက်နေရသည်ဟု မေ ၄ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။ ကျောက်တံတားမြို့နယ်တွင် ၁၃၀၀ ခန့်၊ ပန်းဘဲတန်းမြို့နယ်တွင် ၂၀၀၀ ခန့်၊ လသာမြို့နယ်တွင် ၁၄၀၀ ခန့်၊ လမ်းမတော်မြို့နယ်တွင် ၈၀၀ ခန့်ရှိပြီး သက်ဆိုင်ရာမှ မိမိလိုဝန်ထမ်းများ အစိုးရသစ်လက်ထက် လမ်းဘေးဈေးသည် စာရင်းကောက်ယူမှုမှ သိရသည်ဟု ဖော်ပြထားသည်။

လမ်းဘေးဈေးသည်ရောင်းချရာတွင် အချိန်ပိုင်း တစ်နိုင်တစ်ပိုင်ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ကားလမ်းနှင့် ယာဉ်ရပ်နားရာနေရာများတွင်ပါ ဈေးဆိုင်ခုံအများအပြားတည်ခင်းရောင်းချသည့် စီးပွားဖြစ်ဈေးသည်များ စသည်ဖြင့်ကွဲပြားနေရာ အခြေခံမတူသော သဘာဝပေါ်မူတည်၍ လမ်းဘေးဈေးရောင်းချမှုကို ဖြေရှင်းပေးရန်လိုသည်။ ယခုရက်တွေ့ကြုံရသော ညအိပ်ညနေ နေထိုင်သူအချို့ကြောင့်တစ်နိုင်တစ်ပိုင်ဈေးသည်လေးများ (၈) လမ်းအတွင်း ဈေးရောင်းချခွင့် ဆုံးရှုံးသွားရခြင်းအပေါ် ဈေးဝယ်သူများနှင့် ဈေးသည်အချို့ ဝေဖန်ပြောဆိုမှုများ ကြားသိနေရသည်။

စည်းကမ်းတကျ ဈေးရောင်းချခြင်း အားနည်းမှုကြောင့်ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ကြုံတွေ့ရသည်ဟု ပြောဆိုမှုများရှိနေဆဲဖြစ်သည်။ လမ်းဘေးဈေးရောင်းချသူများအနေဖြင့် စည်းကမ်းတကျရောင်းချမှုနှင့်အတူ ထွက်ရှိလာသောအမှိုက်များ စည်းကမ်းတကျ သိမ်းဆည်းစွန့်ပစ်ရေး၊ ရပ်ကွက်နေနှင့် လမ်းသွားလမ်းလာများအပေါ် အတားအဆီး၊ အနှောင့်အယှက်မဖြစ်ရေးတို့ကို အလေးထားလုပ်ဆောင်လာရန်သင့်ပြီဟု လမ်းမတော် (၈) လမ်းဖြစ်စဉ်က ညွှန်ပြနေသည်။ အချို့သော နေရာများတွင်လည်း စည်းကမ်းတကျ ရောင်းဝယ်မှု အားနည်းခြင်းအပေါ် နေ့စဉ် စိတ်အနှောင့်အယှက် တွေ့ကြုံခံစားရမှုများ ရှိနေရသည်ဟု လမ်းမတော်မြို့နယ် (၂) ရပ်ကွက်နေ ဦးကျော်၊ (၅) ရပ်ကွက်နေ ဦးဖိုးတုတ်က ပြောသည်။ **(မောင်စေအောင်)**





# ငပုတောမြို့နယ်ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေ

**ငပုတော မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေလျှုဒါန်းလျက်ရှိသည်။

ထိုသို့ရေဖြန့်ဝေမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မေ ၁၃ ရက် မွန်းလွဲပိုင်းက စဥ့်အိုးဖိုအောက် ကျေးရွာအုပ်စု စဥ့်အိုးဖိုအောက်ကျေးရွာသို့ သောက်သုံးရေဂါလန် ၁၂၀၀ အားဖြန့်ဝေခဲ့သည်။ ထိုကဲ့သို့သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ ရေဖြန့်ဝေနိုင်ရေး ကြိုတင်ပြင်ဆင်ထားလျက်ရှိပြီး ရေလိုအပ်နေသော ကျေးရွာများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ **(မျိုးကျော်သူ)**

# နမ့်စန်မြို့တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး Sticker Campaign လှုပ်ရှားမှု ပြုလုပ်

**နမ့်စန်(တ) မေ ၁၅**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအတွက် Sticker Campaign လှုပ်ရှားမှုကို မေ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုတွင် နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးကြီးကျော်မိုးသက် ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ/ဆရာမများ ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့်လုပ်သားပြည်သူများ စုပေါင်းအင်အား ၂၃၀ ခန့်ပါဝင်ခဲ့ပြီး ပါဝင်သူများက နံနက် ၇ နာရီခွဲတွင် မြို့နယ်ခန်းမတွင် စုရပ်ပြုလုပ်၍ " မူးယစ်ဆေးသုံး လူညွှန့်တုံး၊ လူလုံးမလှ ထောင်လည်းကျ"၊ "မူးယစ်အန္တရာယ်ကင်းစင်ဖို့ နမ့်စန်တစ်ခွင်ကြိုးပမ်းစို့" စသည့် မူးယစ်ပညာပေး sticker များကို နမ့်စန်-ခိုလမ်လမ်း၊ နမ့်စန်-မိုးနဲ လမ်းတလျှောက်ရှိ ဈေးဆိုင်များ ၊ အိမ်များနှင့် မြို့တွင်းလူစည်ကားရာ လမ်းဆုံလမ်းခွများ၊ မြို့မဈေး၊ ကားဂိတ်များ၊ စတိုးဆိုင်များ၊ ကွမ်းယာအရောင်းဆိုင်များနှင့် မြို့ပေါ်ရပ်ကွက်အသီးသီးတို့တွင် လိုက်လံ၍ စုပေါင်းကပ်ခဲ့ကြောင်းသိရသည်။ **သူရအောင်(ပြန်/ဆက်)**



# အခွင့်အခါသင့်ရင် ဟောင်ကောင်ဒါရိုက်တာ ဝမ်ကာဝေနဲ့ လက်တွဲချင်ပါတယ်လို့ ဆိုလာတဲ့ ဆောင်ဂျွန်ကီ

အထူးသဖြင့် အမျိုးသမီးပရိသတ်များ အထူးအားပေးနှစ်သက်ခဲ့ကြသည့် တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ Descendants of the Sun မှ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သူ မင်းသား ဆောင်ဂျွန်ကီက တောင်ကိုရီးယားပြင်ပမှ ဒါရိုက်တာများဖြင့် ရိုက်ကူးခွင့်ရရှိမည်ဆိုပါလျှင် ဟောင်ကောင်ဒါရိုက်တာ ဝမ်ကာဝေနှင့် လက်တွဲဆောင်ရွက်လိုကြောင်း တရုတ်နိုင်ငံ ပေကျင်း၌ ပြုလုပ်ခဲ့သည့် စာနယ်ဇင်းရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

တစ်ခဲနက်အောင်မြင်မှုရရှိခဲ့သည့် Descendants of the Sun ဇာတ်ကားမှ သရုပ်ဆောင် ဆောင်ဂျွန်ကီအနေဖြင့် ယခုရက်ပိုင်းအတွင်း အာရှဒေသတစ်လွှားတွင် ပရိသတ်တွေ့ဆုံပွဲများကျင်းပလျက်ရှိပြီး မေ ၁၂ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် မီဒီယာတွေ့ဆုံပွဲတစ်ခု၌ တရုတ်ဒါရိုက်တာတစ်ဦးနှင့် လက်တွဲခွင့်ရမည်ဆိုပါက မည်သို့သော ဒါရိုက်တာမျိုးနှင့် လက်တွဲဆောင်ရွက်ချင်သည်ကို သိလိုကြောင်း သတင်းထောက်တစ်ဦး၏ မေးခွန်းကို ယင်းသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ကိုရီးယားရဲ့ပြင်ပမှာ ရုပ်ရှင်ရိုက်ကူးခွင့်ရခဲ့ရင် ဒါရိုက်တာ ဝမ်ကာဝေနဲ့ လက်တွဲခွင့်ရချင်ပါတယ်။ သူ့ရဲ့ဇာတ်ကား တစ်ကားချင်းစီတိုင်းမှာ ကွဲပြားတဲ့အရည်အသွေးတွေရှိနေပါတယ်။ သူနဲ့အတူ မတူညီတဲ့ဇာတ်လမ်းတည်ဆောက်မှု၊ မတူညီတဲ့ဇာတ်ကောင်စရိုက်တွေမှာ ပါဝင်သရုပ်ဆောင်ချင်ပါသေးတယ်"ဟု ဆောင်ဂျွန်ကီက ဆိုသည်။

ဝါရင့်ဒါရိုက်တာတစ်ဦးဖြစ်သူ ဝမ်ကာဝေသည် ၎င်း၏ ထူးခြားသည့် ဇာတ်လမ်းများဖြင့် ထင်ရှားကျော်ကြားနေသူတစ်ဦးလည်းဖြစ်ပြီး ၎င်းသည် ၂၀၁၃ ခုနှစ်က တောင်ကိုရီးယားသရုပ်ဆောင်မင်းသမီး ဆောင်းဟေကိုနှင့် The Grandmaster အက်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့ပြီး ယင်းဇာတ်ကားသည် အာရှဒေသတွင်သာမက ကမ္ဘာ့ရုပ်ရှင်ပွဲတော်များအထိ ထိုးဖောက်ကာ ဆုတံဆိပ်များစွာ ရယူဆွတ်ခူးနိုင်ခဲ့သည့် ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

# ဝိုင်ဂျီအင်န်တာတိန်းမန့်နှင့် လက်တွဲမည့် မင်းသမီး ဆိုးဂျောင်ယွန်း

Descendants of the Sun ဇာတ်ကားမှ သရုပ်ဆောင်တစ်ဦးဖြစ်သူ မင်းသမီး ဆိုးဂျောင်ယွန်းက ယခုအခါ ထိပ်တန်းအနုပညာအေဂျင်စီတစ်ခုဖြစ်သည့် ဝိုင်ဂျီအင်န်တာတိန်းမန့်နှင့်လက်တွဲကာ အနုပညာလုပ်ငန်းများ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

မင်းသမီး ဆိုးဂျောင်ယွန်းသည် မေ ၁၄ ရက်က အဆိုပါကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး တစ်နေ့ထဲမှာပင် အခြားမင်းသားတစ်ဦးလည်း ဝိုင်ဂျီနှင့် လက်တွဲခဲ့ကြောင်း သိရသည်။

မင်းသမီး ဆိုးဂျောင်ယွန်းအနေဖြင့် Descendants of the Sun ဇာတ်ကားအပြင် Heard It Through the Grapevine နှင့် She Was Pretty ဒရမ်မာဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။


ဝိုင်ဂျီအင်န်တာတိန်းမန့်အနေဖြင့် မင်းသားနှင့်မင်းသမီးများ စုဆောင်းရေးကို ၂၀၁၃ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ဂီတအေဂျင်စီတစ်ခုအဖြစ်ကို ကျော်လွန်ကာ ချဲ့ထွင်ခဲ့ခြင်းဖြစ်သည်။



# တရုတ်-ဥရောပ ရုပ်ရှင်အတတ်ပညာပိုင်းဆိုင်ရာ ပူးတွဲဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

တရုတ်-ဥရောပ ရုပ်ရှင်အတတ်ပညာပိုင်းဆိုင်ရာ ပူးတွဲဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲတစ်ခုကို ပြင်သစ်နိုင်ငံ ကန်းစ်မြို့၌ ကျင်းပလျက်ရှိသည့် (၆၉)ကြိမ်မြောက်ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်အတွင်း ကျင်းပခဲ့ရာ ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် ရုပ်ရှင်လောကမှ အတတ်ပညာရှင်ပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"လျှင်မြန်စွာတိုးတက်လျက်ရှိတဲ့ တရုတ် ရုပ်ရှင်ဈေးကွက်မှာ ထူးခြားကောင်းမွန်တဲ့ ရုပ်ရှင်တွေကို ဥရောပနဲ့ပူးတွဲထုတ်လုပ်နိုင်ဖို့ လုံလောက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေရှိနေပါတယ်"ဟု တရုတ်ပူးတွဲရုပ်ရှင်ထုတ်လုပ်ရေး ကော်မတီဥက္ကဋ္ဌက ပြောသည်။



(၆၉)ကြိမ်မြောက်ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနား

ထို့ပြင် တရုတ်ရုပ်ရှင်ကုမ္ပဏီအတော်များများသည် နိုင်ငံခြားရုပ်ရှင်ကုမ္ပဏီများနှင့်ပူးတွဲဆောင်ရွက်မှုများ တည်ထောင်ထားပြီး ၎င်းသည် ရေတိုစီမံကိန်းနှင့်နှိုင်းယှဉ်ပါက ပိုမိုအောင်မြင်ပြီး အကျိုးသက်ရောက်မှု ပိုမိုများပြားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် နှစ်စဉ် တစ်နှစ်လျှင် ရုပ်ရှင်ကားပေါင်း ၆၀၀ ခန့် ထုတ်လုပ်နိုင်သော်လည်း လုံလောက်သည့် ဒါရိုက်တာနှင့်ထုတ်လုပ်သူအရေအတွက် နည်းပါးနေခြင်းကြောင့် ပြည်ပမှ ရုပ်ရှင်ကုမ္ပဏီများ အထူးသဖြင့် ဥရောပမှ ကုမ္ပဏီများနှင့် ပူးတွဲလုပ်ကိုင်နေရခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ဂျာမန်ရုပ်ရှင်ကုမ္ပဏီWild Brunch မှ စီအီးအို Vincent Grimond က "ပူးတွဲထုတ်လုပ်တယ်ဆိုတာ ရုပ်ရှင်တစ်ကားကို အတူရိုက်ကူးတာ တစ်ခုထဲကိုဆိုလိုတာမဟုတ်ဘဲ ပိုမိုကောင်းမွန်တဲ့ဇာတ်ကားတစ်ကားဖြစ်လာဖို့ လိုအပ်တာတွေကို ရေရှည်အတူဆောင်ရွက်တာဖြစ်ပါတယ်" ဟု ဆိုသည်။

တရုတ်နိုင်ငံ၏ ပြန်ကြားရေးလုပ်ငန်းများဖြစ်သည့် ရေဒီယို၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ရုပ်ရှင်နှင့် ရုပ်သံကဏ္ဍများတွင် ပူးတွဲစာချုပ်ချုပ်ဆိုထားသည့် နိုင်ငံများမှာ ကနေဒါ၊ အီတလီ၊ ဩစတြေးလျ၊ ပြင်သစ်၊ စပိန်၊ယူကေနှင့် အိန္ဒိယနိုင်ငံ တို့ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၆- ၅ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညပိုင်း**

- ၆း၀၀ အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -ပြည်သူ့နီတိ
  - "ချစ်တတ်အောင် ချစ်ပြပါ"
- ၆း၂၀ ကာတွန်းအစီအစဉ်"Cars" အပိုင်း(၁)
- ၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သောပုဆ္စာ" (အပိုင်း-၄၅)
- ၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၄၅)
- ၈း၃၀ တေးဂီတအစီအစဉ်
- ၈း၅၀ မြိတ်-ကော့သောင်းခရီးစဉ် (အပိုင်း-၂)
- ၉း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉း၃၀ အကပဒေသာ
- ၉း၄၀ အောင်သမာဓိရွှေဆိုင်အစီအစဉ်
- ၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရေပြင်ညီမျဉ်း "
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ရတနာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ တရားတော်
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၃)
- ၇း၃၀ MRTV-4သတင်း
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်(The First-Ever BMW Expro: 2016
- ၈း၀၀ "မင်္ဂလာပါ"The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၁၁)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ အနုပညာမိုးကောင်းကင်
- ၁၁း၂၅ သွားမယ်စားမယ် (Sky Bistro)
- ၁၁း၅၀ Forever Music Tribute အဝေးတစ်နေရာ (အပိုင်း-၃) (ပထမပိုင်း)
- ၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်"(အပိုင်း-၇၆)
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Myanmar-Korea Organ Transplantation Seminar)
- ၁း၀၀ တရားတော်
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၃)
- ၃း၄၀ တောင်ကြီးမြို့စက်မှုလက်မှု အထက်တန်းကျောင်းကျောင်းသားဟောင်းများ၏(၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ
- ၅း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Miss Now How 2016)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၄)
- ၇း၁၀ Drive It
- ၈း၅၀ အနုပညာမိုးကောင်းကင်
- ၉း၁၀ MRTV-4 Stage
- ၉း၄၀ World Of Knowledge (Magacities; Jarkata)
- ၁၀း၃၀ ခေတ်သစ်ပျိုမေ

## MWD

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၄၅ မှတ်တမ်း
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ ရွှေဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၈း၃၅ မြဝတီနေ့စဉ်သတင်း
- ၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
- ၄း၀၀ မြဝတီအဖွင့်
- ၄း၀၂ နိုင်ငံတော်သီချင်း
- ၄း၀၃ အဖွင့်သီချင်း
- ၄း၀၅ တစ်ပတ်အတွင်းမွေးမြူရေးသတင်း
- ၄း၁၅ မျိုးချစ်တပ်မတော်
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၂၁)
- ၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အာရုဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၂၀)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောဧကရီ အပိုင်း(၃၀)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - - နိုင်ငံတကာသတင်း
  - - မိုးလေဝသသတင်း
  - - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
  - - မေးမြန်းစူးစမ်း
  - - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဟိုတယ်ဘုရင်"အပိုင်း(၂၈)
  - - တရားတော်

## mitv

| | |
|---|---|
| 07:27 | Myanmar Delicate Artistic Handy Creations- Lacquareware Making |
| 07:52 | Distinguished Myanmar Ladies "Tin Moe Lwin" |
| 08:26 | A Bike Ride in pursuit of Mural Art (Ep-1) |
| 08:45 | A Way of Life: Karate-do |
| 09:26 | Those Who Never Give Up (Ep-6) In Pursuit of a dream |
| 10:27 | Mesmerizing Scenes or Image of Japan (Part-1) |
| 07:27 | Food Trip (EP-6) |
| 08:26 | Taste Of Myanmar (Glass Noodle Soup) |
| 08:45 | Entrepreneur "Nan Ei Ei Zar" |

# လာလီဂါဖလား နှစ်နှစ်ဆက်တိုက် ဘာစီလိုနာအသင်း ဆွတ်ခူးနိုင်ခဲ့




စပိန်လာလီဂါပြိုင်ပွဲ၏ အပိတ်ပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၃၈)တွင် ဘာစီလိုနာအသင်းသည် ဂရန်နာဒါအသင်းအား တိုက်စစ်မှူး ဆွာရက်ဇ်၏ ဟက်ထရစ်သွင်းဂိုးဖြင့် သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် စပိန်လာလီဂါဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ပွဲစဉ်(၃၈)တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် လာလီဂါဖလားရရှိရေးအတွက် ဒီပို့တီဗိုအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်းက ဂရန်နာဒါအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ရီးယဲလ်မက်ဒရစ်အသင်းအား တစ်မှတ်အသာဖြင့် လာလီဂါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် လာလီဂါပွဲစဉ်(၃၈)တွင် သွင်းဂိုးသုံးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါသွင်းဂိုး ၄၀ အထိသွင်းယူပေးနိုင်ခဲ့ပြီး လာလီဂါရွှေဖိနပ်ဆုရရှိရန်လည်း သေချာနေပြီဖြစ်သည်။

ဘာစီလိုနာအသင်းသည် လက်ရှိတွင် စပိန်လာလီဂါဖလားကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူးထားနိုင်ခဲ့သည့်အပြင် မေ ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင်လည်း ပြိုင်ဘက်ဆီဗီလာအသင်းအား အနိုင်ရရှိခဲ့ပါက စပိန်ကိုပါဒယ်ရေးဖလားကိုလည်း နှစ်နှစ်ဆက်တိုက်ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူးစီရိုနယ်လ်ဒို၏ သွင်းဂိုးများနှင့်အတူ လာလီဂါဖလားဆွတ်ခူးရန် အစွမ်းကုန်ကြိုးစားခဲ့သော်လည်း စီရိုနယ်လ်ဒိုဒဏ်ရာပြဿနာကြုံခဲ့ရခြင်းသည် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ရလဒ်ပိုင်းဆိုးရွားမှုများဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် ဘာစီလိုနာထက် တစ်မှတ်လျော့ဖြင့် လာလီဂါဖလားကို လက်လွှတ်ခဲ့ရသည်။

ထို့အတူ တိုက်စစ်မှူးစီရိုနယ်လ်ဒိုသည်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ စပိန်လာလီဂါသွင်းဂိုး ၃၅ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သော်လည်း တိုက်စစ်မှူးဆွာရက်ဇ်နှင့် ငါးဂိုးအထိကွာဟကာ လာလီဂါဂိုးသွင်းအများဆုံးစာရင်းတွင် ဒုတိယနေရာ၌သာ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် လာလီဂါရွှေဖိနပ်ဆုနှင့် လွဲရမည့်အနေအထားသို့ ရောက်ရှိနေခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်တွင် လာလီဂါပြိုင်ပွဲ၌ လာလီဂါသွင်းဂိုး ၁၁၂ ဂိုးအထိသွင်းယူနိုင်ခဲ့ကာ ရမှတ် ၉၁ မှတ်ဖြင့် လာလီဂါဖလားကို ဆွတ်ခူးထားနိုင်ခဲ့ရာတွင် မက်ဆီ၊ နေမာနှင့် ဆွာရက်ဇ်တို့သုံးဦး၏ သွင်းဂိုးသည် ၉၀ အထိရှိထားခဲ့သည်။ ယင်းသွင်းဂိုး ၉၀ တွင် ဆွာရက်ဇ်သည် သွင်းဂိုး ၄၀၊ မက်ဆီသည် သွင်းဂိုး ၂၆ ဂိုး နှင့် နေမာသည် သွင်းဂိုး ၂၄ ဂိုး စသည်ဖြင့် အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် လာလီဂါပြိုင်ပွဲ၏ ပထမ ၇၅ နှစ်တာကာလအတွင်း လာလီဂါဖလားကို ၁၆ ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ပြီး တိုက်စစ်မှူး မက်ဆီနှင့် ကွင်းလယ်ကစားသမား အင်နီယေစတာတို့ ရောက်ရှိလာခဲ့သည့် ဘောလုံးရာသီနောက်ပိုင်း ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှစတင်ကာ လာလီဂါဖလားကို ရှစ်ကြိမ်အထိဆွတ်ခူးထားနိုင်ခဲ့သည်။




# ပီအက်စ်ဂျီအသင်းနှင့်အတူ လေးနှစ်တာကာလအတွင်း

## ပွဲပေါင်း ၁၇၉ ပွဲတွင် သွင်းဂိုး ၁၅၄ ဂိုးအထိ အီဘရာဟီမိုဗစ်သွင်းယူနိုင်ခဲ့

ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ပီအက်စ်ဂျီအသင်းနှင့် နန်တီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်ပထမတန်းပွဲစဉ်(၃၈)တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းအတွက် အချိန်ပြည့်ဂိုးသွင်းရှင်ဖြစ်လာခဲ့ပြီဖြစ်သည်။

ထို့အတူ တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ သွင်းဂိုးများကြောင့် ပီအက်စ်ဂျီအသင်းသည်လည်း ပွဲစဉ်(၃၈)အပြီးတွင် ပြင်သစ်ပထမတန်းဖလားနှင့်အတူ အောင်ပွဲခံနိုင်ခဲ့သည်။ အသက်(၃၄)နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ လေးနှစ်တာဖြတ်သန်းခဲ့ရာတွင် ပွဲပေါင်း ၁၇၉ ပွဲကစားအပြီးတွင် သွင်းဂိုး ၁၅၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပြင်သစ်ပထမတန်းပွဲစဉ် ၃၁ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၃၈ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးစာရင်းတွင်လည်း လိုင်ယွန်အသင်းတိုက်စစ်မှူး လာကာဇက်တီထက် သွင်းဂိုး ၁၇ ဂိုးအထိ ပိုမိုသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

## ဘောလုံးလောက သတင်းတိုများ

- လာမည့်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနည်းပြဖြစ်လာမည့် ဂွါဒီယိုလာသည် အင်္ဂလန်ကွင်းလယ်ကစားသမား ဝီရှိုင်းယား၊ ချီလီတိုက်စစ်မှူး ဆန်းချက်ဇ်၊ အင်္ဂလန်ဘယ်နောက်ခံကစားသမား ဒန်နီရို့စ်တို့အား ခေါ်ယူရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းသည် ဆွမ်ဆီးအသင်းနှင့် ဝေလအသင်း ခေါင်းဆောင် အက်ရှ်လေဝီလီယံအား ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။
- နယူးကာဆယ်တောင်ပံကစားသမား တောင်ဆန်သည် ပြင်သစ်မြေတွင် ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် နည်းပြရွိုင်းဟော့ဂ်ဆန်၏ အင်္ဂလန်အသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။
- အဲဗာတန်အသင်းသည် နည်းပြမာတီနက်ဇ်အား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် ပရီမီယာလိဂ် ဖလားသုံးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည့် ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုအား ခေါ်ယူရန်ချဉ်းကပ်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

# ရီးယဲလ်ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ပေါင် သန်း ၆၀ ဖြင့် ခေါ်ယူရန် မန်ယူကမ်းလှမ်းထား

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ကိုလံဘီယာကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရန် ဆန္ဒရှိသည်ဆိုပါက ဗြိတိန်၏ ပြောင်းရွှေ့ကြေးစံချိန်ကို ချိုးဖျက်ရမည့် အနေအထားတွင်ရှိနေသည်။

လက်ရှိဗြိတိန်၏ ပြောင်းရွှေ့ကြေးစံချိန်သည် လွန်ခဲ့သည့်နှစ်နှစ်က မန်ယူအသင်းက အာဂျင်တီးနား ကစားသမား ဒီမာရီယာအား ခေါ်ယူခဲ့သည့် ပြောင်းရွှေ့ကြေးပေါင် ၅၉ ဒသမ ၇ သန်းသည် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ပြီး ဒီမာရီယာမှာ လက်ရှိတွင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတွင် ကစားလျက်ရှိသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် မိုနာကိုကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် ပေါင်သုံးသန်းဖြင့် ခေါ်ယူထားခဲ့ပြီး လက်ရှိတွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ အထိတန်ဖိုးသတ်မှတ်ထားကြောင်းသိရသည်။

မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရန်ဆန္ဒရှိနေသော်လည်း လက်ရှိတွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရန်အတွက် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများဖြစ်သည့် မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့အပြင် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့နှင့်လည်း အပြိုင်ကြိုးပမ်းရမည့်အနေအထားတွင် ရှိနေခဲ့သည်။




aiG , f-pk nf onf

# ငှက်အသင်းဓာတ်ပုံပြပွဲ ဝါသနာရှင်ဓာတ်ပုံများကို ဖိတ်ခေါ်

**ရန်ကုန် မေ ၁၅**
မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်း၏ စီစဉ်မှုဖြင့် မြန်မာ့သဘာဝဝန်းကျင်နှင့် ငှက်လောကအမည်ဖြင့် ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ရာ ဓာတ်ပုံပြပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ငှက်ဝါသနာရှင်များ၊ အပျော်တမ်း ဓာတ်ပုံရိုက်ကူးသူများနှင့် ဓာတ်ပုံပညာရှင်များ ရိုက်ကူးထားကြသည့် ငှက်ဓာတ်ပုံအသီးသီးကိုပါ ဖိတ်ခေါ်ထားသည်။

"ကျွန်တော်တို့ရဲ့ သဘာဝပတ်ဝန်းကျင်မှာ ကျေးငှက်တွေရဲ့ အခန်းကဏ္ဍက မရှိမဖြစ်ကို အရေးပါပါတယ်။ သဘာဝပတ်ဝန်းကျင် တဖြည်းဖြည်း ပျက်စီးလာနေသလို ငှက်တွေမှာလည်း မျိုးတုံးပျောက်ကွယ်သွားနိုင်တဲ့အထိ စိန်ခေါ်မှုတွေ တိုးလာနေပါတယ်။ ငှက်တွေရဲ့ ပင်ကိုသဘာဝ၊ ငှက်တွေရဲ့ လောကကို သိခြင်းအားဖြင့် သူတို့တစ်တွေကို ချစ်မြတ်နိုးလာပြီး သူတို့ရဲ့သဘာဝပတ်ဝန်းကျင်ကိုပါ ထိန်းသိမ်းကာကွယ်လိုစိတ်ရှိလာအောင် တစ်ဖက်တစ်လမ်းက ရည်ရွယ်ပြီးပြုလုပ်ရတာပါ" ဟု အသင်းအမှုဆောင်တစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံတစ်ဝန်း ဒေသအလိုက် ရိုက်ကူးထားကြသည့် ငှက်အမျိုးမျိုး၏ ဓာတ်ပုံများကို နီးစပ်ရာအောက်ဖော်ပြပါ အသင်းဝင်များထံ မေ ၃၁ ရက်နောက်ဆုံးထား ပေးပို့နိုင်ကြပြီး ရွေးချယ်ခံရသည့်ဓာတ်ပုံများကို ပြပွဲတွင် ပြသသွားမည်ဖြစ်သည်။ ဓာတ်ပုံပြပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဆက်သွယ်မေးမြန်းနိုင်ကြကြောင်း အဆိုပါအသင်းက သတင်းထုတ်ပြန်ထားသည်။

ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကိုလေးဝင်း ဖုန်း-၀၉-၂၅၃၃၄၇၂၉၃ laywin.wild@gmail.com၊ ကချင်ပြည်နယ်နှင့် ကျန်ဒေသများ ကိုနိုင်လင်း ဖုန်း-၀၉-၄၂၀၈၃၈၆၃ nilzmw@gmail.com၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးဇေမောင်သိန်း ဖုန်း-၀၉-၂၀၃၃၄၅၃ zaymaungthein@gmail.com၊ ပုဂံဒေသတစ်ဝိုက်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ် ကိုသက်ဝင်း ဖုန်း-၀၉-၄၀၂၇၅၁၉၉ baganbirdwatching001@gmail.com၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် ကိုသောင်းထွန်း ဖုန်း-၀၉-၇၃၁၂၀၈၉၁ thaung.th@gmail.com တို့ထံ ပေးပို့နိုင်ကြောင်း သိရသည်။

**(သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-သက်ဝင်း)**





# ပုသိမ်မြို့ ဧရာဝတီဟသ်ာတ တာရိုးတစ်လျှောက် ၁၃၃ ပေခန့် အက်ကြောင်းရာကြီးပေါ်လာ၍ ဒေသခံများစိုးရိမ်

**ဇလွန် မေ ၁၄**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့၏ ကျီးပင်အနီး ဧရာဝတီဟသ်ာတ တာမိုင်(၂၅/၂)နေရာ၏ တာရိုးတစ်လျှောက်တွင် ၁၃၃ ပေခန့်ရှည်လျားသော အက်ကြောင်းရာကြီးပေါ်လာ၍ လာမည့်မိုးကာလ ရေကြီးချိန်တွင် ယင်းရေကာတာ ပဲ့ကျပြီး မြစ်ရေများ ဝင်ရောက်လာမည်ကို ဒေသခံပြည်သူများ အလွန်စိုးရိမ်နေကြသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော အချိန်တိုကာလအတွင်း ပြီးစီးစေမည့် မီတာ ၁၀၀ ရှည်လျားသော ဘင့်ကပ်တာတစ်လုံး တည်ဆောက်ရန် ဒေသခံများက လိုလားနေကြသည်။

**အေးခိုင်(ဇလွန်)**

# ဘိန်းဖြူ၊ ဘိန်းစိမ်း၊ စိတ်ကြွရူးသွပ်ဆေးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၅**
**ကျိုးရဲကင်းစခန်း**မှ တပ်ဖွဲ့ဝင်များသည် မေ ၁၄ ရက်က ပင်းတယမြို့နယ် အောင်ပန်း-ရွှေညောင်သွားကားလမ်းပေါ်တွင် မျိုးခိုင်မောင်းနှင်ပြီး တရုတ်ကြီးလိုက်ပါလာသည့် ယာဉ်အမှတ် BB/AD ဗင် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းစိမ်း ၃၂ ဒသမ ၆ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ နမ့်တွန်းကျေးရွာ ဘုံမွန်စိုက်ခင်းအနီး မူဆယ်-လားရှိုး ပြည်ထောင်စုကားလမ်းပေါ်တွင် ဇော်လင်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၄၄ ခွက်(အလေးချိန် သုည ဒသမ ၅၇၂ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ကို လည်းကောင်း။

ထို့အတူ မေ ၁၃ ရက်က တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိတ္ထီလာမြို့၊ "သပြေဝ" ဆိုင်တန်းရှိ ဝေယံစိုး၏ထမင်းဆိုင်ခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ နှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း။

မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် ရမ်းဘိုကျေးရွာ ဒေသအခေါ် မိုးမှောင်ကျရွာရှိ လေးဖြူ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မှတ်ကြီး၊ မျိုးကို၊ ဆန်းဝင်းတို့အား တွေ့ရှိရပြီး ၎င်းတို့အနီးမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ ကိုလည်းကောင်း။

မေ ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် စောစီဘီးခွန်ကောက်ခံရေးစခန်းတွင် ခွန်ပိုင်စိုးမောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၊ ကျည် ၁၀ တောင့်ပါ ကျည်ဘောက်အရှည်တပ်ထားသော M-16 မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ပွိုင့် ၂၂ သံခေါက်ဒင်ပါ သေနတ်တစ်လက်၊ ယင်းကျည် ၁၀ တောင့်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



တရားခံ လေးဖြူ(ခ)ဇော်တင်ဝင်း၊ မှတ်ကြီး(ခ)အောင်နိုင်ဝင်း၊ မျိုးကိုနှင့် ဆန်းဝင်းတို့ လေးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။


## မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်းဗဟိုအလုပ်အမှုဆောင်

ရွေးချယ်တင်မြှောက်ပွဲဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များ ရှင်သန်ဝိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (၅.၇.၂၀၁၅) ရက်နေ့၊ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် တိုင်းနှင့်ပြည်နယ် အသီးသီးမှ ဆီစက်လုပ်ငန်းရှင်များ အားလုံး မပျက်မကွက် (မပျက်မကွက်) တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့် နေ့ရက် - (၂၁.၅.၂၀၁၆)ရက်နေ့မှ (၂၂.၅.၂၀၁၆) ရက်နေ့အထိ
ကျင်းပမည့် အချိန် - (၂၁.၅.၂၀၁၆)ရက်နေ့ (အကြိုညှိနှိုင်းအစည်းအဝေး)
( မွန်းတည့် - ၁၂နာရီမှ မွန်းလွဲ - ၃နာရီ)
(၂၂.၅.၂၀၁၆)ရက်နေ့ (ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ပွဲ)
( နံနက် - ၉နာရီမှ မွန်းတည့် - ၁၂နာရီ)
ကျင်းပမည့် နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်။

မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း
ဖြစ်မြောက်ရေးကော်မတီ



**စိန်ဝင်းနှင့်ဧရာဝင်းများ**
**ကျိုက်ထီးရိုး(နေ့စဉ်) ချောင်းသာ(နေ့စဉ်)**
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကဲ့လုံ၊ ထမ်စမ်း၊ မွှေတော်ကက္ကူ
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ (ကျောက်စိမ်းဘုရား)
▲ ပုပ္ပါး-ပုဂံ (ရွှေဇီးခုံ)၊ ပခုက္ကူ၊ စလေ(ချပ်စုံ)
▲ ပုပ္ပါး-ပုဂံ (ရွှေဇီးခုံ)၊ မန္တလေး၊ ပြင်ဦးလွင်
▲ ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
▲ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ဆဲ၊ ဘုရားလေးဝိုတောင်
▲ မြဝတီ-မဲဆောက် ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာဆိုင်
▲ ထုံးဘို အကောက်တောင်၊ ပြည်ဘုရားစုံ (၈နေ)▲ ဇလွန်(တနင်္ဂနွေ)
အပတ်စဉ် သောကြာနေ့တိုင်း
01-249871,255553,09-5137245,09-5122511



အမြို့မြို့အနယ်နယ်ရှိ ဆိုင်တိုင်းတွင် မေလ ၁၈ ရက်နေ့မှ စတင်၍ရရှိနိုင်ပါပြီ။
ထွက်ပြီ
သဘာဝဝန်းကျင်ရေးရာ သတင်းဂျာနယ်



**Junction မော်တင်စင်တာရှေ့ မြေညီ(၂)လွှာငှားမည်**
လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အလွန်စည်ကားသည့် မော်တင်စင်တာရှေ့တည့်တည့် မြေညီ(၂)လွှာငှားမည်။ အကျယ်(၁၂½×၅၀)ပေ ပြင်ဆင်ပြီး အိမ်သာ ရေချိုးခန်း(၂)စုံပါဝင်သည်။ Money Changer, ကုမ္ပဏီ Showroom, 24-Hour Mini-Martဖွင့်ရန် အထူးသင့်လျော်သည်။ တစ်လ(၁၈)သိန်း(ညှိနှိုင်း)
ကိုအံ့ကူ ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇



**"ညှိနှိုင်းဈေးနှုန်းဖြင့် ထိုင်ခန်းများ အမြန်ရောင်းမည်"**
-ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ၁၅'x၅၅'ပေ အဆင့်မြင့်ပြင်ဆင်ပြီး၊ မြေညီထပ်၊ ဈေးဆိုင်ဖွင့် ရန်ကောင်း
-သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်၊ အပိုင်း(၅)၊ ငမိုးရိပ်(၃)လမ်း၊ တိုက်အမှတ်-၃၀၈ ၊ ၁၂'ခွဲx၅၀'ပေ မြေညီထပ်၊ အဆင့် မြင့်ပြင်ဆင်ပြီး၊ လူနေခွင့်ကျပြီး
-အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက် စက်လမ်း၊ မုဒိတာအိမ်ရာ-၂၊ တိုက်(B)၊ အခန်း အမှတ်-942၊ ၁၅'x၄၀'ပေ၊ ကွန်ဒိုတိုက်ခန်း၊ ဓါတ်လှေကားပါ။
ဖုန်း ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊၀၉၅၀၁၅၆၄၇


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ်-၄၇/ခ၊ မြေကွက်တည်နေရာ-၄၇/ခ၊ ခနုဖြူပန်းခြံလမ်း၊ ၆/၁၂ရပ်ကွက်၊ ရွှေပြည်သာ၊ဦးသန်းဦး(ISN-၁၆၀၇၇၂)အမည်ပေါက်ပါမြေအား အမည်ပေါက်ဦးသန်းဦး(ISN-၁၆၀၇၇၂)ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ရီရီလွင်၊၁၂/အစန(နိုင်)၀၀၆၇၅၀၊မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



**ရွှေကမ္ဘာကျော်**
မြန်မာ ထမင်းနှင့်ဟင်း
* ချိုင့်ဆွဲပေးသည် *
ဖုန်း - 09 979 201 603 / 09 262 212 026
09 252 274 604

# မြွေဆိပ်ဖြေဆေးစက်ရုံသစ်နှင့် ဆေးဝါးနှင့် ကုန်ကြမ်းများကို သိုလှောင်နိုင်သည့် Warehouse ရက် ၁၀၀ စီမံချက်တွင် ဖွင့်လှစ်သွားမည်



စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံ(အင်းစိန်) မှ စက်ရုံမှူး ဦးကိုကိုအောင်

သတင်း-မင်းသစ်(သတင်းစဉ်)
ဓာတ်ပုံ-ဇော်မင်းလတ်



ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ မြွေဆိပ်ဖြေဆေးစက်ရုံမှ မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်နေစဉ်။



မြွေဆိပ်ဖြေဆေးများကို ခေတ်မီထုပ်ပိုးမှုပုံစံများဖြင့် ထုပ်ပိုးနေစဉ်။

စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံ(အင်းစိန်)မှ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့်အညီ တည်ဆောက်ထားသည့် မြွေဆိပ်ဖြေဆေးစက်ရုံသစ်နှင့် WHO က ချမှတ်ထားသည့် ကောင်းမွန်သောသိုလှောင်မှု ကျင့်စဉ် (GSP Guide Line)နှင့်အညီ ဆေးဝါးနှင့် ကုန်ကြမ်းများကို သိုလှောင်နိုင်သည့် Ware House အသစ်ကို ရက် ၁၀၀ စီမံချက်တွင် ဖွင့်လှစ်သွားမည့်အပြင် ဆေးဝါးထုပ်ပိုးမှုပုံစံကိုလည်း နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါစက်ရုံမှ သိရသည်။

"ရက် ၁၀၀ အတွင်း ဆေးဝါးထုတ်လုပ်မှုကို နှစ်ဆတိုး ထုတ်လုပ်သွားမယ်။ မြွေဆိပ်ဖြေဆေးကိုလည်း ပြည်ပပို့နိုင်အောင် ဒီနှစ်ကစပြီး ဆောင်ရွက်သွားမယ်။ ပြည်သူတွေ ဈေးသက်သက်သာသာနဲ့ ဝယ်နိုင်အောင်ရယ် စက်ရုံကထုတ်တဲ့ တချို့ဆေးတွေကို ပြည်ပကလာတဲ့ ဆေးတွေရဲ့ ထုပ်ပိုးမှုပုံစံအတိုင်း အဆင့်မီအောင်လုပ်သွားမယ်။ ကျန်တဲ့ဆေးတွေကိုလည်း လာမယ့်ခြောက်လအတွင်း ထုပ်ပိုးမှုပုံစံပြောင်းသွားမယ်"ဟု စက်ရုံမှူး ဦးကိုကိုအောင်က ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ကောက်ယူထားသော စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် နှစ်စဉ် မြွေကိုက်ခံရသည့်လူနာ ၁၅၀၀၀ ခန့်ရှိပြီး ၂၀၁၂ ခုနှစ်ထိ မြွေဆိပ်ဖြေဆေး အလုံးရေ ၂၇၀၀၀ ခန့်သာ ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ဆေးဝါးလိုအပ်ချက်ရှိခဲ့ရာမှ ယခု GMP နှင့်အညီ တည်ဆောက်လိုက်သည့် မြွေဆိပ်ဖြေဆေးစက်ရုံသစ်မှ တစ်နှစ်လျှင် မြွေဆိပ်ဖြေဆေးအလုံးရေ ၈၀၀၀၀ ခန့် ထုတ်လုပ်နိုင်တော့မည်ဖြစ်၍ မြွေဆိပ်ဖြေဆေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်သည့်အပြင် ပိုလျှံသည့်မြွေဆိပ်ဖြေဆေး များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ဆေးဝါးစက်ရုံ(အင်းစိန်) မှ သိရသည်။

"အရင်က မြွေကိုက်ခံရတဲ့လူနာတွေအတွက် မြွေဆိပ်ဖြေဆေးမလုံလောက်တာကို အိမ်နီးချင်းတိုင်းပြည်တွေက တင်သွင်းရတယ်။ အဓိကပြဿနာက အဲဒီနိုင်ငံမှာရှိတဲ့ မြွေရဲ့ အဆိပ်နဲ့ ဒီနိုင်ငံမှာရှိတဲ့မြွေက မျိုးစိတ်မတူဘူး။ မတူတဲ့အခါ သူတို့ထုတ်ထားတဲ့ မြွေဆိပ်ဖြေဆေးက ထိုးသော်လည်း အစွမ်းထက်မထက် အာမ မခံနိုင်ဘူး။ တိုင်းပြည်မှာ လိုအပ်တဲ့ မြွေဆိပ်ဖြေဆေးကို ထုတ်လုပ်နိုင်ဖို့ မြွေဆိပ်ဖြေဆေးစက်ရုံသစ်ကို တည်ဆောက်လိုက်ရတာပါ"ဟု စက်ရုံမှူး ဦးကိုကိုအောင်က ပြောသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)ကို ၁၉၅၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ထိုးဆေး၊ အကြောသွင်းဆေးရည်၊ ဆေးမှုန့်၊ ဆေးရည်ကြည်၊ ကာကွယ်ကုသဆေးများ စသည့် ဆေးအမျိုးပေါင်း ၁၇၉ မျိုး ထုတ်လုပ်လျက်ရှိပြီး လက်ရှိပြောင်းလဲလာသည့်အခြေအနေများတွင် ပြည်သူလူထုကိုအခြေပြုသည့် ဆေးဝါးများကို တိုးချဲ့ထုတ်လုပ်နိုင်ရန် နိုင်ငံတကာအဆင့်မီ စက်ရုံသစ်များကို တိုးချဲ့သွားမည်ဖြစ်ကြောင်း ဆေးဝါးစက်ရုံ (အင်းစိန်)မှ သိရသည်။

မြွေဆိပ်ဖြေဆေးစက်ရုံဟောင်းကို ၂၀၁၅ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပြီး မြွေဆိပ်ဖြေဆေး စက်ရုံသစ်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်ခဲ့ကြောင်း ၂၀၁၅ ခုနှစ်တွင် စက်များတပ်ဆင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စက်များစမ်းသပ်လည်ပတ်ခဲ့ကြောင်း သိရသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သည့် ဆေးများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနများသို့ အဓိက ဖြန့်ဖြူးပေးသည့်အပြင် စက်ရုံအရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ဈေးကွက်အတွင်းသို့လည်း ဖြန့်ဖြူးနေကြောင်း သိရသည်။

ဆေးဝါးထုတ်လုပ်မည့် ကုန်ကြမ်းများနှင့် ထုတ်လုပ်ပြီးထွက်လာသည့် ဆေးများကို အရည်အသွေးပြည့်မီစွာ သိုလှောင်ထားနိုင်ရန်အတွက် WHO က ချမှတ်ထားသည့် GMPGuide Line နှင့်အညီ ဆေးများကို သတ်မှတ်ထားသည့် အပူချိန်နှင့် စိုထိုင်းဆကို ထိန်းသိမ်းနိုင်ရန် အလျား ပေ ၃၀၀၊ အနံ ပေ ၂၀၀၊ အမြင့်ပေ ၅၀ ရှိသည့် အလိုအလျောက် ကွန်ပျူတာစနစ်ဖြင့် သွင်းနိုင်၊ ထုတ်နိုင်မည့် Warehouse ကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စက်ရုံမှသိရသည်။

"သာမန်အခန်းအပူချိန်မှာ ထားမယ်ဆိုရင် ပူပြင်းတဲ့ရာသီဥတုကြောင့် ဆေးအာနိသင် အနည်းအများ ထိခိုက်မယ်။ ဒီနိုင်ငံက မိုးများတဲ့တိုင်းပြည်ဆိုတော့ စိုထိုင်းဆများတယ်။ ဆေးကုန်ကြမ်း၊ ကုန်ချောတွေ မှိုတက်တဲ့ သက်ရောက်မှုရှိမယ်။ မှိုတက်ရင် ဆေးအရည်အသွေးကို ထိခိုက်မယ်။ ဒါ့ကြောင့် WHO က ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း GSPနဲ့အညီ ဆေးတွေကို သတ်မှတ်ထားတဲ့ အပူချိန်နဲ့ စိုထိုင်းဆကို ထိန်းသိမ်းနိုင်ဖို့ Warehouse ဖွင့်လှစ်သွားတာပါ"ဟု စက်ရုံမှူး ဦးကိုကိုအောင်က ပြောသည်။

"အဓိက ရင်ဆိုင်ရတဲ့အခက်အခဲက ပြည်သူလူထုအတွက်ရည်ရွယ်ပြီး ဆေးထုတ်တော့ အကျိုးအမြတ်က ရည်ရွယ်လို့မရဘူး။ အတိမ်းအစောင်းလည်းမခံဘူး။ လူတွေကို ကယ်ဖို့အတွက် ထုတ်ရတဲ့ကုန်ပစ္စည်း ဖြစ်တယ်။လွယ်လွယ်ကူကူ အချိန်တိုအတွင်းမှာ ရင်းနှီးမြှုပ်နှံပြီး အမြတ်ရလွယ်တဲ့ လုပ်ငန်းလည်း မဟုတ်ဘူး။ လူ့အသက်ကိုကယ်ဖို့ ဆေးဝါးထုတ်လုပ်ရတဲ့အတွက် နည်းပညာလည်းမြင့်တယ်။ အတိမ်းအစောင်းလည်း မခံဘူး။ အမြဲတမ်းစဉ်ဆက်မပျက်ထုတ်တဲ့ ဆေးတွေကို အရည်အသွေးပိုင်းမှာ အာမခံနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ရတယ်။ လွယ်လွယ်ကူကူတော့ မဟုတ်ဘူး။ နေ့စဉ်နှင့်အမျှ အခက်အခဲတော့ရှိတယ်"ဟု ၎င်းက ဆက်လက်၍ပြောသည်။

ထို့အတူ ဆေးဝါးစက်ရုံ(အင်းစိန်) အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စစ်ပင်မြောက်ကျေးရွာတွင် တည်ဆောက်ထားသည့် ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး) အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးစက်ရုံမှလည်း ရက် (၁၀၀) စီမံချက်တွင် အသည်းရောင်ဘီ ကာကွယ်ဆေးကို အရည်အသွေးပြည့်မီ ဈေးနှုန်းချိုသာစွာဖြင့် လူတိုင်းထိုးနိုင်ရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တိုးချဲ့ထုတ်လုပ်သွားမည် ဖြစ်ကြောင်း အဆိုပါစက်ရုံမှသိရသည်။

မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါဘီပိုးသည် တစ်ဆယ်ရာခိုင်နှုန်း အမြဲပျံ့နှံ့နေပြီး ကလေးမွေးပြီးချင်း မွေးကင်းစ ကလေးငယ်များတွင် ရောဂါကူးစက်နိုင်ခြေများသည့် အတွက် ကာကွယ်ဆေးထိုးရန် အထူးလိုအပ်ကြောင်း ဒေါက်တာခင်ခင်ထွေးကပြောသည်။

"အဓိက ကလေး ဗိုဇ်အတွက် ရည်ရွယ်ပြီး ထုတ်လုပ်သွားမယ်။ လူကြီး ဗိုဇ်က နှစ်စဉ် တစ်သိန်းကျော်ကနေ သုံးသိန်းလောက်အထိ ထုတ်တယ်။ ကလေးဗိုဇ်အတွက်ကို မနှစ်ကနေ စရတာဆိုတော့ ဒီနှစ်ကစပြီး ကလေးဗိုဇ်ကို တိုးပြီးထုတ်ဖို့ ရည်ရွယ်ထားတယ်"ဟု အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးစက်ရုံ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) စက်ရုံတာဝန်ခံ ဒေါက်တာခင်ခင်ထွေးက ပြောသည်။

ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) အသည်းရောင် အသားဝါဘီ ကာကွယ်ဆေးစက်ရုံမှ Pentavalent Vaccine ငါးမျိုးစပ်ဆေးကို WHO GMP လက်မှတ်ရထားသည့် LG ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြည်တွင်းသို့ လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန်အပြင် အိမ်နီးချင်းနိုင်ငံများကိုပါ ဖြန့်ဖြူးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုံတည်ဆောက်စဉ်အခါက ကလေးဗိုဇ်အတွက် ရည်ရွယ်တည်ဆောက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လူကြီးဗိုဇ်သာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်မှစတင်ပြီး မွေးကင်းစမှ (၅) နှစ်အထိ ထိုးနှံရန် အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးကို ကလေးဗိုဇ်အတွက် အဓိက ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးစက်ရုံမှ သိရသည်။

ကြေးမုံ
မေ ၁၆၊ ၂၀၁၆ (တနင်္လာနေ့)





ပြည်သူများလျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရန် လျှပ်စစ်လုပ်သားများက ဤသို့ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ကြရသည်။
Photo-Agriculture & Banking's Post

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု ရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူ သိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။

# လျှပ်စစ်မီးတိုးပေးရန်နှင့် လောင်စာဆီဖြန့်ဖြူးရေးမှာ အစိုးရသစ် ဘာတွေလုပ်ဆောင်မှာလဲ

တွေ့ဆုံမေးမြန်း – ခင်ရတနာ၊
ဓာတ်ပုံ – လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

**အစိုးရသစ်တက်လာပြီးရက်ပေါင်း ၁၀၀ အတွင်း ပြန်လည်ဖွဲ့စည်းထားပြီးသည့် ဝန်ကြီးဌာနများအနေဖြင့် ဝန်ဆောင်မှုများပေးအပ်နိုင်ကြရန် လုပ်ငန်းများစတင်နေပြီဖြစ်သည်။**

**လိုအပ်ချက်ကြီးမားနေသည့်လျှပ်စစ်ကို ပြည်သူအများလုံလောက်စွာသုံးစွဲနိုင်ရန်နှင့် လိုအပ်သည့်စွမ်းအင် များကို ဖြည့်ဆည်းအသုံးပြုနိုင်ရန်အတွက် ပုံမှန်လုပ်ဆောင်နေသည့်အထဲမှ အစိုးရသစ်တက်လာပြီး ရက်ပေါင်း ၁၀၀ အတွင်း အမြန်ဆုံးအကောင်အထည်ဖော်သွားမည့်လုပ်ငန်းစဉ်များအကြောင်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းနှင့် တွေ့ဆုံမေးမြန်းထားသည်။**

**မေး။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဖွဲ့စည်းပုံနဲ့ နိုင်ငံတော်အတွက် တာဝန်ယူဆောင်ရွက်နေတဲ့အပိုင်းကို သိပါရစေ။**

**ဖြေ။** ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်မှာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနဲ့ စွမ်းအင်ဝန်ကြီးဌာနတွေကို ပူးပေါင်းပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဝန်ကြီးဌာနအသစ်မှာ ဦးစီးဌာနလေးခုနဲ့ လုပ်ငန်းဌာနငါးခု၊ ကော်ပိုရေးရှင်းနှစ်ခုတို့နဲ့ ဖွဲ့စည်းထားပြီး လုပ်ငန်းစတင်လည်ပတ်နေပါတယ်။

**မေး။ ပြည်သူတွေ အတောင့်တဆုံးအခြေခံအဆောက်အအုံတွေထဲမှာ လျှပ်စစ်ကဏ္ဍဟာအလွန်အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ လာမယ့် ရက်ပေါင်း ၁၀၀ အတွင်းမှာ ကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဘယ်လိုဆောင်ရွက်သွားမလဲ သိချင်ပါတယ်။**

**ဖြေ။** လျှပ်စစ်ကဏ္ဍဟာ ပြည်သူတွေအတွက် အလွန်အရေးပါတယ်ဆိုတာ ဝန်ကြီးဌာနအနေနဲ့ သိရှိနားလည်ထားပါတယ်။ ဒါကြောင့် မေ ၁ ရက်ကနေစတင်တဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာ လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေကို တိုးချဲ့တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရန် စီမံပေးမှာဖြစ်သလို ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း လျှပ်စစ်ဓာတ်အား လိုင်းတွေနဲ့ ခွဲရုံတွေကို တိုးချဲ့တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိကြုံတွေ့နေရတဲ့ ဓာတ်အားပျောက်ဆုံးမှုကို လျော့နည်းစေပြီး ဓာတ်အားပိုမိုပို့လွှတ်ပေးနိုင်ဖို့နဲ့ တည်ငြိမ်တဲ့ဗို့အားနဲ့ ဓာတ်အားဖြန့်ဖြူးပေးဖို့ စီမံတာတွေကို အဓိကလုပ်ဆောင်သွားဖို့ရှိပါတယ်။

**မေး။ ဓာတ်အားတိုးထုတ်လုပ်ရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်းမှာ ဘယ်လိုဆောင်ရွက်သွားဖို့ရှိပါလဲ။**

**ဖြေ။** ကျွန်တော်တို့ လုပ်ငန်းစဉ်တွေဟာ အခြားလုပ်ငန်းတွေနဲ့ မတူညီတဲ့ သဘောသဘာဝတော့ရှိပါတယ်။ ဥပမာ ပြောရရင် လုပ်ငန်းဆောင်ရွက်ဖို့ ဓာတ်အားပေးစက်ရုံ တည်ဆောက်ဖို့အတွက် ပေးရတဲ့အချိန်ကာလက ရက်ပေါင်း ၁၀၀ နဲ့နှိုင်းယှဉ်တွက်ချက်ဖို့ အခက်အခဲရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ မပြီးသေးတဲ့ ဓာတ်အားပေး စက်ရုံတွေကို အမြန်ဆုံးပြီးစီးအောင်၊ မပြီးသေးတဲ့စီမံကိန်းတွေကို ရက်ပေါင်း ၁၀၀ အတွင်း အမြန်ဆုံးပေါ်လွင်အောင် လုပ်ဆောင်ဖို့ စီမံနေတာဖြစ်ပါတယ်။

ဓာတ်အားထုတ်လုပ်ရေးအပိုင်းမှာ မေ ၁၈ ရက်ကနေစပြီး မော်လမြိုင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံရဲ့ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ကနေ မဂ္ဂါဝပ် ၃၀ နဲ့ မေ ၃၁ ရက်မှာ မြင်းခြံဒေသ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ကနေ ၁၃၃ မဂ္ဂါဝပ်ကို စတင်ထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။

**မေး။ ဓာတ်အားပို့လွှတ်နေတဲ့အပိုင်းတွေမှာရော ပိုတိုးလာဖို့ ရှိပါသလား။**

**ဖြေ။** ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေကို ကျွန်တော်တို့ တည်ဆောက်နေတာရှိပါတယ်။ ၆၆ ကေဗွီ ဟားခါး-ဖလမ်းဓာတ်အားလိုင်းနဲ့ ဖလမ်းဓာတ်အားခွဲရုံလုပ်ငန်း၊ ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်းလုပ်ငန်း၊ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်းနဲ့ မအီဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ ကျောက်ဖြူ ဓာတ်အားခွဲရုံက ကျောက်ဖြူ SEZ တွေဆီ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေ လုပ်ဆောင်ဖို့ကို ရက်ပေါင်း ၁၀၀ အတွင်း အမြန်ဆုံးပြီးစီးသွားအောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။

**မေး။ ရက်ပေါင်း ၁၀၀ အတွင်း ဘယ်လိုစီမံကိန်းတွေ ပြီးစီးနိုင်မလဲရှင့်။**

**ဖြေ။** စီမံကိန်းတွေအနေနဲ့ကတော့ လျှပ်စစ်ဓာတ်အား ပိုပေးနိုင်ဖို့ ရည်ရွယ်ပြီး နေပြည်တော်၊ ကချင်၊ ကယား၊ စစ်ကိုင်း၊ မကွေးနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာ ဓာတ်အားဖြန့်ဖြူးရေးလိုင်းတွေနဲ့ ဓာတ်အားခွဲရုံတွေကို စဉ်ဆက်မပြတ်တည်ဆောက်နေတာဖြစ်ပါတယ်။ ရက်ပေါင်း ၁၀၀ အတွင်းမှာတော့ ကလေးခရိုင် တမူးမြို့မရပ်ကွက် တစ်ခုနဲ့ ကျေးရွာပေါင်း ၁၅၀ တို့ရှိတဲ့ အိမ်ထောင်စု ၁၅၁၀၆ စုကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

**မေး။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်ပိုမိုသုံးစွဲနိုင်အောင် ရက်ပေါင်း ၁၀၀ အတွင်း ချမှတ်ထားတဲ့ အစီအစဉ်တွေရောရှိပါသလား။**

**ဖြေ။** ရန်ကုန်တိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးအချက်အချာကျတဲ့ ဒေသဖြစ်တာနဲ့အညီ မြို့နေပြည်သူတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ၊ စက်မှုလုပ်ငန်းတွေ အတွက် လိုအပ်တဲ့လျှပ်စစ်ပမာဏဟာ နှစ်စဉ်နဲ့အမျှ တိုးတက်နေတာဖြစ်ပါတယ်။ အရင်က ရပ်ကွက်တစ်ခုဟာ ယခုအချိန်မှာ လူနေအထပ်မြင့်အဆောက်အအုံတွေ အစားထိုး ဝင်ရောက်လာတာနဲ့အမျှ လျှပ်စစ်သုံးစွဲမှုဟာ လည်း မြင့်မားနေတာ ဖြစ်ပါတယ်။

ဥပမာအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ လက်ရှိကြုံတွေ့နေရတဲ့အခြေအနေအရ လှော်ကားဓာတ်အားပေး စက်ရုံမှာ GT ဓာတ်အားပေးစက်တွေ စွမ်းအားပြည့် မောင်းနှင်တဲ့ အနေအထားမှာ ပုံမှန်ဓာတ်အားပေးနိုင်ပေမယ့် ထုတ်လုပ်မှုကျဆင်းနေတဲ့ အခုအချိန်မှာ ၂၃၀ ကေဗွီ (၁၀၀) အမ်ဗွီအေ Bank အမှတ် (၄)က Overload ဖြစ်နေတော့ ဝန်အား မဂ္ဂါဝပ် ၂၀ လျှော့ပေးနေရသလို ရွာမ ပင်မဓာတ်အားခွဲရုံမှာလည်း စက်အခက်အခဲကြောင့် ရန်ကုန် စက်မှုဇုန်ကို ၅ မဂ္ဂါဝပ် နေ့စဉ်ဝန်အား လျှော့ချနေရပါတယ်။

ဒီနေရာတွေမှာတင်မက အခြားဓာတ်အားခွဲရုံတွေမှာလည်း အလားတူအခက်အခဲတွေ အများကြီးရှိပါတယ်။ ဒါတွေကို အမြန်ဆုံးပြင်ဆင်ဖြည့်တင်းနေသလို ပြေလည်အောင် ဖြေရှင်းပေးနိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်းမှာ ၁၁-၆ ဒသမ ၆ နဲ့ သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ဖြန့်ဖြူးရေးထရန်စဖော်မာ အလုံး ၁၅၀ နဲ့ ဆက်စပ်ဓာတ်အားလိုင်းတွေ တည်ဆောက်ခြင်းကို ရက်ပေါင်း ၁၀၀ အတွင်း အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်။

ဝန်အားပြည့် ဓာတ်အားခွဲရုံတွေမှာ ထရန်စဖော်မာတွေ တိုးချဲ့တပ်ဆင်ခြင်းနဲ့ အစားထိုးလဲလှယ်တာတွေ ဆက်တိုက်လုပ်ဆောင်နေသလို ၃၃ ကေဗွီ ဝါးတစ်ရာ-ရွှေပြည်သာ ကောင်းကင်ဓာတ်အားလိုင်း တည်ဆောက်နေပါတယ်။ လှိုင်သာယာစက်မှုဇုန်မှာဆိုရင်လည်း ၁၁ ကေဗွီကောင်းကင်ဓာတ်အားလိုင်းနဲ့ ဖီဒါတိုးချဲ့ တည်ဆောက်ခြင်းတွေကို ရက်ပေါင်း ၁၀၀ အတွင်း အပြီး လုပ်ဆောင်သွားမယ်ဆိုရင် ယခင်ကထက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်လိုလားချက်ကို ဖြည့်တင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။

လျှပ်စစ်ကဏ္ဍအတွက် ရက်ပေါင်း ၁၀၀ အတွင်း လုပ်ဆောင်သွားရန်ရှိသည့် စီမံကိန်းများကိုမေးမြန်း၍ အပြီးတွင် ကျန်ရှိသည့် စွမ်းအင်ကဏ္ဍအတွင်း ဆောင်ရွက်မှုများအပိုင်းကိုလည်း ပြည်ထောင်စုဝန်ကြီးအား ဆက်လက်မေးမြန်းဖြစ်ခဲ့သည် -



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း။

**မေး။ စွမ်းအင်ကဏ္ဍမှာရော ရက်ပေါင်း ၁၀၀ အတွင်းမှာ ဘယ်လုပ်ငန်းတွေကို ဦးစားပေးပြီးလုပ်ဆောင်သွားဖို့ ရှိပါသလဲ။**

**ဖြေ။** အဓိကကတော့ ရန်ကုန်တိုင်းဒေသကြီးထဲမှာ ပြေးဆွဲတဲ့ City Bus တွေအတွက် စီအင်န်ဂျီသဘာဝဓာတ်ငွေ့တွေ တိုးတက်ဖြန့်ဖြူးပေးဖို့၊ ရေနံဓာတ်ငွေ့ရည် ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းတွေ စည်းကမ်းတကျနဲ့ တိုးတက်စေဖို့၊ လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းတွေနဲ့ ဖက်စပ်လုပ်ငန်းတွေ တိုးချဲ့ဖို့နဲ့ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်တွေနဲ့ စက်သုံးဆီဈေးနှုန်းတွေဟာ ကမ္ဘာ့ပေါက်ဈေးနဲ့အညီ ပြည်သူလူထု ထိုက်သင့်တဲ့ဈေးနှုန်းတွေဖြစ်ဖို့ ဦးစားပေး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**မေး။ ရေနံဓာတ်ငွေ့ရည်အကြောင်းနဲ့ ရေနံဓာတ်ငွေ့ရည်တွေကို ဘယ်လိုရောင်းချပေးသွားမလဲဆိုတာ ဖြေကြားပေးပါဦး။**

**ဖြေ။** စွမ်းအင်ကဏ္ဍမှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုနဲ့ သစ်တောပြုန်းတီးမှုကိုလျှော့ချဖို့အတွက် ထင်းအစားထိုး မီးဖိုချောင်သုံးလောင်စာအဖြစ် ရေနံဓာတ်ငွေ့ရည်တင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းတွေကို ၂၀၁၁ ခုနှစ် ကတည်းက ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ခွင့်ပြုထားခဲ့ပါတယ်။

ယခုကာလမှာ ပြည်သူတွေ ပိုမိုသုံးစွဲနိုင်ဖို့အတွက် လုပ်ငန်းလိုင်စင် နှစ်မျိုးကနေ ငါးမျိုးအထိတိုးချဲ့ပြီး ခွင့်ပြုနိုင်ဖို့ သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းစီမံသွားမှာဖြစ်ပါတယ်။ လက်ရှိမှာ ပုဂ္ဂလိက ကုမ္ပဏီ ၁၃ ခုကို လုပ်ကိုင်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

**မေး။ လေယာဉ်ဆီတွေကိုတင်သွင်းသိုလှောင်မှုအပိုင်းမှာရော ရက်ပေါင်း ၁၀၀ အတွင်းမျှော်မှန်းချက်ကို ပြောပြပေးပါ။**

**ဖြေ။** လေယာဉ်ဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းကို Public Private Partnership (PPP) ကို ကူးပြောင်းဖို့ အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူခဲ့ရာမှာ တင်ဒါအောင်မြင်တဲ့ PUMA စွမ်းအင်ကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး National Energy Puma Aviation Services ကုမ္ပဏီအဖြစ် မင်္ဂလာဒုံလေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်ကတည်းက လုပ်ဆောင်နေတာပါ။

ရက်ပေါင်း ၁၀၀ အတွင်းမှာတော့ နေပြည်တော်၊ တံတားဦး၊ မြစ်ကြီးနား၊ ဟဲဟိုး၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ စစ်တွေ၊ မော်လမြိုင်နဲ့ ကျောက်ဖြူ လေယာဉ်ဆီဌာနခွဲ ၁၁ ခုမှာ လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းတွေ စတင်လုပ်ကိုင်မှာဖြစ်ပါတယ်။


**မေး။ စီအန်ဂျီသဘာဝဓာတ်ငွေ့ကို ပိုမိုအသုံးပြုနိုင်ဖို့ အတွက်ရော ဘယ်လိုစီမံထားသလဲရှင့်။**

**ဖြေ။** ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးစွဲမှုကို လျှော့ချဖို့အတွက် ကြိုးစားတဲ့အနေနဲ့ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် လက်ရှိမှာ အစီးရေ ၂၈၂၃၄ စီးအထိ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ၄၆ ဆိုင်ခန့်ရှိပါတယ်။ ရက်ပေါင်း ၁၀၀ အတွင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်ပို့ဆောင်ရေးကဏ္ဍအတွက် City Bus တွေကို တိုးတက်ဖြန့်ဖြူးပေးနိုင်ဖို့ ပြင်ဆင်နေပြီး အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေကနေ ယာဉ်သစ် ၆၅ စီးကို တစ်စီးလျှင် ဓာတ်ငွေ့ ၆၀၀ လီတာနှုန်းနဲ့ တိုးမြှင့်ဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ စက်သုံးဆီဈေးနှုန်းတွေတည်ငြိမ်ဖို့နဲ့ အခြင်အတွယ်ပြည့်မီဖို့အတွက် ရက်ပေါင်း ၁၀၀ အတွင်း စီမံချက်တွေ အကြောင်းကိုလည်း ရှင်းပြပေးပါ။**

**ဖြေ။** ဝန်ကြီးဌာနအနေနဲ့ စက်သုံးဆီသတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှန်ကန်စေဖို့အတွက် Mobile Fuel Lab ယာဉ်ခြောက်စီးနဲ့ ဒေသတွေဆီကိုသွားရောက်ပြီး ရှောင်တခင် အခြင်အတွယ်ပြည့်ဝစေဖို့နဲ့ အရည်အသွေးမှန်ကန်စေဖို့ စစ်ဆေးပေးနေပါတယ်။

ဒါ့အပြင် စက်သုံးဆီဈေးနှုန်းတွေကို နိုင်ငံတကာငွေကြေးပေါက်ဈေးအတိုင်း ပြည်တွင်းမှာရောင်းချနိုင်ဖို့အတွက် ရေနံထွက်ပစ္စည်းများ ကြီးကြပ်ရေးကော်မတီနဲ့ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေး အသင်းတို့နဲ့ပူးပေါင်းပြီး စက်သုံးဆီဈေးနှုန်း စောင့်ကြည့်ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဖွဲ့စည်းပြီး စောင့်ကြည့်နေပါတယ်။ ပြည်ပကနေတင်သွင်းတဲ့စက်သုံးဆီ ဆိပ်ကမ်းအရောက် ဈေးနှုန်းတွေကိုလည်း နိုင်ငံပိုင်သတင်းစာတွေမှာ ပုံမှန်ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ ■



အသစ်တည်ဆောက်သွားမည့် သာကေတမြို့နယ် ဧရာဝဏ်လမ်းရှိ သာကေတ (၁၀၆)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံပုံစံငယ်။ ဓာတ်ပုံ-စိုးဝင်း(MLA)



လေယာဉ်ဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းကို PUMA စွမ်းအင်ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ မင်္ဂလာဒုံလေယာဉ်ကွင်းတွင် လေယာဉ်ဆီများ ဖြန့်ဖြူးပေးနေမှုကို တွေ့ရစဉ်။

# ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ရက် (၁၀၀) စီမံချက်ဖြင့် အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး မေ ၁၄ ရက် နံနက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၀၇ ရပ်ကွက် မြဝတီမင်းကြီးလမ်း၊ ဇေယာမင်းလမ်းမကြီး၊ ဇေယာမင်းလမ်းသွယ် (၇၊ ၈၊ ၉၊ ၁၀၊ ၁၁) တို့တွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု သွေးလွန်တုပ်ကွေးနှင့် ခြင်ကြောင့်ဖြစ်သည့် ဇီကာဗိုင်းရပ်(စ်) ကြိုတင်ကာကွယ်ရေးဟောပြောပွဲ ကျင်းပကာ ပညာပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်သရုပ်ပြပညာပေးခြင်းနှင့် လက်တွေ့ဆောင်ရွက်ပေးခြင်း၊ ပြည်သူတို့၏ ခြင်ထောင်များအား စနစ်တကျဆေးစိမ်ပေးခြင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ခရိုင်အတွင်းရှိ မြို့နယ်အင်အားများစုပေါင်းကာ ဆောင်ရွက်ပေးခဲ့ကြသည်။



"ဒီနေ့မှာပဲ အနောက်ပိုင်းခရိုင်လမ်းမတော်မြို့နယ် ရပ်ကွက် (၄၊ ၅၊ ၆၊ ၇)၊ တောင်ပိုင်းခရိုင် ဒေါပုံမြို့နယ် လမုတန်းရပ်ကွက်တစ်ခုလုံး၊ မြောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက်တို့မှာလည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးခဲ့ကြပါတယ်" ဟု ဒုတိယဌာနမှူး ဒေါက်တာသန်းသန်းလွင်က ပြောသည်။

"ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်က အခုဆိုရင် လူဦးရေများလာပြီး စည်ကားလာတာ တွေ့ရမှာပါ။ စည်ကားလာတာနဲ့အမျှ ကျန်းမာရေးအသိပညာဗဟုသုတတွေလည်းရှိမှ ဖြစ်မှာပါ။ ကိုယ်တိုင်ဗဟုသုတရှိတော့ နေထိုင်မှုတွေပါ စနစ်တကျရှိလာနိုင်ပါတယ်။ ပြည်သူ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုကတော့ မြို့နယ်အနေနဲ့ အမြဲလုပ်ပေးနေတာပါ။ အခုလို ခရိုင်အင်အားတွေ စုပေါင်းပြီး လုပ်တော့ ထိရောက်မှုလည်းရှိတယ်။ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ ဆောင်ရွက်မှုဖြစ်ပြီး ပြည်သူ့အတွက် ရက် (၁၀၀) စီမံကိန်းလည်း ဖြစ်တာကြောင့် ဝမ်းသာပီတိဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးကျော်အောင်က ပြောသည်။

"ကျွန်မက ၁၀၇ ရပ်ကွက် မြဝတီမင်းကြီးလမ်းမှာနေပါတယ်။ ကျွန်မမှာ (၆) နှစ်အရွယ် သားတစ်ယောက်နဲ့ (၃)နှစ်သမီးလေးရှိပါတယ်။ အရင်က သွေးလွန်တုပ်ကွေးရောဂါဟာ မိုးတွင်းမှဖြစ်တတ်တာ သတိထားမိပြီး အခုဆိုရင် နွေ၊ မိုး၊ ဆောင်း ဘယ်ရာသီမဆို ဖြစ်နေကြပါတယ်။ ကျွန်မကလေးတွေကို ရောဂါဖြစ်မှာ သိပ်ကြောက်ပါတယ်။ ဒါကြောင့် လူကြီးတွေ ဟောပြောပညာပေးတာ အလွန်ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ရပ်ကွက်ထဲမှာလည်း ခြင်ထောင်ဆေးစိမ်ပေးတာ၊ ခြင်ဆေးမှုတ်ပေးတာ၊ အဘိတ်ဆေးခတ်ပေးတဲ့အပြင် တစ်အိမ်တက်၊ ဆင်းဖုံး၊ သွန်၊ လဲ၊ စစ်တွေလုပ်ပေးပါတယ်။ နောက်ဆိုရင် ကိုယ့်ဘာသာလုပ်နိုင်အောင် လေ့လာသွားပါမယ်" ဟု မြဝတီမင်းကြီးလမ်းနေ မသန်းသန်းဝင်းက ပြောသည်။ **(၁၉၇)**

# ရန်ကုန်တိုင်းဒေသကြီး၌ နိုင်ငံတကာအဆင့်မီ လုံခြုံရေးရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး၌ နိုင်ငံတကာအဆင့်မီ လုံခြုံရေးရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"အခုပြောင်းလဲလာတဲ့ အခြေအနေတစ်ရပ်အရ နိုင်ငံတကာကနေ ကျွန်တော်တို့ နိုင်ငံကို စိတ်ဝင်စားလာကြတယ်။ နိုင်ငံတကာ မှာရှိနေတဲ့ နိုင်ငံတော်အကြီးအကဲတွေ ကျွန်တော်တို့နိုင်ငံကိုလာတဲ့အခါမှာ လုံခြုံရေးယူတဲ့အဆင့်ကို ကျွန်တော်တို့မြှင့်တင်ရပါလိမ့်မယ်။ နိုင်ငံတကာနဲ့ယှဉ်ပြီး လုံခြုံရေး ယူနိုင်လောက်တဲ့တပ်ဖွဲ့တွေကို ကျွန်တော်တို့ ဖွဲ့ထားရပါမယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

မေ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့် ပတ်သက်၍ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ၎င်းက "နိုင်ငံတကာဧည့်သည်တွေက လေယာဉ်နဲ့ဆင်းတဲ့အခါမှာ နေပြည်တော်နဲ့ ရန်ကုန်မှာရှိတဲ့ လေယာဉ်ကွင်းတွေကိုပဲ ဆင်းမှာပါ။ ဒီအခြေအနေအတွက် ခိုင်မာတဲ့ တပ်ဖွဲ့တစ်ခုကိုတော့ ကျွန်တော်တို့ ထူထောင်ဖို့လိုပါတယ်။ ဒီအတွက်လည်း ငွေလိုနိုင်ပါတယ်။ လိုအပ်တဲ့ငွေကို ပြည်ထောင်စုဘက်က ရနိုင်သလို ရန်ကုန်တိုင်းကလည်း ရှာနိုင်ဖွေနိုင်အောင် ကြိုးစားပါ့မယ်။ ဘာကြောင့်လဲဆိုရင် ဒီအခြေအနေက ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာအတွက် လိုအပ်ပါတယ်။ ဒါကြောင့် ပိုပြီးထိထိရောက်ရောက် ဖြစ်စေနိုင်ဖို့ ထပ်ပြီးဆွေးနွေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတကာ ခေါင်းဆောင်များ လာရောက်ပါက အထူးတပ်ဖွဲ့များဖြင့် နေရာလုံခြုံရေး၊ လမ်းကြောင်း လုံခြုံရေးများအပါအဝင် ရည်မှန်းချက်(၇) ချက်ဖြင့် လုံခြုံရေးပေးနေသည့်အပြင် သက်ဆိုင်ရာ သံရုံးများနှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်၍ လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လက်ရှိမှာတော့ နိုင်ငံတကာက အရေးကြီးပုဂ္ဂိုလ်တွေလာရင် ကျွန်တော်တို့ဆီမှာရှိတဲ့ အထူးတပ်ဖွဲ့တွေက ဆောင်ရွက်ပေးနေပါတယ်။ အဲဒီလိုလာတဲ့အခါမျိုးမှာ ကျွန်တော်တို့ဘက်က သက်ဆိုင်ရာသံရုံးနဲ့တွေ့ပြီးတော့ သွားမယ့်လမ်းကြောင်းပေါ်မူတည်ပြီး သူတို့ဆီကပါလာတဲ့ သက်တော်စောင့်၊ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ဆွေးနွေးပြီး သူတို့ဘက်က လုပ်မယ့်အပိုင်းနဲ့ ကျွန်တော်တို့ဘက်က လုပ်မယ့်အပိုင်းတွေကို သတ်မှတ်ပြီး ပူးပေါင်းဆောင်ရွက်ရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်က ပြောသည်။

"အမေရိကန်သမ္မတလာတုန်းက သူ့နိုင်ငံက လုံခြုံရေးတပ်ဖွဲ့တွေက အနီးကပ်တိုက်ရိုက် လုပ်တယ်။ ကျွန်တော်တို့အနေနဲ့ သူရဲ့ယာဉ်တန်းကို လုံခြုံရေးလုပ်ပေးရတယ်။ ပြီးတော့ လမ်းကြောင်းနဲ့ နေရာကို လုံခြုံရေးလုပ်ပေးရတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် ခေတ်မီစက်ပစ္စည်းကိရိယာသာမက ရဲတပ်ဖွဲ့အင်အား နည်းပါးသောကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် ပြည်သူ ၁၂၇၄ ဦး အချိုးနှုန်းဖြင့် လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လက်ရှိ ကာလတွင် ရဲတပ်ဖွဲ့အင်အား ၅၇၈၀ ရှိသည့်အနက် လုံခြုံရေး ဆောင်ရွက်ခြင်းကို ယခင်က ၅၀ ရာခိုင်နှုန်းအသုံးပြုရာမှ ရက် ၁၀၀ စီမံချက်တွင် ၇၀ ရာခိုင်နှုန်းအထိ အသုံးပြုမည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ရင်းများမှ ရဲတပ်ဖွဲ့ဝင်အင်အား ၂၀၀ ဖြည့်တင်းကာ ရက် ၁၀၀ စီမံချက်အနေဖြင့် မေ ၁ ရက်မှ စတင်၍ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**



# ရေရှားပါးသည့်ကျေးရွာများသို့ ရေများလှူဒါန်း

**နတ်မောက် မေ ၁၅**

အယ်နီညိုရာသီဥတုကြောင့် အပူရှိန်မြင့်မားလာပြီး သောက်သုံးရေ ရှားပါးပြတ်လပ်မှုမဖြစ်ပေါ်ရေးအတွက် နတ်မောက်မြို့နယ် သောက်သုံးရေရှားပါးသည့် ရေထွက်အုပ်စု အုတ်ရှစ်ကုန်းကျေးရွာသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါကျေးရွာတွင် လက်ရှိရေသုံးစွဲမှု နှစ်လက်မစက်ရေတွင်းတစ်တွင်း၊ ချောင်းအတွင်းရှိလက်ရက်တွင်းများနှင့်ရေကန်တစ်ကန်တို့တွင် ရေထွက်အားနည်းလာခဲ့သောကြောင့် ကျေးရွာအိမ်ခြေ(၈၃)အိမ်နှင့် လူဦးရေ ၄၂၃ ဦးတို့တွင် သောက်သုံးရေမလုံလောက်သောကြောင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့ကပူးပေါင်းပြီး အုတ်ရှစ်ကုန်းကျေးရွာ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ရေဂါလန် ၂၀၀၀ အား တောင်သူများအားသောက်သုံးရေဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# ရက်(၁၀၀)စီမံကိန်းအတွင်း ဆောင်ရွက်မည့်လုပ်ငန်းကွင်းဆင်းစစ်ဆေး

**သံဖြူဇရပ် မေ ၁၅**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံကိန်းအတွင်းဆောင်ရွက်မည့် သံဖြူဇရပ်မြို့နယ် ပင-ဝဲကပါ ကျေးရွာချင်းဆက် ကတ္တရာလမ်း ၄ ဒသမ ၅ ဖာလုံဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခစိုးက မတ် ၁၂ ရက်တွင် သွားရောက်စစ်ဆေးကြောင်း သိရသည်။ **(ကြေးမုံ)**

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ် မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။

(စာတည်း)



(တက္ကသိုလ်
ဟန်စိုးဦး)

# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၉)

တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့မိန့်ခွန်းကို တရုတ်သတင်းဌာနတွေက အတူတကွ ၃-ရပ်- (Three ‘togethers’)အဖြစ် ဖော်ထုတ်ရေးသားခဲ့ကြပါတယ်။ ပထမအချက်က သက်ဆိုင်တဲ့နိုင်ငံတွေအကြား အပြန်အလှန်အကျိုးရှိစေမယ့် ပူးပေါင်းဆောင်ရွက်ရေးစီမံချက်တွေကို အတူတကွ ညှိနှိုင်းဖော်ထုတ်သွားကြဖို့၊ ဒုတိယအချက်က အပြန်အလှန်အကျိုးစီးပွားအပေါ် အခြေခံပြီး စီမံချက်တွေ အကောင်အထည်ဖော်နိုင်ရေး အတူတကွလက်တွဲဆောင်ရွက်သွားကြဖို့ဖြစ်ပြီး တတိယအချက်က ဒီပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေကနေ ရရှိလာမယ့် အကျိုးရလဒ်တွေကို အတူတကွ မျှဝေခံစားကြဖို့ဖြစ်ပါတယ်။ ဒါကြောင့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်ဟာ တရုတ်တစ်နိုင်ငံတည်းရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့မဖြစ်နိုင်ဘဲ သက်ဆိုင်သူအားလုံး ပါဝင်လက်တွဲဆောင်ရွက်သွားပြီး အကျိုးအမြတ် မျှဝေခံစားကြရမယ့် “သံစုံတီးဝိုင်းကြီးတစ်ခု” နဲ့ အသွင်တူတယ်လို့ တရုတ်သတင်းဌာနတွေက ဖော်ပြကြပါတယ်။

တရုတ်နိုင်ငံရဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု မဟာဗျူဟာစီမံချက်ဟာ ဥရောပနိုင်ငံများရဲ့ စီးပွားရေးပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် အထောက်အကူဖြစ်စေမယ့် အစီအစဉ်တစ်ခုဖြစ်တာကြောင့် ရည်မှန်းချက်နဲ့ ဖွဲ့စည်းဆောင်ရွက်ပုံအရ ဒုတိယကမ္ဘာစစ်အပြီးမှာ အနောက်ဥရောပနိုင်ငံများရဲ့ စီးပွားရေး ပြန်လည်ရှင်သန်လာစေရေးအတွက် အမေရိကန်က ကမကထပြုဆောင်ရွက်ခဲ့တဲ့ “မာရှယ်စီမံကိန်း”နဲ့ အလားသဏ္ဌာန်တူကြောင်း၊ ဒါကြောင့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ ၂၁-ရာစု မာရှယ်စီမံကိန်းလို့ ခေါ်နိုင်ကြောင်း နိုင်ငံရေးလေ့လာသူအချို့ရဲ့ သုံးသပ်ချက်ကို တရုတ်နိုင်ငံက ပယ်ချခဲ့ပါတယ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ပြီး အကျိုးရလဒ်ကို ခွဲဝေခံစားကြမယ့် စီမံချက်ဖြစ်ပြီး ပထဝီနိုင်ငံရေးလက်နက်တစ်ခုမဟုတ်ကြောင်း၊ ဒါကြောင့် ခေတ်နဲ့မလျော်ညီတဲ့ စစ်အေးတိုက်ပွဲအမြင်နဲ့ မရှုမြင်သင့်ကြောင်း ပြောကြားခဲ့ပါတယ်။

အလားတူ တရုတ်ကွန်မြူနစ်ပါတီက ထုတ်ဝေတဲ့ The Global Times သတင်းစာကလည်း မာရှယ်စီမံကိန်းကို စတင်တဲ့အချိန်မှာ အမေရိကန်ပြည်ထောင်စုဟာ ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုကို ထောက်ခံအားပေးတဲ့နိုင်ငံများကို ချန်လှပ်ခဲ့ပြီး မဟာမိတ်နိုင်ငံများအပေါ်မှာလည်း အကူအညီပေးရာမှာ တင်းကြပ်တဲ့ နိုင်ငံရေးကန့်သတ်ချက်များ ချမှတ်ခဲ့ကြောင်း၊ မာရှယ်စီမံကိန်းရဲ့ အကျိုးရလဒ်က ဥရောပတိုက် အစိတ်စိတ်ကွဲပြားသွားခဲ့ခြင်းဖြစ်ကြောင်း၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ကတော့ လမ်းကြောင်းတစ်လျှောက်မှာ ပါဝင်နေတဲ့ နိုင်ငံအားလုံးကို ဖိတ်ခေါ်လက်ကမ်းကြိုဆိုကြောင်း၊ ပါဝင်လိုတဲ့ နိုင်ငံတွေရဲ့ နိုင်ငံရေးစနစ်၊ ကိုးကွယ်ယုံကြည်မှုအပေါ် မူတည်ခြင်းမရှိကြောင်း၊ ဒီအစီအစဉ်ဟာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် တရုတ်နိုင်ငံရဲ့ ဘက်စုံအစီအစဉ်ဖြစ်သလို တရုတ်နိုင်ငံရဲ့ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တစ်ရပ်လည်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေနဲ့ အစဉ်အလာရှိခဲ့တဲ့ ပထဝီနိုင်ငံရေးအရ ပဋိပက္ခဖြစ်မှု၊ ဗိုလ်ကျစိုးမိုးမှု သမိုင်းဖြစ်စဉ်တွေကို ထိုးဖောက်ပြီး ငြိမ်းချမ်းစွာဖြင့် အင်အားကြီးထွားလာမှု အစဉ်အလာတစ်ရပ်ကို ဖန်တီးဖော်ဆောင်သွားဖို့ ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့ပါတယ်။ တရုတ်အစိုးရရဲ့ အာဘော်ဖြစ်တဲ့ ဆင်ဟွာသတင်းဌာနကလည်း မာရှယ်စီမံကိန်းဟာ အချိန်ကာလအားဖြင့် လေးနှစ်ခန့်သာကြာမြင့်ခဲ့တဲ့ အရေးပေါ် အစီအစဉ်တစ်ရပ်သာ ဖြစ်ကြောင်း၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်မှာတော့ စီးပွားရေးနဲ့ ယဉ်ကျေးမှုအရ ဖွံ့ဖြိုးဝေစည်ပြီး ပိုမိုပေါင်းစည်းမှုရှိတဲ့ နိုင်ငံတကာအသိုက်အဝန်းတစ်ခုဖြစ်လာစေဖို့ ရည်မှန်းဆောင်ရွက်တဲ့ ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။

> တရုတ်အစိုးရရဲ့ အာဘော်ဖြစ်တဲ့ ဆင်ဟွာသတင်းဌာနကလည်း မာရှယ်စီမံကိန်းဟာ အချိန်ကာလအားဖြင့် လေးနှစ်ခန့်သာကြာမြင့်ခဲ့တဲ့ အရေးပေါ် အစီအစဉ်တစ်ရပ်သာ ဖြစ်ကြောင်း



(စီးပွားရေးတိုးတက်မှုနှုန်းလျော့ကျခဲ့သည့်အတွက် အိမ်ရာဆောက်လုပ်ရေးကဏ္ဍတွင် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်)

**တရုတ်နိုင်ငံ၏ ပြည်တွင်းစီးပွားရေး ပြုပြင်ပြောင်းလဲမှုနှင့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်**

တရုတ်နိုင်ငံအနေနဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ကို အကောင်အထည်ဖော်ဖို့ ကြိုးစားတာဟာ တရုတ်နိုင်ငံရဲ့ ပြည်တွင်းစီးပွားရေးစနစ် ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဌာန်ကို ပြောင်းလဲဖွဲ့စည်းနေတဲ့အချက်နဲ့လည်း သက်ဆိုင်မှုရှိပါတယ်။ ၁၉၇၈ ခုနှစ်မှာ စီးပွားရေးအရ တံခါးဖွင့်ဝါဒ ကျင့်သုံးခဲ့ပြီးနောက် ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်မှု၊ ပြည်ပနိုင်ငံများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအပေါ် အခြေခံပြီး နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ နှစ်စဉ် ၁၀ ရာခိုင်နှုန်းကျော်တဲ့အထိ မြင့်မားလာခဲ့ပါတယ်။ တိုင်းပြည်ဟာလည်း နှစ်ပေါင်း ၃၀ အတွင်းမှာ စီးပွားရေးအရ ကမ္ဘာပေါ်မှာ ဒုတိယအင်အားအကြီးဆုံးနိုင်ငံအဖြစ် ရောက်ရှိလာခဲ့ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကနေ အခက်အခဲအများအပြားကိုလည်း ကြုံတွေ့လာခဲ့ရပါတယ်။ ဥပမာအချို့ပြရရင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ နိုင်ငံအတွင်းမှာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှုန်း ကွာဟချက်ကြီးမားမှု၊ စက်မှုလုပ်ငန်းတွေမှာ ထုတ်လုပ်မှုစွမ်းရည်ပိုလျှံမှု (Excess production capacity)စတဲ့ပြဿနာတွေပဲဖြစ်ပါတယ်။ ဒါကြောင့် သမ္မတရှီကျင့်ဖျင်နဲ့ ဝန်ကြီးချုပ် လီခချန်းလက်ထက်မှာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလျှော့ချပြီး ပုံမှန်အဆင့်မှာသာ ထိန်းသိမ်းထားရှိဖို့၊ တစ်နည်းအားဖြင့် စွမ်းဆောင်ရည်မြင့်မားတဲ့ တိုးတက်မှုနှုန်း (Slower but better quality growth)သာဖြစ်စေဖို့ မူအသစ်ချမှတ်ပေးခဲ့ပြီး နှစ်စဉ် တိုးတက်မှုနှုန်းကို ၇ ဒသမ ၅ ရာခိုင်နှုန်းသာရှိဖို့ ရည်မှန်းဆောင်ရွက်ခဲ့ပါတယ်။

အခုလို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို လျှော့ချခဲ့တဲ့အတွက် ပြည်တွင်းစီးပွားရေး နှေးကွေးလာမှုကြောင့် သံမဏိထုတ်လုပ်မှုလုပ်ငန်း၊ အလူမီနီယံ၊ ဘိလပ်မြေနဲ့ ကျောက်မီးသွေးစတဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ စက်မှုလုပ်ငန်းတွေဟာ တန်ပြန်အကျိုးဆက်တွေကို ခံစားခဲ့ကြရပါတယ်။ ၂၀၀၈ ခုနှစ်မှာ ကမ္ဘာ့ငွေကြေးအကျပ်အတည်း ဖြစ်ပွားစဉ်တုန်းက တရုတ်အစိုးရရဲ့ စီးပွားရေးအရှိန်မြှင့်ဆောင်ရွက်ရေး အစီအစဉ်တွေအရ သံမဏိစက်ရုံတွေ၊ ဘိလပ်မြေစက်ရုံတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ အမြောက်အမြားပြုလုပ်ခဲ့တဲ့အတွက် ထုတ်လုပ်မှုအပိုင်းမှာ ပိုလျှံမှုတွေ ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်းမှာ ထုတ်လုပ်မှု ပိုလျှံမှုတွေဖြစ်နေတဲ့ အခြေခံအဆောက်အအုံဆိုင်ရာ စက်မှုလုပ်ငန်းတွေကို ပြည်ပနိုင်ငံတွေမှာ သွားရောက်ရင်းနှီးမြှုပ်နှံနိုင်မယ်ဆိုရင် တရုတ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ၁၉၇၈ ခုနှစ်မှာ စီးပွားရေးတံခါးဖွင့်ဝါဒ စတင်ကျင့်သုံးစဉ်က ပြည်ပနိုင်ငံတွေဆီက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရရှိရေးဟာ တရုတ်နိုင်ငံရဲ့ အဓိကဦးတည်ချက်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် နှစ်ပေါင်း ၃၀ ကြာမြင့်လာတဲ့နောက်ပိုင်းမှာတော့ တရုတ်နိုင်ငံကနေ ပြည်ပနိုင်ငံတွေဆီ သွားရောက်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဟာ နိုင်ငံရဲ့ စီးပွားရေးမဟာဗျူဟာသစ် ဖြစ်လာခဲ့ပါတယ်။

# နဘားဘူတာ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

**အင်းတော် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်း နဘားဘူတာတွင် အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံကိန်းအနေဖြင့် ဘူတာပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ခရီးသည်များ ရထားမဆိုက်ရောက်မီ စိတ်အေးချမ်းသာစွာ အနားယူနိုင်ရေး နဘားဘူတာ တာဝန်ခံရုံပိုင် ဦးတင်မောင်ဝင်း ဦးဆောင်ပြီး မေလဆန်းပိုင်းမှစတင်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့နဘားဘူတာက မန္တလေး-မြစ်ကြီးနားမီးရထားလမ်းပိုင်း အလယ်မှာတည်ရှိပြီး နဘား-ကသာမီးရထားလမ်းပိုင်းလည်းခွဲထွက်ထားတာကြောင့် ဧရာဝတီမြစ်ကြောင်းကတစ်ဆင့် လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားများအပါအဝင် ခရီးသည်အဝင်အထွက်များသောဘူတာတစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် ဘူတာဝင်းအတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဖြစ်တဲ့ ဘူတာမြောက်ဘက်ပန်းခြံနဲ့ ဘူတာစကြံတွေမှာ သန့်ရှင်းရေးလုပ်ငန်းတွေကို နေ့စဉ်လုပ်တယ်။ ခရီးသည်နားနေထိုင်ခုံတွေကိုပြုပြင်ပြီး ဆေးသုတ်တဲ့လုပ်ငန်းတွေကို(ဓာတ်ပုံပါအတိုင်း)လုပ်ဆောင်နေပါတယ်”ဟု နဘားဘူတာမှ ဦးအောင်ထွန်းက ပြောသည်။

**မောင်ချစ်လင်း**



# နှစ်ပေါင်း ၃၀ ကျော်သက်တမ်းရှိ တောင်ဖီလာတံတား ပြန်လည်ပြုပြင်



**အင်းတော် မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပုန်းဟုန်ကျေးရွာအုပ်စု တောင်ဖီလာကျေးရွာတွင် အဆိုပါကျေးရွာနှင့် ဘုန်းတော်ကြီးကျောင်းသို့ သွယ်တန်းဆောက်လုပ်ထားသောတံတားမှာ နှစ်ပေါင်း ၃၀ ကျော်သက်တမ်းရှိခဲ့သဖြင့် ဆွေးမြည့်လျက်ရှိရာ မေ ၁၃ ရက်က စတင်ပြုပြင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားမှာ အလျားပေ ၂၀၀၊ အကျယ် ၇ ပေ၊ အမြင့် ၁၃ ပေ၊ တိုင်အလုံးပေါင်း ၆၄ တိုင်တို့ဖြင့် တောင်ဖီလာကျောင်းတိုက်ဆရာတော် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကလျာဏအရှင်သူမြတ်က ဦးစီးဆောင်ရွက်ကာ တောင်ဖီလာရွာသူရွာသားများစုပေါင်း၍ တည်ဆောက်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်ခဲ့ပြီး ဟောင်းနွမ်းဆွေးမြည့်လာသဖြင့် ပြန်လည်တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ တောင်ဖီလာကျေးရွာသည် တောင်ကုန်းချိုင့်ဝှမ်းများမှာ အလွန်ပေါများသဖြင့် မြကလျာရွာသစ်မှ ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ အလှူပွဲများပြုလုပ်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေသွားလာနိုင်ရန်နှင့် တံတားရေရှည်တည်တံ့ခိုင်မြဲစေနိုင်ရန်အတွက် ဝိုင်းဝန်းပြုပြင်တည်ဆောက်ရခြင်းဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးထံမှ သိရသည်။ **(ဝ၅၈)**

# စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသေးစားအရင်းအနှီးချေးငွေများပေးအပ်

**ဝါးခယ်မ မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း ၂၂ သင်းမှ နောက်တိုးအသင်းသား တောင်သူလယ်သမားများသို့ အသေးစားအရင်းအနှီးချေးငွေပေးအပ်ပွဲကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက အခြေခံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းများ၏ ချေးငွေဆိုင်ရာ ကိစ္စရပ်များကိုပြောကြားကာ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်ဝင်းက ယခုထုတ်ချေးပေးသော ချေးငွေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ချေးပေးခြင်းဖြစ်ပြီး အသေးစားချေးငွေထုတ်ယူထားသော တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းခွင်များ၌ အကျိုးရှိရှိထည့်သွင်းအသုံးပြုကြရန်နှင့် အဆိုပါချေးငွေများကို သတ်မှတ်ရက်အမီပြန်လည်ပေးဆပ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ပြီး အခမ်းအနားသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ အသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အခြေခံ စိုက်/ထွေ သမဝါယမအသင်း ၂၂ သင်းမှ ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း ၂၂ သင်းမှ နောက်တိုးအသင်းသားများဖြစ်သော ကျွန်းကုန်းတိုက်နယ်မှ ၃၉ ဦး၊ ကျုံတိုင်တိုက်နယ်မှ ၃၉၈ ဦး၊ ကျုံမငေးတိုက်နယ်မှ ၈၂ ဦး၊ ရွှေလောင်းတိုက်နယ်မှ ၁၉၂ ဦး၊ မောင်းဒီးတိုက်နယ်မှ ၆၉ ဦးနှင့် ငှက်ပျောချောင်းတိုက်နယ်မှ ၅၂ ဦး စုစုပေါင်း ၈၃၂ ဦးအတွက် အသေးစားချေးငွေကျပ် ၈၃၂ သိန်းအား တာဝန်ရှိသူများက တိုက်နယ်အသီးသီးမှ အသင်းဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

# ကျောက်ကြီးမြို့တွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ကျောက်ကြီး မေ ၁၅**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့တွင်း၌ နေရာများခွဲ၍မေ ၁၁ ရက်မှ စတင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို နံနက်ပိုင်း၊ ညနေပိုင်း နှစ်ပိုင်းခွဲ၍ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လူထုအသိပညာပေးခြင်းကို ရုံးပိတ်ရက်များမပါ မေလကုန်ထိ ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မနက်ပိုင်း ၈ နာရီကနေ ၁၀ နာရီ၊ ညနေပိုင်းကို ၅ နာရီကနေ ည ၇ နာရီထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို လုပ်ဆောင်ပါတယ်။ အစိုးရရုံးဖွင့်ရက် မေလကုန်ထိ လူထုအသိပညာပေးလုပ်ဆောင်သွားပါမယ်" ဟု ကျောက်ကြီးမြို့မစခန်း ဒုရဲအုပ် နေဝင်းထွန်းက ပြောသည်။

ယင်းသို့လုပ်ဆောင်ရခြင်းဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စနစ်တကျနားလည်ပြီး ပြည်သူများ အသိပညာများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး ယာဉ်စည်းကမ်းမလိုက်နာခြင်း၏ ပြစ်မှု၊ ပြစ်ဒဏ်များကိုပါသိရှိအောင် ပညာပေးလုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ပြောသည်။

"ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးခြင်းက လူထုကို ပိုမိုပြီးနားမျက်စိပွင့်စေပါတယ်။ ယာဉ်စည်းကမ်းနားလည်သွားကြပြီဆိုရင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုလည်း အထိုက်အလျောက် လျော့ကျသွားနိုင်ပါတယ်" ဟု ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် စာရေးဦးသက်တင်က ပြောသည်။

ယာဉ်စည်းကမ်းများ အသစ်ပြန်လည်ရေးဆွဲခြင်းမှ ပြစ်မှုပြစ်ဒဏ်များ ပိုမိုမြင့်မားလာခြင်းများကိုလည်း ပညာပေးပြုလုပ်စဉ်ကာလအတွင်း ပြည်သူများသိရှိနားလည်အောင် ပြောဆိုမှုများပါဝင်ကြောင်းနှင့် စည်းကမ်းလိုက်နာမှုများ အမှန်တကယ်ရှိလာပါက ယာဉ်မတော်တဆမှုများ လျော့နည်းလာနိုင်မည်ဖြစ်ကြောင်း သိမ်တန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်သောင်းက ရှင်းပြသည်။

"ပြည်သူတွေအတွက်လုပ်တာကောင်းပါတယ်။ ဒီလိုအသိပညာပေးလုပ်ခြင်းကနေ တစ်ဆင့် စည်းကမ်းမဲ့ပြည်သူတွေ ပြစ်မှုပြစ်ဒဏ် ဘယ်လိုရှိတယ်ဆိုတာပါ သိသွားရင် ယာဉ်နဲ့ပတ်သက်တဲ့ ထိခိုက်တာတွေနည်းသွားနိုင်တာပေါ့" ဟု သိမ်တန်းရပ်ကွက်နေ ဦးပြုံးချိုက ပြောသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ဆောင်နိုင်ရေး သက်ဆိုင်ရာအုပ်စု ကျေးရွာတာဝန်ရှိသူများအား မြို့နယ်မှ အစည်းအဝေးတစ်ရပ်ခေါ်ယူပေးအပ်ထားကြောင်း သိရသည်။ **ကိုကျောက်ကြီး**

# ကျောက်မဲမြို့နယ်တွင် မြေယာအသုံးချမှုစီမံကိန်းကော်မတီမှ ရှင်းလင်းဆွေးနွေးပွဲပြုလုပ်

**ကျောက်မဲ မေ ၁၅**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် မြေအသုံးချမှုကော်မတီမှ ခိုမုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၀၊ ၄၁၊ ၄၃) မြေဧရိယာ ဧက ၃၀၀ နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေရှင်းလင်းပွဲကို မေ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၀၀ ခုနှစ်တွင် (စကခ-၁) မှ သိမ်းဆည်းခဲ့သော လယ်ယာမြေဧရိယာ ဧက ၃၀၀ ကို ပြန်လည်စွန့်လွှတ်ခဲ့ပြီး ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံသည့် တောင်သူများအား ပြန်လည်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် မြေယာအသုံးချမှုစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

လယ်ယာမြေဧက ၃၀၀ အနက် အထောက်အထားခိုင်လုံစွာတင်ပြနိုင်သော မြေဧက ၂၅၂ ဒသမ ၆၇ ဧကအား တောင်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်ခဲ့ပြီး ကျန် ၄၇ ဒသမ ၃၃ ဧကအား ခိုင်လုံသောအထောက်အထားများဖြင့် မြေယာအသုံးချမှုစီမံကိန်းကော်မတီထံသို့ ဥပဒေနှင့်အညီ လာရောက်လျှောက်ထားနိုင်ကြောင်း၊ အထောက်အထားခိုင်လုံပါက ပြန်လည်ပေးအပ်မည်ဖြစ်ပြီး တက်ရောက်လာသော တောင်သူများက သိလို၍မေးမြန်းသည်များကို ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိုင်းဝင်းမင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

# ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲ ကျင်းပ

**ချောင်းဦး မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ မေ ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသစ်လွင်က အမှာစကားပြောကြားပြီး မြို့နယ် အား/ကာဦးစီးမှူး ဦးကျော်သူရက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ချောင်းဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲကို မေ ၁၃ ရက်မှ မေ ၁၆ ရက်ထိ ကျင်းပခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ရဲအောင်(ချောင်းဦး)**

# ဆိပ်ဖြူမြို့တွင် အယ်နီညိုသဘာဝဘေးဆိုင်ရာ ကြိုတင်တားဆီး ကာကွယ်ရေး ပညာပေးသင်တန်းဖွင့်လှစ်

**ဆိပ်ဖြူ မေ ၁၅**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှကြီးမှူး၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အယ်နီညိုသဘာဝဘေးဆိုင်ရာကြိုတင်တားဆီးကာကွယ်ရေး ပညာပေးသင်တန်းကို မေ ၁၃ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာ၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအေးမင်းဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အယ်နီညိုရာသီဥတုကြောင့် မွေးမြူရေး တိရစ္ဆာန်များ၏ နောက်ဆက်တွဲ ဆိုးကျိုးဘေးအန္တရာယ်များ မကျရောက်စေရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါက်တာအေးမင်းဇော်နှင့် ဒုတိယဦးစီးမှူး ဒေါက်တာမြတ်ထန်ဝင်းတို့က မြို့နယ်အတွင်း ကျေးရွာ ၂၀ မှ သင်တန်းသား ၂၀ ဦးတို့အား အယ်နီညိုရာသီဥတုကြောင့် မွေးမြူရေး တိရစ္ဆာန်များ၏ နောက်ဆက်တွဲ ဆိုးကျိုးဘေးအန္တရာယ်များ ကာကွယ်ရေးနည်းလမ်းများ၊ မွေးမြူထားရှိသည့် တိရစ္ဆာန်များအတွက် အစားအစာ စနစ်တကျထိန်းသိမ်းရေးနည်းလမ်းများ၊ တိရစ္ဆာန်များအတွက်လိုအပ်သည့် အာဟာရဗေဒပြုလုပ်နည်းတို့ကို သင်တန်းပေးပို့ချပေးကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်ဦးမြို့နယ် ကျေးရွာနစ်ရွာ၌ မြေသားရေကန်တူးဖော်ပေး

**ခင်ဦး မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံကိန်းအတွင်း ကျေးလက်ဒေသများတွင် ရေရှားပါးခက်ခဲမှုများ ကြုံတွေ့လာနိုင်သဖြင့် ကျေးလက်ရေရရှိရန်အတွက် မကျီးတုံကျေးရွာ၊ လောင်းရှည်ကျေးရွာ၊ ပေါက်တုံကျေးရွာနှင့် အလယ်ရှိကျေးရွာတို့ကို မြေသားရေကန်များ တူးဖော်ပေးရန် လျာထားခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မကျီးတုံကျေးရွာနှင့် လောင်းရှည်ကျေးရွာတို့တွင် မြေသားရေကန်တူးဖော်ရန် ခွင့်ပြုချထားငွေကျပ် ၈ ဒသမ ၅၀၀ သန်းစီဖြင့် မေ ၈ ရက်က စတင်တူးဖော်ပေးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်က ပြောသည်။

**ခင်ဦးစိုးဝေ**



## ပြည်တွင်းရေးရာ

# ငါးလုပ်ငန်းဦးစီးဌာန၏ ရက်(၁၀၀)စီမံချက်ပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှု

**ပဲခူး မေ ၁၅**

ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးသည် တိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းကျော်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဝင်း၊ ပဲခူးခရိုင်မှူးနှင့် တောင်ငူခရိုင်မှူးများဖြစ်ကြသော ဦးသက်ဦး၊ ဦးသက်အေးတို့နှင့်အတူ မေ ၁၀ ရက်တွင် ပဲခူးတိုင်းအရှေ့ခြမ်းရှိ ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့၏ ရက်(၁၀၀)စီမံချက်ပါလုပ်ငန်းများ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး စီမံချက်ပါလုပ်ငန်းများ အချိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အယ်နီညိုနှင့် လာနီညာရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကြုံတွေ့လာမှုအပေါ် လိုက်နာဆောင်ရွက်ရေးဆိုင်ရာ ဗဟုသုတရစရာများ ဆုံးရှုံးမှုလျော့ပါးရေးဆိုင်ရာ လိုက်နာဆောင်ရွက်သင့်သည်များ၊ ငါးစားသုံးမှုဖူလုံရေး၊ ငါးထုတ်လုပ်မှုပိုမိုတိုးတက်လာစေရေး၊ ငါးသယံဇာတထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ရေလုပ်သားအစုအဖွဲ့များ စုဖွဲ့အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကာ ဖြူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ရက်(၁၀၀)အတွင်းတည်ဆောက်နေသော လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းကျော်မြင့်ကလည်း လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်း(ပြန်/ဆက်)**

# ဘောကထာရေအားလျှပ်စစ်စီမံကိန်း လေ့လာနိုင်ရေး နော်ဝေနိုင်ငံပညာရှင်များ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ကျောက်ကြီး မေ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အရှေ့ရိုးမတောင်တန်းဒေသရှိ ဘောကထာချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး အကြိုစမ်းသပ်လေ့လာမှုစတင်နိုင်ရေးအတွက် နော်ဝေနိုင်ငံပညာရှင်များနှင့် သူးလေးကုမ္ပဏီတာဝန်ရှိသူများက ကျောက်ကြီးမြို့ မေတ္တာရပ်ကွက် အောက်မေ့ဖွယ်ခန်းမ၌ မေ ၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာကျော်ထိ လူထုတွေ့ဆုံပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းလူထုတွေ့ဆုံပွဲသို့ နော်ဝေနိုင်ငံအခြေစိုက် NORCONSULT ကုမ္ပဏီမှ နော်ဝေပညာရှင် မစ္စတာ Kiantar Gullbra ဦးဆောင်အဖွဲ့ခြောက်ဦး၊ သူးလေးကုမ္ပဏီ KNU ဗဟိုစီးပွားရေးကော်မတီဥက္ကဋ္ဌ စောတာဒိုမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

“အဓိကအကြောင်းအရာကတော့ ဘောကထာရေအားလျှပ်စစ် အကြိုစမ်းသပ်လေ့လာဖို့ လူထုနဲ့တွေ့ဆုံရတာပါ။ ရလဒ်ဆိုတာက မြေပြင်အခြေအနေကို ကိုယ်တိုင်သွားရောက်လေ့လာ စမ်းသပ်မှုတွေလုပ်ပြီး အစီရင်ခံစာထွက်လာမှ သိနိုင်မှာပါ” ဟု ယင်းအစည်းအဝေး၌ ပြည်သူ မေးမြန်းချက်ကို သူးလေးကုမ္ပဏီဥက္ကဋ္ဌ စောတာဒိုမှူးက ထည့်သွင်းပြောကြားသည်။

ယင်းလူထုတွေ့ဆုံပွဲမှာ ဒုတိယအကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး ဆွေးနွေးမှုများ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

“တကယ်တမ်းပြောရရင် မလုပ်စေချင်ပါဘူး။ မိဘဘိုးဘွားလက်ထက် ခေတ်ကာလမကောင်းကတည်းက ဒီအရပ်ဒေသမှာပဲနေထိုင်ခဲ့ကြတာပါ။ ရေကာတာလုပ်မယ်ဆိုရင် ရွာကရေနစ်မြုပ်တဲ့နေရာအလယ်ဗဟိုမှာ ရောက်နေပါပြီ။ မြေပုံထဲမှာလည်း ပညာရှင်တွေပြတာ မှတ်သားရပါတယ်” ဟု မူသဲကျေးရွာ (တောင်ပေါ်ဒေသ) နေ နော်နေထူး(အမိုးကြီး) က ပြောသည်။

ယင်းအဖွဲ့သည် မေ ၁၀၊ ၁၁ ရက်များတွင် စီမံကိန်းတည်ဆောက်မည့်နေရာသို့ ဒေသခံပြည်သူများလိုက်ပါလျက် သွားရောက်လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့သည်။ **ကိုကျောက်ကြီး**

# အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ညောင်ဦးမြို့နယ်တွင် ထန်းပင်မှထန်းစများ ခြောက်သွေ့ပြီး ထန်းရည်ချိုအထွက် နည်းပါး

**ညောင်ဦး မေ ၁၅**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်တောရွာ ထန်းလှီးလုပ်သားများ ယခုနှစ်ထန်းလှီးရာသီတွင် အယ်နီညိုရာသီဥတုဒဏ်ကြောင့် ထန်းပင်မှထန်းစများ ခြောက်သွေ့ပြီး ထန်းရည်ချိုအထွက်နည်းကာ ထန်းလျက်ထွက်ရှိမှု နည်းပါးနေကြောင်း သိရသည်။

“မနှစ်က ထန်းလှီးရာသီဒီအချိန်ဆိုရင် ထန်းလျက်တော်တော်ရနေပြီ။ အခုနှစ် ကျွန်တော်လှီးတာ ရှစ်ပိဿာလောက်ပဲရတယ်။ ထန်းပင်ကထန်းစခိုင်တွေကလည်း ရှေ့ကထန်းရည်ချိုထွက်အောင် ပြင်ထားရင် နောက်ရာသီဥတုပြင်းတော့ ထန်းစခိုင်တွေ ခြောက်သွေ့ကုန်တယ်။ ထန်းလှီးလို့လည်းမကောင်းဘူး။ ဓားနဲ့လှီးလိုက်ရင် ထန်းနုခိုင် ထန်းစခိုင်တွေကမာခြောက်နေတယ်။ ထန်းရည်ချိုတွေလည်း မထွက်နိုင်ဘူး။ ထန်းနုခိုင်များကလည်း အလိုလိုနေရင်းခြောက်နေတယ်။ အရင်နှစ်တွေကဆိုရင် ထန်းသမားတစ်ဦးလျှင် ထန်းလျက်ပိဿာ ၂၀ အောက်က မလျော့ဘူး။ အချိန်နှစ်ဆယ်ကျော်ထိရကြတယ်။ တစ်နေ့ဝင်ငွေ တစ်သောင်းကျော် နှစ်သောင်းထိရကြတယ်။ အခုနှစ် တန်ခူးလ ထန်းလျက်ဖြိုင်ဖြိုင်ထွက်ချိန် ထန်းလျက်မရကြဘူး။ ရာသီဥတုကလည်း ပူပြင်းတယ်။ အချို့ထန်းတောင်သူတွေ ဆိုရင် ထန်းစမထွက်ကြဘူး။ ကျွန်တော်တို့လည်း ဒီနှစ်ထန်းပင်တွေ မထွက်လို့ ထန်းတောပြောင်းလှီးရတယ်” ဟု ရွာသာအေးရွာ ထန်းလှီးလုပ်သားထန်းတောင်သူ ကိုမြင့်စန်းက ပြောသည်။

“ဒီနှစ်မှာ စောစောရက်က ထန်းလျက်တစ်ပိဿာ တစ်ထောင်ကျော်ရောင်းရတယ်။ အခုရက်ပိုင်းမှာ ကိုးရာကျော်ပဲရောင်းရတော့တယ်။ ဒီနှစ် ထန်းလှီးရတာ တွက်ချေမကိုက်ဘူး။ နေကလည်းပူတော့ သိပ်မလုပ်နိုင်ဘူး။ အခုရက်ပိုင်းမှာ နေပူဒဏ်ပြင်းတော့ ထန်းနုခိုင်စတွေလည်း ခြောက်တယ်။ ထန်းရည်လည်း သိပ်မယိုတော့ဘူး။ ကျွန်တော်တို့ရွာဘက်တွေက ထန်းလုပ်သားတွေ မနှစ်ကလောက် ထန်းလျက်မရကြဘူး။ ထန်းလျက်ဈေးကလည်း မနှစ်ကလောက် ဈေးမကောင်းဘူး။ ကျွန်တော်တို့ဆီမှာ အခုရက်ထိအောင် မိုးဦးမကျသေးဘူး။ မိုးဦးမကျသေးတော့ တီရစ္ဆာန်တွေရော၊ လူတွေပါ အပူဒဏ်ခံကြရတယ်။ အပူဒဏ်ကလည်း ကျွန်တော်တို့လုပ်စားတဲ့ ထန်းပင်တွေထိအောင် အပူဒဏ်ခံရတော့ ဒီနှစ်ထန်းတောင်သူတွေ ချောင်လည်မှုနည်းပါးပါတယ်” ဟု ထန်းလှီးတောင်သူတစ်ဦးက ပြောသည်။

**ကျော်ဒွေး(ညောင်ဦး)**

# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်

**နမ့်ဆန် မေ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် လေဘေးသင့်ခဲ့သော မိဘပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ရှေ့တန်းအမှတ်(၁) စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးသိန်းဇော်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောခဲ့ကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသည့် လေဘေးသင့်သွားသော ကျေးရွာအုပ်စုအသီးသီးမှ လေဘေးသင့်အိမ်ထောင်စုပေါင်း ၂၂၈ အိမ်အား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ စီကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ရာ လေဘေးသင့်ပြည်သူများက လက်ခံရယူခဲ့ကြသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

# ရောင်းသူမဲ့အအေးဆိုင်ဖွင့်လှစ်ရောင်းချ

## ရောင်းရအမြတ်ငွေများကို ၂၀၀၆ ခုနှစ် သူငယ်ချင်းများ အထွေထွေပရဟိတရန်ပုံငွေအဖြစ် အသုံးပြုမည်

**ကျွန်းလှ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ဘူတာရုံအရှေ့ဘက် တပင်ရွှေထီးလမ်းပေါ်ခိုင်ခန့်ဖိနပ်ဆိုင်ရှေ့တွင် ရောင်းသူမဲ့အအေးဆိုင် ဖွင့်လှစ်ထားကြောင်း သိရသည်။

ယင်းအအေးဆိုင်တွင် လမ်းသွားလမ်းလာသူများအား ရေသန့်ဘူး၊ အချိုရည်ဘူးများကို ရေခဲပုံးထဲထည့်၍ ဈေးနှုန်းအသီးသီးကိုလည်း ကပ်ထားပေးကြောင်း၊ ဝယ်ယူသုံးစွဲသူများက ကျသင့်ငွေကိုငွေ ဘူးထဲထည့်၍ ပြန်အမ်းငွေကိုလည်း မိမိအသိစိတ်ဖြင့် အမ်းယူရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရောင်းရငွေအမြတ်ကို ကျွန်းလှမြို့ ၂၀၀၆ ခုနှစ် သူငယ်ချင်းများ အထွေထွေပရဟိတရန်ပုံငွေအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း လူငယ်များထံမှ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**




# မလှိုင်မြို့နယ် ဆည်တိုတိုက်နယ် ၁၆ ခုတင်ဆံ့ဆေးရုံ အမြန်ဆုံးဖွင့်လှစ်ပေးရန် ဒေသခံပြည်သူများလိုလားနေ

**မလှိုင် မေ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်သည် မြို့ပေါ်လေးရပ်ကွက် ကျေးရွာအုပ်စု ၅၂ အုပ်စုတွင် ကျေးရွာပေါင်း ၂၄၇ ရွာ ရှိပြီး မြို့နေလူဦးရေထက် ကျေးလက်များတွင်နေထိုင်သော လူဦးရေကများသလို မလှိုင်မြို့နယ်ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ၅၀ ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ခု၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှစ်ခုရှိသော်လည်း မလှိုင်မြို့နယ် ဆည်တိုတိုက်နယ် ၁၆ ကုတင်ဆံ့ဆေးရုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန ငွေလုံးငွေရင်းဖြင့် ဆည်တိုတိုက်နယ်ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းကို ကျပ်သိန်းပေါင်း ၅၉၀၀ ခန့် အကုန်အကျခံကာ ရွှေထီးရွှေနန်းဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည် ။

“ကျွန်တော်တို့ ဆည်တိုတိုက်နယ်ဆေးရုံဟာ ပြီးစီးနေတာကြာပါပြီ။ ဒါပေမယ့် ယနေ့အချိန်ထိ မဖွင့်လှစ်သေးတော့ ဒီကျေးရွာအုပ်စုများကပြည်သူတွေအတွက် ကျန်းမာရေးဖြစ်လာရင် အသက်အန္တရာယ်တောင် ဖြစ်ပေါ်နေရပါတယ်။ နောက်တစ်ခုက အခုရှိနေတဲ့ ဆည်တိုဆေးရုံမှာလည်း ဆရာဝန်သာရှိတာ၊ ဓာတ်မှန်စသည့်ဆေးစွမ်းက မရှိတော့ ကျေးလက်ဒေသများက အရေးကြီးလူနာတွေဆိုရင် ၁၂ မိုင်လောက်ဝေးတဲ့ မလှိုင်မြို့က ဆေးရုံကို သွားရောက်နေရတာကြောင့် တချို့ဆို လမ်းခရီးမှာတင် အသက်ဆုံးရှုံးမှုဖြစ်စဉ်တွေလည်း ဖြစ်ခဲ့ဖူးပါတယ်။ အခုလက်ရှိဆရာဝန်ကလည်း လာရောက်ဆေးကုသူလူနာကို နွေးထွေးမှုတွေပေးတာနည်းတာကြောင့် ကျွန်တော်တို့ ဆည်တိုတိုက်နယ်ဆေးရုံသစ်ကြီးကို အမြန်ဆုံးဖွင့်လှစ်ပေးဖို့ မျှော်လင့်နေပါတယ်” ဟု အဆိုပါကျေးရွာအုပ်စုက သစ်ပင်ကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

“ကျွန်တော် မလှိုင်ပြည်သူ့ဆေးရုံမှာ တာဝန်မကျခင်ကတည်းက ဆည်တိုတိုက်နယ်ဆေးရုံကို ရွှေထီးရွှေနန်းဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်ခဲ့တာလို့ သိရပါတယ်။ ယနေ့အချိန်အထိ ဘာကြောင့်မဖွင့်တာလည်းဆိုတာတော့ မသိပါဘူး” ဟု မလှိုင်မြို့နယ်ဆရာဝန်ကြီးက ပြောသည်။

၂၀၁၅ ခုနှစ် ငါးလပိုင်းခန့်လောက်က ဆည်တိုတိုက်နယ်ဆေးရုံသစ်ကြီးကို ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာတိုင်း၊ ခရိုင်၊ မြို့နယ်တွေက လာရောက်ကြည့်ရှုစစ်ဆေးတဲ့အခါ ဆည်တိုတိုက်နယ်ဆေးရုံသစ်ကြီးဟာ ကွာလတီအဆင့်အတန်းမမီတာကြောင့် ယနေ့အချိန်ထိ မဖွင့်လှစ်နိုင်သေးပါဘူး။ အဲဒီအချိန်တုန်းက ကျွန်တော်က ဆည်တိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးပါ။ ကျွန်တော်တို့က အရင်ရှိနေတဲ့ ဒေါက်တာစည်သူဆန်းကို အသစ်တည်ဆောက်နေတဲ့ ဆည်တိုတိုက်နယ်ဆေးရုံနဲ့ပတ်သက်ပြီး စစ်ဆေးရေးအဖွဲ့ ဖွဲ့ဖို့ပြောပြပါတယ်။ ဒါပေမယ့် ဒေါက်တာစည်သူဆန်းက မလိုဘူးလို့ပြောလို့ ကျွန်တော်တို့လည်း ဒီအတိုင်းနေခဲ့ရတာပါ” ဟု အဆိုပါကျေးရွာနေ (ယခင်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟောင်း ဦးမြင့်မောင်က ပြောသည်။

ဆည်တိုတိုက်နယ်ဆေးရုံတည်ဆောက်ခဲ့သော ရွှေထီးရွှေနန်းဆောက်လုပ်ရေးကုမ္ပဏီအား ဆက်သွယ်မေးမြန်းသော်လည်း ဖုန်းကိုင်ခြင်းမရှိခဲ့ပါ။ ယင်းကြောင့် ဆည်တိုတိုက်နယ်ဆေးရုံအား အမြန်ဆုံးဖွင့်လှစ်ပေးရန် အဆိုပါဒေသခံပြည်သူများမှ လိုလားနေကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

## ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့် Regular English Courses For Young Learners

(၁)တန်းမှ (၉)တန်းကလေးများအတွက် Level-၅ ဆင့်ခွဲ၍ ထိရောက်စွာသင်ကြားမည့် **4-Skill English** သင်တန်းများ

**Sat+Sun**(တစ်ပါတ် ၂ ရက်) 9:30 to 11:30 a.m. June 4 စပါမည်။

ဝင်ကြေး - ၅၀၀၀/-
လစဉ်ကြေး - ၂၀၀၀၀/-

တက္ကသိုလ်ဝင်တန်း၊ ခြေချိုပြီးသူများ၊ ကျောင်းအားရက်မှာ အင်္ဂလိပ်စာ အခြေခံကောင်းရဖို့ လိုနေသူတိုင်းအတွက်

# ဆရာအာသာ SUCCESS Language Academy

## (မြို့လယ်ကျောင်း)

အမှတ်(၁၀၉)Y.W.C.A ဘိုကလေးဈေးလမ်း၊

Ph: 202046,392048, 256954

**BASIC ENGLISH SPEAKING**
10-11:30 (Mon~Thurs) 16 May
1 - 2:30 (Mon~Thurs) 1 Jun
10-11:30 (Mon~Thurs) 13 Jun
3:30 - 5 (Mon~Thurs) 20 Jun

**BASIC FOUR SKILLS ENGLISH**
7:30 - 9 (Mon~Thurs) 23 May
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May
6 - 7:30 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1 Jun

**BASIC WRITING**
7:30 - 9 (Mon~Thurs) 6 Jun

**PRE-INTERMEDIATE**
1 - 4:00 (Sat + Sun) 22 May
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1 Jun
12 - 3:00 (Sat + Sun) 4 Jun

**INTERMEDIATE**
7:30 - 9 (Mon~Thurs) 30 May
3:30 - 5 (Mon~Thurs) 6 Jun

**VOCAB ENRICHMENT**
10-11:30 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May

**BASIC GRAMMAR**
9 - 12:00 (Sat + Sun) 14 May

**INTERMEDIATE WRITING**
10-11:30 (Mon~Thurs) 13 Jun

## လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

**BASIC ENGLISH SPEAKING**
12 - 3:00 (Sat + Sun) 22 May
3:30 - 5 (Mon~Thurs) 30 May
7:30-10:30 (Sat + Sun) 5 Jun

**BASIC GRAMMAR**
7:30-10:30 (Sat + Sun) 29 May

**PRE-INTERMEDIATE**
10-11:30 (Mon~Thurs) 16 May
12 - 3:00 (Sat + Sun) 29 May

**IELTS (Preparation)**
1 - 3:30 (Mon~Thurs) 6 Jun

**IELTS (Speaking)**
7:30 - 9 (Mon~Thurs) 6 Jun

**IELTS (Writing)**
7:30 - 9 (Mon~Thurs) 16 May

**BASIC FOUR SKILLS ENGLISH**
1 - 2:30 (Mon~Thurs) 23 May
4:30-7:30 (Sat + Sun) 28 May
7:30-10:30 (Sat + Sun) 4 Jun
1:30 - 4:30 (Sat + Sun) 5 Jun

**INTERMEDIATE**
4:30-7:30 (Sat + Sun) 18 Jun

**IELTS (Preparation)**
4:30-7:30 (Sat + Sun) 4 Jun

**IELTS (Writing)**
12:30-3:30 (Sat+Sun) 28 May

**IELTS (Reading)**
1 - 3:00 (Mon~Thurs) 6 Jun

**IELTS (Grammar)**
10-11:30 (Mon~Thurs) 20 Jun

## (၂၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် ဆုမွန်လွှာ

ဖေဖေ ဦးစောမင်း [ဦးစီးအရာရှိ(ငြိမ်း)လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]နှင့် မေမေ ဒေါ်ခင်ခင်ဆင့်တို့၏ ၁၆-၅-၂၀၁၆ရက်တွင် ကျရောက်သည့် (၂၈)နှစ်မြောက် နှစ်ပတ်လည်မင်္ဂလာရက်မြတ်မှသည် နောင်ရတုပေါင်းများစွာချစ်သော သားသမီးများနှင့်အတူ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး - ကိုရဲမင်းအောင် 2nd Mate (Uniteam Marine). B.Sc(Hons)(N.S)
သားလတ် - ဒေါက်တာအောင်ဖြိုးမင်း လက်ထောက်ဆရာဝန် (သယ်န်းကျွန်းစံပြဆေးရုံကြီး)
သမီးငယ် - မဒိကေဇင် [အလုပ်သင်ဆရာဝန် ဆေး(၁)]

# NIEC INTERNATIONAL For Better Education

"2016-17 Academic Year"

ADMINSSION OPEN

3 to 16 Years Old

* Preschool
* Primary to Secondary
* IGCSE

Enroll Now !



NIEC Yangon Campus
No.27, Damaryon Street, Kanbe, Ward 13,
Near Moe Kaung Pagoda,
Yankin Township, Yangon.
Tel: +95 01 8550727, 8550728
www.facebook.com/niecinternationalyangon

## MY FRIEND

ကဆုန်လပြည့် အထူးဧည့်ခံပွဲ (၂၀.၅.၂၀၁၆) ညထွက်
☎ : 09450113969,09450114969

## ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

## ကား မိုးဝေ

(Alphard/Crown/MarkII/Hiace)
Ph: 09795549249, 095418126

Fully Auto
09 420035882, 09 73199410
09 420035884, 09 73199257

## (N.G.E.S) အင်္ဂလိပ်စာ သင်တန်း ပုံမှန် (Regular) တန်းခွဲများ

- အင်္ဂလိပ်စကားပြော၊ သဒ္ဒါနှင့် အရေးအသား (၄နှစ်မှ၁၅နှစ်) (၁၆နှစ်မှအထက်) (English For Speaking, Listening, Reading & Grammar)+ (Essay, Letter & Story Writing)
- Foundation Course For IELTS
- Starters, Movers & Flyers, KET, PET & FCE - Cambridge ESOL (UK) မှ အောင်လက်မှတ်များရရှိရန်စီစဉ်ပေးခြင်း

(5%) OFF

Junction Mawtin
☎ 09-5079896, 5005219, 09 799676100

## အများသိစေရန် ကြေငြာချက်

# SGH CAR TRADING

အိမ်စီးကား၊ Taxi ကား၊ လိုင်စင်ကား၊ စရိုးစည်တင်ကား၊ မြေထဲယာဉ်ကားများကို လက်ငင်း / အရစ်ကျစနစ်ဖြင့် အထူးသက်သာ ဈေးဖြင့် ရောင်းချပေးနေပါသည်။



အမှတ်(၄၃၂)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၅၃၀)၊ မာလာမြိုင်လမ်းသွယ်၊ လှည်းတန်း (AGD ဘဏ်အနီး)၊ ကမာရွတ်မြို့နယ်။
ဆက်သွယ်ရန်ဖုန်း 01-220502, 01-503439, 09-785030336, 09-784551277, 09-965030336

## လုံခြုံစိတ်ချမှု အပြည့်အဝရှိပြီး အရည်အသွေးမြင့်သော လျှပ်စစ်ပစ္စည်းများ

Panasonic

* မီးလုံး
* ဘဲရောကား
* အလုဆင်မီး
* လေစုပ်ပန်ကာ
* လျှပ်စစ်မီးကြိုး
* မီးအားမြှင့်စက်
* Stainless Steel Conduit Pipe (EMT)
* ISOLATOR



YANDAYAR TRADING CO.,LTD
အမှတ်- ၃၀ (စ)၊ တက္ကသိုလ်ရိပ်သာလမ်းမကြီး၊ ဗဟန်း၊
☎ ၀၁-၅၀၂၃၃၃၊ ၅၀၃၃၂၉၊ ၅၁၂၆၁၁


ဒပ်(ဗ်) - ဆံကေသာကို ၁၀ဆ
ပိုမိုသန်စွမ်းစေသည်
Dove
hairtherapy
DAMAGE SOLUTION
total damage treatment
conditioner
shampoo
total hair fall treatment
TRICHAZOLE
ပျက်စီးနေသော ဆံကေသာကို
ပြုပြင်ပေးမည့် No.1 ပညာရှင်
မြန်မာနိုင်ငံကို ရောက်ရှိနေပါပြီ။
Dove


11:30a.m,
Vietjet နဲ့အတူပျံသန်းလို့ အချိန်ကျပြီ။
မြန်မာကျပ်ငွေ
www.vietjetair.com
0
ကျပ်နဲ့
နွေရာသီကို VIETJET နဲ့အတူ ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းကြမယ်။
YANGON ✈ HO CHI MINH CITY
(from now until 9 Jun 2016)
3 ရက် 17- 19 မေလ 2016 စုနစ်
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
vietjetAir.com
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal
Tab "Booking"
AVIAREPS Myanmar
လက်မှတ်ဝယ်ယူနိုင်သည့် နေရာများ










ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၂/မြောက်)၊ မြေကွက်အမှတ် (၁၄၇/က) [illegible]





# ရန်ကုန်-ပဲခူး-ထောက်ကြန့် ဖိတ်ခေါ်စက်ဘီးစီးပြိုင်

**ရန်ကုန် မေ ၁၅**

ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ရန်ကုန်-ပဲခူး-ထောက်ကြန့် ဖိတ်ခေါ်အလွတ်တန်း တာဝေးစက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီခွဲက ပုလဲမြို့သစ် အမှတ်(၃)လမ်းမကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း တက်ရောက်၍ တာဝေးစက်ဘီးစီးပြိုင်ပွဲအား သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေး(၁) ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ GTM မန်နေဂျင်းဒါရိုက်တာနှင့် စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

တာဝေးစက်ဘီးပြိုင်ပွဲကို ပုလဲမြို့သစ်မှစတင်တာလွှတ်ပြီး အမှတ်(၃) လမ်းမကြီးအတိုင်းစီးကာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

# မြန်မာအမျိုးသမီးအသင်းနှင့်တရုတ်တိုင်ပေအသင်း ယနေ့ခြေစမ်းမည်

**ရန်ကုန် မေ ၁၅**

ဂျပန်နိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် မေ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် တရုတ်(တိုင်ပေ) လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ဂျပန်နိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံတွင် လေ့ကျင့်နေခြင်းဖြစ်ပြီး နည်းပြချုပ်သစ် ရော်ဂျာရိုင်နာ(နယ်သာလန်)အတွက် ပထမဆုံးနိုင်ငံတကာခြေစမ်းခရီးစဉ်လည်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခရီးစဉ် ပထမဆုံးခြေစမ်းပွဲအဖြစ် မေ ၁၁ ရက်က ဘာနာဂါဝါတက္ကသိုလ်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေကျခဲ့သည်။ ယခုကာလမှာ မြန်မာအမျိုးသမီးအသင်း၏ ပြင်ဆင်ဆဲကာလဖြစ်သောကြောင့် ခြေစွမ်းအမှန်ကို တွေ့မြင်နိုင်ရန် မလွယ်ကူသေးပေ။ မြန်မာအမျိုးသမီးကစားသမားများ၏ ကစားဟန်နှင့် နည်းပြ ရော်ဂျာ၏ ကစားကွက်၊ နည်းဗျူဟာတို့ အံဝင်ရန် လိုအပ်ပေသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တရုတ်(တိုင်ပေ)လက်ရွေးစင်အမျိုးသမီးအသင်းတို့မှာ ၂၀၁၅ ခုနှစ်က မန္တလေးမြို့၌ ကျင်းပခဲ့သည့် ရီယိုအိုလံပစ်ပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစမ်းပွဲတွင် နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့ဖူးပြီး မြန်မာအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(ဖိုးသော်ဇင်)**



ဂျပန်နိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာအမျိုးသမီးအသင်းအား ကာနာဂါဝါအသင်းနှင့် ပထမခြေစမ်းပွဲမကစားမီ တွေ့ရစဉ်။ (ဓာတ်ပုံ- ဘောလုံးအဖွဲ့ချုပ်)

